# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## ကောင်းမှုပြုလျှင် မြတ်၏

မကောင်းမှုကိုပြုလျှင် နောင်အခါတွင် ပူပန်ရသောကြောင့် မကောင်းမှုကို မပြုခြင်းသည် မြတ်၏။ ကောင်းမှုပြုလျှင် နောင်အခါတွင် မပူပန်ရ (ဝမ်းမြောက်ရ) သောကြောင့် ကောင်းမှုကိုပြုခြင်းသည် မြတ်၏။

(ဓမ္မပဒ-၃၁၄)


၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက် | ၂၀၁၆ ခုနှစ်၊ ဇူလိုင် ၁၅ ရက်၊ သောကြာနေ့ | အတွဲ (၅၅)၊ အမှတ် (၂၈၄)




# နိုင်ငံတော်သမ္မတ ဦးထင်ကျော် အင်ချွန်းအထူးစီးပွားရေးဇုန် လေ့လာ

**အင်ချွန်း ဇူလိုင် ၁၄**

မွန်ဂိုလီးယားနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် (၁၁)ကြိမ်မြောက် အာရှ-ဥရောပ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်မည့် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ကိုရီးယားသမ္မတနိုင်ငံ၏ စီးပွားရေးအချက်အချာကျသော အင်ချွန်းအထူးစီးပွားရေးဇုန်ကို ယနေ့နံနက်ပိုင်းတွင် ဝင်ရောက်လေ့လာသည်။

နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် အင်ချွန်းအထူးစီးပွားရေးဇုန်ရှိ ဆုံးဒိုအပြည်ပြည်ဆိုင်ရာ စီးပွားရေးမြို့တော် ၃၃ ထပ်မြင့် ဆုံးဒို ဂျီတာဝါ (G-Tower) ကို ကြည့်ရှုလေ့လာသည်။

အမြင့်ပေ ၄၉၀ ရှိ ဆုံးဒို ဂျီတာဝါ (G-Tower)ကို ၂၀၁၀ ပြည့်နှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည်။ အဆိုပါ ဂျီတာဝါ၏ ၂၉ ထပ်တွင် ပန်းခြံငယ် တစ်ခုနှင့် ၃၃ ထပ်တွင် ဆုံးဒိုအပြည်ပြည်ဆိုင်ရာမြို့တော်၏ လွတ်လပ်သော စီးပွားရေးဇုန်တို့ကို ထည့်သွင်းတည်ဆောက်ထားပြီး တာဝါအပေါ်ဆုံးထပ်မှနေ၍ အင်ချွန်းတံတားနှင့် အင်ချွန်းအထူးစီးပွားရေးဇုန်အတွင်းရှိ ဆုံးဒိုမြို့သစ်တို့ကို ကြည့်ရှုနိုင်သည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❖

## အင်ချွန်း အထူးစီးပွားရေး ဇုန်အတွင်း ကြည့်ရှုလေ့လာ

**နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဆုံးဒို ဂျီတာဝါမှ အင်ချွန်းအထူးစီးပွားရေးဇုန်အတွင်းရှိ ဆုံးဒိုမြို့သစ်အား ကြည့်ရှုလေ့လာစဉ်**

ဓာတ်ပုံ-ဇေသူရ(သတင်းစဉ်)



## သဘာဝဘေးဟူသည် ရှောင်လွှဲ၍မရနိုင်သော်လည်း အကောင်းဆုံးဖြစ်အောင် ရင်ဆိုင်ကျော်လွှားရမည်

## ရခိုင်ပြည်နယ်အတွင်း စက်မှုဇုန်များ၊ အထူးစီးပွားရေးဇုန်များပေါ်ထွက်လာစေရန် စီမံဆောင်ရွက်လျက်ရှိ

စာမျက်နှာ-၅


KBZ BANK

STRENGTH OF MYANMAR

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

# ပြည်သူ့အသံ နားထောင်ဆွေးနွေးခြင်း

ပြည်သူ့အသံ နားထောင်ဆွေးနွေးပွဲများ အမြို့မြို့အနယ်နယ်မှာ ကျင်းပနေကြသည်။ ပြည်သူများအတွက် ကျန်းမာရေးကဏ္ဍမှ ဆောင်ရွက်ပေးနေမှုများအပေါ် ပြည်သူများ၏ တုံ့ပြန်လာသောအသံများကို သက်ဆိုင်ရာဌာနဖြစ်သည့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက နားထောင်ခြင်းဖြစ်သည်။

ယင်းကဲ့သို့ နားထောင်ခြင်းဖြင့် မိမိတို့၏ ဆောင်ရွက်ချက်များ ထိရောက်မှန်ကန်မှုရှိ မရှိ၊ လိုအပ်ချက်များ ရှိ မရှိ သိလာရမည်။ မည်သည့်အချက်များကို ဆက်လက်လုပ်ဆောင်သွားရမည်ဖြစ်ပြီး မည်သည့်အချက်များကို ပြုပြင်ရမည်၊ မည်သည့်အချက်များကို ဖြည့်ဆည်းပေးရမည်တို့ကိုလည်း သိလာရမည်ဖြစ်သည်။ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူတို့ တိုက်ရိုက်ထိတွေ့ခြင်းအားဖြင့် နားလည်မှု၊ ရင်းနှီးမှုတို့ ပိုမိုရရှိလာမည်။ ပြည်သူ့ဝန်ထမ်းများ၏ ဆောင်ရွက်ချက်များအပေါ် ပြည်သူများ၏ အမြင်ကြည်လင်မှုနှင့် ယုံကြည်မှုတို့ ပိုမို၍ ရရှိလာမည်ဖြစ်သည်။

ကျန်းမာရေးကဏ္ဍအနေဖြင့် ဆေးရုံ၊ ဆေးခန်းအဆောက်အအုံများ တိုးချဲ့ဆောက်လုပ်ပေးရေး၊ အဆင့်မြှင့်တင်ပေးရေး၊ ဆရာဝန်၊ သူနာပြုများ၊ ဝန်ထမ်းများ ဖြည့်ဆည်းပေးရေး၊ ဆေးနှင့် ဆေးပစ္စည်းကိရိယာများ ဖြည့်ဆည်းပေးရေး၊ ကူးစက်ရောဂါများ ကာကွယ်ရေး၊ ကုသမှုနှင့်ဆိုင်သည့် ဝန်ဆောင်မှုများကောင်းမွန်ရေး စသည်တို့မှာ ပြည်သူတို့၏အသံများကို စုစည်းလိုက်ခြင်းအားဖြင့် ထွက်ပေါ်လာနိုင်သည့် လိုအပ်ချက်များ၊ တစ်နည်းအားဖြင့် ပြည်သူတို့၏ဆန္ဒများ ဖြစ်နိုင်ဖွယ်ရှိသည်။ အဆိုပါလိုအပ်ချက်များအနေဖြင့် အချို့ကို လက်ငင်းဖြေရှင်းပေးခြင်း၊ အချို့ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဆင့်မှ ဆောင်ရွက်ပေးခြင်း၊ အချို့ကို ပြည်ထောင်စုအဆင့်မှ ဆောင်ရွက်ပေးခြင်း စသည်တို့အားဖြင့် ပြည်သူတို့၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည် ဖြစ်သည်။ ဤသည်မှာ ပြည်သူများနှင့် တိုက်ရိုက်တွေ့ဆုံကာ ပြည်သူတို့၏အသံကို နားထောင်ခြင်းမှရရှိလာမည့် အကျိုးရလဒ်ပင်ဖြစ်သည်။

စင်စစ်အားဖြင့် ကျန်းမာရေးကဏ္ဍမှာသာမက အခြားကဏ္ဍများတွင်လည်း ဆိုင်ရာဆိုင်ရာတို့က ယခုလိုပင် ဒေသအသီးသီးသို့ အရောက်သွား၍ ပြည်သူများနှင့် ထိတွေ့ကာ စစ်မှန်သော ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒတို့ကို ရယူဖို့ ကြိုးပမ်းသင့်သည်ဟု ဆိုချင်ပါသည်။ ပြည်သူများ၏ မျှော်လင့်ချက်များနှင့် လိုအင်ဆန္ဒများမှာ အလွန်တရာ မြင့်မားများပြားလှသည့်အလျောက် ကဏ္ဍအလိုက် လိုအပ်ချက်များကို ပြည်သူများထံမှ တိုက်ရိုက်နားထောင်ခြင်း၊ စုစည်းခြင်း စသည်အားဖြင့် ကဏ္ဍအလိုက် ဖြည့်ဆည်းလုပ်ဆောင်ပေးရန် လိုအပ်ချက်များကို ထင်ထင်ရှားရှားသိလာရမည်ဖြစ်သည်။ အမှန်တကယ် လုပ်ဆောင်ပေးရမည့် လုပ်ငန်းတာဝန်များကို မှန်မှန်ကန်ကန် သိမြင်ခြင်းအားဖြင့် မှန်ကန်သောမူဝါဒများကို ချမှတ်နိုင်မည်ဖြစ်သည်။

နိုင်ငံ၏ အဆင့်တွင် မူဝါဒချမှတ်ခြင်းသည် အမြင့်မားဆုံးသောဆုံးဖြတ်ချက်ကို ပြုလုပ်ခြင်းဖြစ်သည့်အလျောက် ထိုအဆုံးအဖြတ်မှာ မှန်ကန်ဖို့လိုအပ်လှသည်။ မူဝါဒဆုံးဖြတ်မှုဆိုင်ရာ လုပ်ငန်းစဉ်တွင် ပြည်သူတို့၏ အမြင်သဘောထားများ၊ အယူအဆများ ပေါင်းစပ်ပါဝင်မှုအားကောင်းသည်နှင့်အမျှ အဆိုပါ မူဝါဒတစ်ရပ်သည် အများကလက်ခံသည့် မူဝါဒ၊ အများက စိတ်ပါလက်ပါ အကောင်အထည်ဖော်နိုင်သည့် မူဝါဒဖြစ်လာနိုင်မည် ဖြစ်သည်။

ပြည်သူ့အသံများ နားထောင်ဆွေးနွေးခြင်းသည် မူဝါဒ ဆုံးဖြတ်မှုလုပ်ငန်းစဉ်အဆင့်ဆင့်တွင် အခြေခံအကျဆုံး၊ အလိုအပ်ဆုံး လုပ်ငန်းတစ်ရပ်ဖြစ်သည့်အလျောက် ကျန်းမာရေးကဏ္ဍတွင်သာမက အခြားသောအများပြည်သူဆိုင်ရာ ကဏ္ဍအသီးသီးတို့တွင်လည်း အလေ့အထကောင်းတစ်ရပ်အဖြစ် ခံယူကျင့်သုံးသွားကြရန် လိုအပ်သည်ဟု ထင်မြင်ယူဆအပ်ပါကြောင်း။ ။



# ကလေးတက္ကသိုလ်တွင် အာဇာနည်နေ့ အကြိုဟောပြော

ကလေး ဇူလိုင် ၁၄

ကလေးတက္ကသိုလ်တွင် (၆၉)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အကြိုဟောပြောပွဲကို ဇူလိုင် ၁၂ ရက်က ကလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ ဆရာ ဆရာမများ၊ စီမံအရာရှိများနှင့် တက္ကသိုလ် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၉၅၀ ခန့် တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားတွင် ပါမောက္ခချုပ် ဒေါက်တာသန်းဝင်းက အမှာစကားပြောကြားပြီးနောက် သမိုင်းဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာတင်မောင်ထွေးက အာဇာနည်နေ့ပေါ်ပေါက်လာပုံခေါင်းစဉ်ဖြင့် ဟောပြောပြီး အရှေ့တိုင်းပညာဌာနမှ လက်ထောက်ကထိက ဒေါက်တာလှဥမ္မာထွန်းက အာဇာနည်ခေါင်းဆောင်ကြီးများ၏ အတ္ထုပ္ပတ္တိအကျဉ်းခေါင်းစဉ်ဖြင့် အသီးသီးဟောပြောကြကာ ဟောပြောသူ ဆရာ ဆရာမ နှစ်ဦးတို့အား ပါမောက္ခချုပ်က ဂုဏ်ပြုလွှာများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

ချင်းတွင်းသား

ထင် သာ မြင် သာ ပြု ပြင် စ ရာ

## လျှပ်စစ်မီးတိုင်များ ပြုပြင်ပေးရန်လိုအပ်နေ

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ညောင်လေးပင်မြို့ မြို့မ ၅ ရပ်ကွက် စံပြ ၁ လမ်းနှင့် ခင်တန်းကျောင်းလမ်းဆုံရာတွင် တည်ရှိသော ဓာတ်တိုင်မှာ လမ်းဘက်သို့ယိုင်ကျကာ မီးတိုင်မှဆွဲယူထားသော ဝိုင်ယာကြိုးများမှာ ရှုပ်ထွေးပြီး အိကျနေကာ လက်ဖြင့် လှမ်းပုတ်၍မီနိုင်သောအနေထားတွင်ရှိနေခြင်း၊ မီးတိုင်များမှာလည်း သစ်သားတိုင်များဖြစ်၍ ဆွေးမြည့်နေပြီး အချို့မီးတိုင် များမှာ ကျိုးကျလုအခြေအနေတွင်ရှိနေခြင်းတို့ကြောင့် ရပ်ကွက်နေ ပြည်သူများနှင့် လမ်းသွားလမ်းလာများအတွက် လျှပ်စစ်အန္တရာယ်စိုးရိမ်ရပါသဖြင့် အမြန်ပြုပြင် ပေးရန်လိုအပ်နေကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)



# သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် ဓမ္မစကြာအခါတော်နေ့အခမ်းအနားကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၄

ဆဋ္ဌသင်္ဂါယနာသာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့က ကြီးမှူး၍ ၁၃၇၈ ခုနှစ် ဝါဆိုလပြည့်ဓမ္မစကြာအခါတော်နေ့ အခမ်းအနားကို ဇူလိုင် ၁၉ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် စေတီတော်ပရိဝုဏ် အာရုံခံတန်ဆောင်းအပေါ်ထပ်၌ ကျင်းပမည်ဖြစ်သည်။

မွန်းလွဲ ၂ နာရီတွင် ဂေါပကအဖွဲ့မှ ဦးဆောင်ကာ ဝတ်အသင်း ၂၀ သင်းမှ အသင်းသား အသင်းသူများ၊ ဘုရားဖူးလာ ပြည်သူများက သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ပြီး ဗုဒ္ဓရုပ်ပွားတော် ခုနစ်ဆူ၌ ဝါဆိုသင်္ကန်းတော်များကို ဆက်ကပ် လှူဒါန်းကြမည်ဖြစ်ကြောင်း သိရသည်။

ကိုချစ်

# ထူးကဲဒီရေတက်မည့်အကြောင်း သတိပေးချက်ထုတ်ပြန်

ရန်ကုန် ဇူလိုင် ၁၄

ဇူလိုင် ၂၀ ရက်မှ ဇူလိုင် ၂၄ ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၄၀ ပေခန့်မှ ၂၀ ဒသမ ၈၀ ပေခန့်အထိ ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း၊ ယခင် ၂၀၁၄-၂၀၁၅ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၂ ပေခန့်ထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း၊ အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ကျော်လွန်သဖြင့်သာ သတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က သတိပေးအကြောင်းကြားထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

# စာအုပ်စာပေ လူ့မိတ်ဆွေ

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၄-၇-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၄၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၄၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၅၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၄၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၅၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၈၀ / ၆၀၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၇၆·၀ |
| ဥရောပ | တစ်ယူရို | ၁၃၀၅·၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၇၃·၂၈ |
| ထိုင်း | တစ်ဘတ် | ၃၃·၄၁၉ |
| အိန္ဒိယ | တစ်ရူပီး | ၁၇·၅၄၉ |
| တရုတ် | တစ်ယွမ် | ၁၇၅·၈၈ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၆·၂၂ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# တစ်ဦးနှင့် တစ်ဦး ညီညီညွတ်ညွတ် လုပ်ကြဖို့တော့လိုတယ်

လွတ်လပ်ပြီးတဲ့ ဗမာပြည်မှာ တစ်ဦးနှင့် တစ်ဦး ညီညီညွတ်ညွတ် လုပ်ကြဖို့တော့ လိုတယ်။ ဒီလိုမှမဟုတ်ရင် လွတ်လပ်တဲ့ ဗမာပြည်ဟာ လွတ်လပ်ရေးအရသာကို ကျပ်ပြည့်တင်းပြည့် ခံစားရမှာမဟုတ်ဘူး။

(၁၉၄၇ ခုနှစ် မတ်လအတွင်း ရေဒီယိုမှ ထုတ်လွှင့်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)



# အာဇာနည်ခေါင်းဆောင်ကြီး ဦးရာဇတ်၏သားပြောပြသည့် အာဇာနည်နေ့နှင့် မိသားစုအကြောင်း

**သတင်းဆောင်းပါး-ဇော်ကြီး(ပဏ္ဍိတ)**

**မင်းသစ်(သတင်းစဉ်)၊ဓာတ်ပုံ-ဇော်မင်းလတ်**

"အဖေက သူ့ရဲ့ကျောင်းသားတွေကို စစ်ပညာတတ်စေချင်တယ်။ စစ်ပညာတတ်မှ တိုင်းပြည်ကို ကာကွယ်နိုင်မယ်ဆိုပြီး ခံယူထားတယ်။ ပြည်သူတွေ ဇာတိသွေး၊ ဇာတိမာန်ပိုမိုတက်ကြွအောင် သူက ရဲဗိုလ်ချုပ်ဝတ်စုံဝတ်ပြီး ကျောင်းသား ကျောင်းသူတွေ ပါဝင်တဲ့ ဘင်ခရာအဖွဲ့နဲ့အတူ အဖိတ်၊ ဥပုသ်နေ့တွေမှာ မန္တလေးမြို့ကို လှည့်ပြလေ့ရှိတယ်"ဟု အာဇာနည်ခေါင်းဆောင်ကြီး ဦးရာဇတ်၏ အကြီးဆုံးသားဖြစ်သူ ဦးတင်မြင့်က ပြောသည်။

အာဇာနည်ခေါင်းဆောင်ကြီး ဦးရာဇတ်သည် မြန်မာ့လွတ်လပ်ရေးရရှိရန် ကြိုးစားအားထုတ်ခဲ့ရုံသာမက မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေသည့် အမျိုးသားကျောင်းများ ပေါ်ထွန်းလာစေရန်နှင့် ပညာရေး၊ စစ်ရေး၊ နိုင်ငံရေးအသိအမြင် နိုးကြားလာစေရန် မျိုးစေ့ချပေးခဲ့သည့်အပြင် ပါဠိဘာသာထွန်းကားပြန့်ပွားရေးအတွက်လည်း ဆောင်ရွက်ခဲ့ရာ မင်းကွန်းကျောင်းတိုက်၌ ကိုရင်လေးများကို ပါဠိဘာသာသင်ကြားပေးခဲ့သည်။ ထို့အပြင် ၎င်းသင်ကြားပေးသည့် မန္တလေး ဗဟိုအမျိုးသား အထက်တန်းကျောင်းတွင် ကိုရင်လေးများအတွက် အတန်းတစ်တန်း ဖွင့်လှစ်၍ အင်္ဂလိပ်စာကို သင်ကြားပေးခဲ့ကြောင်းလည်း သိရသည်။

"အဖေက သူ့ကျောင်းက ကျောင်းသား ကျောင်းသူတွေကို ကျောင်းတက်တဲ့ အချိန်မှာ ဗုဒ္ဓဘာသာဓလေ့ထုံးစံနဲ့အညီ ဘုရားရှိခိုးတာကို လုပ်ဆောင်စေတယ်။ မလုပ်တဲ့ကလေးတွေကို ဆုံးမတယ်။ နောက်ပြီး ကျောင်းသားတွေကိုလည်း အင်္ဂလိပ်လက်ဝှေ့ပညာကို တတ်မြောက်အောင် ပညာရှင်တွေခေါ်ပြီး သင်ကြားပေးတာမျိုးတွေလုပ်ခဲ့တယ်။ ဒါ့အပြင် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးအတွက်လည်း သင်ကြားပေးခဲ့ပါတယ်"ဟု ဦးတင်မြင့်က ဆိုသည်။

အာဇာနည်ခေါင်းဆောင်ကြီး ဦးရာဇတ်သည် ၁၉၁၂ ခုနှစ်တွင် မန္တလေးမြို့ ဝက်စလီယောကျ်ားလေးကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင်ခဲ့သည်။ တက္ကသိုလ်ကျောင်းသားဘဝတွင် တက္ကသိုလ်သပိတ်ကြီး၌ ပါဝင်ခဲ့သည်။ ၁၉၂၀ ခုနှစ်တွင် မန္တလေး ဗဟိုအမျိုးသားအထက်တန်းကျောင်းကြီးကို ဖွင့်လှစ်ခဲ့သည်။

၁၉၂၂ ခုနှစ်တွင် အမျိုးသားပညာရေးအဖွဲ့ကြီး၏ ဘီအေစာမေးပွဲကြီးကို အောင်ခဲ့၍ အေ၊ ရာဇတ်-ဘီအေ (နေရှင်နယ်)အမည်ခံခဲ့သည်။ ထို့နောက် မန္တလေး ဗဟိုအမျိုးသားကျောင်းအုပ်ကြီးအဖြစ် ဆောင်ရွက်စဉ် ရဲညွန့်တပ် ဖွဲ့စည်းပြီး ကျောင်းသားလူငယ်များကို စစ်ပညာသင်ကြားပေးခဲ့သည်။

၁၉၂၂ ခုနှစ်မှ ၁၉၄၁ ခုနှစ်တိုင် ဗဟိုအမျိုးသားအထက်တန်းကျောင်းတွင် ဆရာအဖြစ်ဆောင်ရွက်ခဲ့ပြီး ၁၉၃၈ ခုနှစ်တွင် ဒေါ်ခင်ခင်နှင့် လက်ထပ်သည်။

ဆရာကြီးဦးရာဇတ်သည် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် အစိုးရအဖွဲ့တွင် ပညာရေးနှင့် အမျိုးသားစီမံကိန်းဝန်ကြီးအဖြစ် တာဝန်ယူဆောင်ရွက်နေစဉ် ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းတို့နှင့်အတူ ကျဆုံးခဲ့ရရှာသည်။ ၎င်းကွယ်လွန်ချိန်တွင် ဇနီးဖြစ်သူ ဒေါ်ခင်ခင်နှင့်အတူ သားနှစ်ဦး၊ သမီးတစ်ဦး ကျန်ခဲ့သည်။

"မန္တလေးမြို့ကနေ ရန်ကုန်ကိုပြောင်းလာပြီး တစ်နှစ်ခွဲလောက်အကြာ ကျွန်တော် ခြောက်နှစ်ကျော်အရွယ်မှာ အဖေဆုံးသွားတယ်။ အာဇာနည်ခေါင်းဆောင်ကြီးတွေ ကျဆုံးသွားတဲ့နောက် အင်္ဂလိပ်အစိုးရက ဖဆပလအဖွဲ့ကတစ်ဆင့် ခေါင်းဆောင်ကြီး တစ်ဦးစီအတွက် နစ်နာကြေးငွေကျပ်တစ်သိန်းစီ ပေးပါတယ်။ အဲဒီငွေတွေကိုတော့ ဘဏ္ဍာရေးဝန်ကြီးအဖြစ် တာဝန်ယူထမ်းဆောင်ခဲ့တဲ့ မြန်မာ့အလင်း ဦးတင်က



အာဇာနည်ခေါင်းဆောင် ဦးရာဇတ်

ထိန်းသိမ်းထားပေးပြီး သူကနေတစ်ဆင့် ပြန်လည်ထုတ်ပေးပါတယ်။ ဖဆပလအဖွဲ့ကလည်း ရန်ကုန်မှာ အိမ်မရှိသေးတဲ့ ခေါင်းဆောင်ကြီးတွေရဲ့ မိသားစုနေထိုင်နိုင်ဖို့ အိမ်၊ ဒါမှမဟုတ် မြေနေရာရှာပေးပါတယ်။ ရှာပေးတယ်ဆိုတာ အလကားပေးတာမဟုတ်ဘူး။ မြေနေရာကို ခေါင်းဆောင်ကြီးတွေရဲ့ ဇနီးတွေက တန်ရာတန်ကြေးပေးပြီး ဝယ်ရတာပါ"ဟု အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးပြီးနောက် အခြေအနေများနှင့်ပတ်သက်၍ ဦးတင်မြင့်က ပြောသည်။

အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးပြီးနောက် အစိုးရအနေဖြင့် မိသားစုဝင်များ စားဝတ်နေရေးအဆင်ပြေစေရန် သွင်းကုန်၊ ထုတ်ကုန်လုပ်ငန်းများ ချပေးခြင်း၊ BOC ရေနံကုမ္ပဏီကလည်း မိသားစုများ သက်သာချောင်ချိစေရန် ဓာတ်ဆီအရောင်းဆိုင်တစ်ဆိုင်စီ ဖွင့်လှစ်ပေးခဲ့ကြောင်းလည်း သိရသည်။

"နောက်ပိုင်းမှာတော့ ပြည်သူပိုင်သိမ်းတဲ့ခေတ်မှာ ကုမ္ပဏီတွေ၊ ဓာတ်ဆီဆိုင်တွေ အားလုံးပါကုန်တယ်။ ဒါပေမယ့် ဗိုလ်ချုပ်နေဝင်းက မနစ်နာစေရအောင် သီးသန့်အစီအစဉ်တစ်ခုအနေနဲ့ အထူးပင်စင်တစ်လတစ်ထောင်ယူပြီး အေးအေးဆေးဆေး နေကြပါဆိုပြီး ခေါင်းဆောင်ကြီးတွေရဲ့ဇနီးတွေအတွက် အထူးသီးသန့် ပင်စင်ပေးခဲ့ပါတယ်။ အဲဒီပင်စင်ကလည်း အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ဇနီးတွေ သက်ရှိထင်ရှားရှိတဲ့အချိန်ထိပဲ ခံစားခွင့်ပြုခဲ့တာပါ။ သားသမီးတွေဆက်လက်ခံစားခွင့်မရှိပါဘူး"ဟု ၎င်းတို့မိသားစု နောက်ပိုင်းကြုံတွေ့ခဲ့ရမှုကို ဦးတင်မြင့်က ပြောသည်။

ခေတ်အဆက်ဆက် အာဇာနည်နေ့အခမ်းအနားကျင်းပမှုနှင့်ပတ်သက်၍ ၎င်းက "သမ္မတ မန်းဝင်းမောင်လက်ထက်မှာတော့ အာဇာနည်နေ့ကို ကိုယ်တိုင်တက်ရောက်ပြီး ခေါင်းဆောင်ကြီးတွေရဲ့ မိသားစုတွေနဲ့အတူ အာဇာနည်ကုန်းမှာ လွှမ်းသူ့ပန်းခွေချတယ်။ မေတ္တာပို့အမျှဝေဖို့ နှစ်မိနစ်ငြိမ်သက်တယ်။ ပြီးတော့မှ အာဇာနည်မိသားစုတွေကို လိုက်လံနှုတ်ဆက်ပါတယ်"ဟု ဆိုသည်။

ဗိုလ်ချုပ်နေဝင်းလက်ထက်မှစတင်၍ အာဇာနည်နေ့အခမ်းအနားကို စစ်အခမ်းအနား၊ စစ်ပုံစံဖြင့် ပန်းခွေချခြင်း၊ ကျဆုံးသွားသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်းများကို ပြုလုပ်ခဲ့သည်။ ထို့အပြင် ဗိုလ်ချုပ်အောင်ဆန်း အုတ်ဂူမှစတင်၍ ဝဲ၊ ယာ အစဉ်လိုက်ရှိနေသည့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ အုတ်ဂူများအား အစဉ်လိုက်ပန်းခွေချခြင်း၊ အလေးပြုခြင်းများကို ပြုလုပ်လေ့ရှိသည့်အပြင် ပန်းခွေချနေစဉ်အချိန်အတွင်း၌လည်း စစ်တီးဝိုင်းက စည်းချက်ကျကျ လွမ်းမောဖွယ်ရာ တီးမှုတ်နေခဲ့ကြကြောင်း သိရသည်။

"၁၉၈၃ ခုနှစ်မှာတော့ အာဇာနည်ဗိမာန်ဗုံးခွဲခံခဲ့ရတယ်။ အဲဒီနောက်ပိုင်းမှာတော့ နိုင်ငံတော်အကြီးအကဲတွေအနေနဲ့ တက်ရောက်မှုမရှိတော့ပါဘူး။ နောက်ပြီး ပန်းခွေချ အလေးပြုတော့လည်း အရင်တုန်းကလို အာဇာနည် မိသားစုဝင်တွေနဲ့အတူ မလုပ်တော့ဘူး။ အာဇာနည်ဗိမာန်ကလည်း အခုမြင်တွေ့ရတဲ့ပုံစံမျိုးဖြစ်သွားတယ်။ အာဇာနည်ကြီးတွေရဲ့ဂူဗိမာန်နေရာတွေ ပျောက်ကုန်တယ်။ ဗိုလ်ချုပ်က ဘယ်နေရာ၊ ဦးဘဝင်းက ဘယ်နေရာ အစရှိသဖြင့် မသိတော့ပါဘူး"ဟု ၎င်းက သူ၏ အတွေ့အကြုံကိုပြောသည်။

ဒီမိုကရေစီပြည်သူ့အစိုးရသစ်လက်ထက်တွင် ယခင်နှစ်များနှင့်မတူ အာဇာနည်ဗိမာန်အား အကြီးစားပြုပြင်မွမ်းမံခြင်းများ ပြုလုပ်နေသည့်အတွက် ၎င်းတို့မိသားစုအနေဖြင့် ဝမ်းသာကြည်နူးမှုများဖြစ်ပေါ်ရသည့်အပြင် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များနှင့် ပြည်သူများ မျှော်လင့်စောင့်စားခဲ့ရသော အာဇာနည်နေ့အခမ်းအနားမျိုးအဖြစ် ကျင်းပပေးရန် မျှော်လင့်နေကြောင်း အာဇာနည်ခေါင်းဆောင်ကြီး ဦးရာဇတ်၏မိသားစုဝင်များက ဆိုသည်။

အာဇာနည်ခေါင်းဆောင်ကြီး ဦးရာဇတ်၏ဇနီး ဒေါ်ခင်ခင်သည် ၁၉၈၁ ခုနှစ်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားခဲ့ကြောင်း သိရသည်။ အကြီးဆုံးသားဖြစ်သူ ဦးတင်မြင့်



**အာဇာနည်ခေါင်းဆောင် ဦးရာဇတ်၏အကြီးဆုံးသား ဦးတင်မြင့်နှင့် အငယ်ဆုံးသား ဦးလှကြည်။**

သည် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံကမ်းလွန်ဌာနတွင် ဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး ယခုအခါ ၎င်း၏မိသားစုနှင့်အတူ ရန်ကုန်မြို့မရမ်းကုန်းမြို့နယ် (၅)ရပ်ကွက်၊ မောရဝတီလမ်း၊ အိမ်အမှတ်(၁၃၅/အက်ဖ်)တွင် နေထိုင်လျက်ရှိသည်။ ထို့အတူ ၎င်း၏ ညီဖြစ်သူ ဦးလှကြည်မှာ သတ္တုတွင်းဝန်ကြီးဌာနတွင် ဘူမိဗေဒအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး ညီမဖြစ်သူ ဒေါ်ခင်ခင်စိန်မှာ ပြည်ပတွင် နေထိုင်လျက်ရှိကြောင်း သိရသည်။

# ကျွန်းစုမြို့ဆိပ်ကမ်းတွင် လွတ်လပ်ရေးယာယီကျောက်တိုင်သတ်မှတ်ကာ အာဇာနည်နေ့အခမ်းအနား ကျင်းပမည်

**ကျွန်းစု ဇူလိုင် ၁၄**

ကျွန်းစုမြို့နယ်၌ ဇူလိုင် ၁၉ ရက်တွင်ကျရောက်မည့် (၆၉)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် အများပြည်သူများ နိုင်ငံတော်လွတ်လပ်ရေးကို အသက်နှင့်ရင်းကာ ကြိုးပမ်းခဲ့ကြသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကို လွမ်းသူ့ပန်းခွေများချ၍ အလေးပြုနိုင်ရန်အတွက် ကျွန်းစုမြို့ ကမ်းနားလမ်း တိုက်ဂံအဝိုင်း စည်ပင်သာယာပန်းခြံ အသေးနေရာတွင် ယာယီကျောက်တိုင်စိုက်ထူကာ အာဇာနည်နေ့အခမ်းအနားကို ပြုလုပ်သွားမည်ဖြစ်ကြောင်း ဇူလိုင် ၁၄ ရက် နံနက် ၁၁ နာရီက အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ကျင်းပသည့် အာဇာနည်နေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး အစည်းအဝေးတွင် အတည်ပြုသတ်မှတ်ခဲ့ကြသည်။

အဆိုပါအစည်းအဝေးတွင် (၆၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဌာနဆိုင်ရာများအား ကော်မတီများဖွဲ့စည်းကာ ဇူလိုင် ၁၉ ရက်တွင် အများပြည်သူများ၊ အသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကို လွမ်းသူ့ပန်းခွေများချကာ အလေးပြုနိုင်ရန် ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး အသိပေးသွားကြရန် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်သိန်းမောင်က ပြောကြားခဲ့ပြီး ယာယီလွတ်လပ်ရေးကျောက်တိုင် စိုက်ထူမည့်နေရာအား ကွင်းဆင်းကြည့်ရှုသတ်မှတ်ခဲ့ကြသည်။

ကျွန်းစုမြို့နယ်အနေဖြင့် လွတ်လပ်ရေးကျောက်တိုင် မရှိသည့်အတွက် ထင်သာမြင်သာရှိသော ကျွန်းစုမြို့ ဆိပ်ကမ်းတွင် လွတ်လပ်ရေးကျောက်တိုင်အား ယာယီကျောက်တိုင်အဖြစ် စိုက်ထူကာ (၆၉)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အခမ်းအနားကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



**ယူစီးတီးစင်တာအတွင်းရှိ ထိန်းချုပ်ခန်းအား တွေ့ရစဉ်** ဓာတ်ပုံ-ဇေသူရ(သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးထင်ကျော် အင်ချွန်းကမ်းတက်စစ်ဆင်ရေးအား အမေရိကန်ဗိုလ်ချုပ်ကြီး ဒေါက်ဂလပ်မက်အာသာ ကွပ်ကဲနေမှုပုံစံငယ်အား ကြည့်ရှုလေ့လာစဉ်**
ဓာတ်ပုံ-ဇေသူရ(သတင်းစဉ်)


❖ *ရှေ့ဖုံးမှ*

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဆုံးဒို ဂျီတာဝါအတွင်းရှိ ကမ္ဘာပေါ်၏ အကြီးဆုံး မြို့ပြပေါင်းစပ်မှုစင်တာတစ်ခုဖြစ်သည့် ယူစီးတီးစင်တာသို့ ရောက်ရှိရာ တာဝန်ရှိသူများက ဆုံးဒိုစီးပွားရေးမြို့တော်နှင့် စီးတီးစင်တာ တည်ဆောက်ရခြင်းကို ရှင်းလင်းပြောကြားသည်။

ဆုံးဒိုအပြည်ပြည်ဆိုင်ရာစီးပွားရေးမြို့တော်ကို ကိုရီးယားသမ္မတနိုင်ငံ၏ လူဦးရေ ထူထပ်သော မြို့များထဲတွင် ပါဝင်သည့် အင်ချွန်းမြို့၏ မြေဧရိယာ ၂၀ မီလီယံ စတုရန်းပေပေါ်၌ အမေရိကန်ဒေါ်လာ ၃၅ ဘီလီယံ အကုန်အကျခံကာ ၂၀၀၅ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ဆုံးဒိုစီးပွားရေးမြို့တော်တို့ကို ဆက်သွယ်ပေးသည့် ကမ္ဘာ့သတ္တမမြောက် အရှည်ဆုံးအင်ချွန်းတံတားနှင့်အတူ ဖွင့်လှစ်နိုင်ခဲ့သည်။

ဆုံးဒိုစီးပွားရေးမြို့သည် ကိုရီးယားနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် မြို့ပြဒေသ ဖွံ့ဖြိုးတိုးတက်မှုတို့တွင် စံနမူနာထားသည့် မြို့တော်တစ်ခုဖြစ်ပြီး ကိုရီးယားနိုင်ငံနှင့် အာရှဒေသ၏ အဓိကမြို့များဖြစ်သော ရှန်ဟိုင်း၊ ဟောင်ကောင်နှင့် တိုကျိုမြို့တို့ကို အဓိက ဆက်သွယ်ပေးရာ မြို့တစ်မြို့လည်းဖြစ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် စင်တာအတွင်းရှိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများသာမက လူသားများနေထိုင်သက်မွေးမှုလုပ်ငန်းများတွင် ခေတ်မီနည်းပညာများဖြင့် ယာဉ်အသွားအလာ ထိန်းချုပ်မှုနည်းစနစ်များ၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအစီအမံများနှင့် လေထုညစ်ညမ်းမှု ထိန်းချုပ်ရေးအတွက်



**နိုင်ငံတော်သမ္မတ ဦးထင်ကျော် မွန်ဂိုလီးယားနိုင်ငံ အူလန်ဘာတာမြို့သို့ရောက်ရှိရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်**
ဓာတ်ပုံ-ဇေသူရ(သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးထင်ကျော် အင်ချွန်းကမ်းတက်စစ်ဆင်ရေးအတွင်း အသုံးပြုခဲ့သည့် ကမ်းတက်ယာဉ်အား ကြည့်ရှုလေ့လာစဉ်**
ဓာတ်ပုံ-ဇေသူရ(သတင်းစဉ်)

အကောင်အထည်ဖော် နေမှုများကို လှည့်လည်ကြည့်ရှုလေ့လာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် တောင်ကိုရီးယားနိုင်ငံအတွက် ၁၉၅၀ ပြည့်နှစ် စက်တင်ဘာ ၁၅ ရက်တွင် ရဲဝံ့ပြောင်မြောက်စွာဖြင့် ကမ်းတက်တိုက်ပွဲဝင်ခဲ့သည့် အမေရိကန် ဗိုလ်ချုပ်ကြီး ဒေါက်ဂလပ်မက်အာသာ ဦးဆောင်သော တပ်ဖွဲ့ဝင်များကို ဂုဏ်ပြုသည့် အင်ချွန်းကမ်းတက်စစ်ဆင်ရေး အမှတ်တရခန်းမ (Memorial Hall for Inchwon Landing Operation) အတွင်းရှိ ကိုရီးယားစစ်ပွဲကာလ သရုပ်ဖော်ပန်းချီကားများ၊ အင်ချွန်းတိုက်ပွဲ၌ နှစ်ဖက်ကိုရီးယားတပ်ဖွဲ့များ အသုံးပြုခဲ့သည့် လက်နက်စနစ်များ၊ ယူနီဖောင်းများ၊ ချပ်ဝတ်တန်ဆာများ ပါဝင်သော ဗီဒီယိုမှတ်တမ်းများကို ကြည့်ရှုလေ့လာသည်။

အင်ချွန်းကမ်းတက် စစ်ဆင်ရေးအမှတ်တရခန်းမကို ၁၉၈၄ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပြီး ကိုရီးယားစစ်ပွဲကာလအတွင်း တောင်ကိုရီးယားတပ်ဖွဲ့များဘက်မှ ဝင်ရောက်တိုက်ခိုက်ပေးသည့် နိုင်ငံပေါင်း ၁၆ နိုင်ငံ၏ အလံများကို လွှင့်ထူဂုဏ်ပြုထားသည့်အပြင် စစ်ပွဲကာလအတွင်း အသုံးပြုခဲ့သည့် တင့်ကားများနှင့် လက်နက်စနစ်များကို ပြသထားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် အဖွဲ့ဝင်များအား မြန်မာသံအမတ်ကြီး သူရဦးသက်ဦးမောင်က ဆုံးဒိုအထူးစီးပွားရေးမြို့တော်ရှိ ကိုရီးယား ရိုးရာစားသောက်ဆိုင်၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းခဲ့သည်။

မွန်းလွဲပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာလာရာ မွန်ဂိုလီးယားနိုင်ငံ အူလန်ဘာတာမြို့ ဂျင်ဂျစ်ခန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် ရောက်ရှိကြသည်။

**(သတင်းစဉ်)**

# သဘာဝဘေးဟူသည် ရှောင်လွှဲ၍မရနိုင်သော်လည်း အကောင်းဆုံးဖြစ်အောင် ရင်ဆိုင်ကျော်လွှားရမည်

# ရခိုင်ပြည်နယ်အတွင်း စက်မှုဇုန်များ၊ အထူးစီးပွားရေးဇုန်များ ပေါ်ထွက်လာစေရန် စီမံဆောင်ရွက်လျက်ရှိ



**နေပြည်တော် ဇူလိုင် ၁၄**

အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့ ညနေ ၅ နာရီခွဲတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပသည့် ရခိုင်ပြည်နယ် ရေဘေးသင့်ပြည်သူများအတွက် အလှူငွေပေးအပ်ပွဲသို့တက်ရောက်ပြီး ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ပြည်နယ်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

တွေ့ဆုံပွဲတွင် ဒုတိယသမ္မတက သဘာဝဘေးအန္တရာယ်ဟူသည် ရှောင်လွှဲ၍ မရနိုင်သော်လည်း အကောင်းဆုံးဖြစ်အောင် ရင်ဆိုင်ကျော်လွှားရမည်ဖြစ်ကြောင်း၊ ဘေးဒုက္ခ၊ အန္တရာယ်၊ အခက်အခဲများနှင့် တွေ့ကြုံရသည့်အချိန်တွင် အဓိကအချက်မှာ စိတ်ဓာတ်ခိုင်မာရေးပင်ဖြစ်ကြောင်း၊ ယခုဒေသသည် ရေဘေးနှင့် မုန်တိုင်းဘေးအန္တရာယ်များကို မကြာခဏ ကြုံတွေ့နေကျဖြစ်၍ အတွေ့အကြုံ ရင့်ကျက်နေကြပြီဖြစ်သကဲ့သို့ တွေ့ကြုံလာသမျှ အခက်အခဲများကို ကြံ့ကြံ့ခိုင်ရင်ဆိုင် ကျော်ဖြတ်လာခဲ့ကြသူများဖြစ်သည်ကိုလည်း သိရှိထားပြီးဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့်လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သဘာဝဘေးဖြစ်လျှင်ဖြစ်ချင်း သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ စုစည်းပြီး ရင်ဆိုင်ကြရစမြဲဖြစ်ကြောင်း၊ ပြည်နယ်အစိုးရအနေဖြင့်လည်း အမြန်ဆုံးလာရောက်၍ ပံ့ပိုးကူညီမှုများ ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ ယခု ပြည်ထောင်စုအဆင့်၊ နိုင်ငံတော်အဆင့် မိမိကိုယ်တိုင် လာရောက်၍ အားပေးခြင်းဖြစ်ကြောင်း၊ လိုအပ်သည်များကို အမြန်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် ရခိုင်ပြည်နယ်သည် ထူးခြားသော ပထဝီသဘောသဘာဝရှိသည့် အလျောက် ရှုပ်ထွေးသော နောက်ခံအခြေအနေများလည်းရှိကြောင်း၊ သို့သော် ရခိုင်ပြည်နယ်သည် ပင်လယ်ကမ်းရိုးတန်းနှင့် ထိစပ်နေပြီး စီးပွားရေးအခြေခံကောင်းများ တည်ရှိနေသောပြည်နယ်ဖြစ်ကြောင်း၊ ရေမြေအနေအထားအရ အခြေခံအဆောက်အအုံ ပြည့်စုံမှု နည်းပါးနေခဲ့ရသည်ကိုလည်း မိမိတို့ အလေးထားဆောင်ရွက်ပေးရန် ကြိုးစားလျက်ရှိကြောင်း၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားသော စီးပွားရေးအခွင့်အလမ်းများ မြင့်မားလာစေရန် ဆပ်ကော်မတီအသီးသီးက ပြည်နယ်အစိုးရနှင့် ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

လယ်ယာစိုက်ပျိုးရေးနှင့် ရေလုပ်ငန်းများ တိုးတက်မြင့်မားလာရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မကြာတော့သည့်အချိန်တွင် ရခိုင်ပြည်နယ်အတွင်း စက်မှုဇုန်များ၊ အထူးစီးပွားရေးဇုန်များ ပေါ်ထွက်လာစေရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးရေးအတွက် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့ ပူးပေါင်း၍ ဘက်စုံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်နယ်ရှိ ဒေသခံပြည်သူများအနေဖြင့် အလုပ်ကို ကြိုးစားပမ်းစားလုပ်ကိုင်ကြပြီး ပေါ်ထွန်းလာသည့် အခွင့်အလမ်းများကို အမိအရ ရယူဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း ဒုတိယသမ္မတက ဆက်လက်ပြောကြားသည်။

ဒုတိယသမ္မတက တစ်ဖက်တွင်လည်း စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကို ရည်မှန်း၍ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်နေပါကြောင်း၊ မကြာသေးမီကပင် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်၍ ဖွဲ့စည်းခဲ့ကြောင်း၊ ထိုစင်တာဆောင်ရွက်မည့် လုပ်ငန်းစဉ်များတွင် ရခိုင်ပြည်အရေးကိစ္စလည်း ပါဝင်နေကြောင်း၊ နိုင်ငံရေးပြဿနာများကို ငြိမ်းချမ်းစွာ ဆွေးနွေးညှိနှိုင်း အဖြေရှာနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံ၏ အနာဂတ်ကို မိမိတို့ပြည်သူများကပင် တည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ် အောင်မြင်ရေးမှာ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှု အဓိကကျကြောင်း၊ ပြည်သူလူထုကို ရှေးရှုသော အစိုးရဖြစ်ရေး မျှော်မှန်းဆောင်ရွက်နေကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မုန်တိုင်းမကျရောက်မီ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ပြည်နယ်အစိုးရနှင့် ပူးပေါင်းပြီး ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ဖွံ့ဖြိုးမှုနောက်ကျသည့် ရခိုင်ဒေသကို ဝန်ကြီးဌာနအသီးသီးပူးပေါင်းပြီးဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်မှာ တည်ငြိမ်အေးချမ်းရေးပင်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ဥက္ကဋ္ဌတာဝန်ယူပြီး ဆောင်ရွက်ပေးနေပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေချိန်တွင် ရခိုင်ပြည်သူများ ပါဝင်ရန်လိုအပ်ပါကြောင်း၊ ယခုလို သဘာဝဘေးကျရောက်ချိန်တွင် တပ်မတော်အနေဖြင့် ထောက်ပံ့ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သို့ဖြစ်၍ တပ်မတော်၏ အခန်းကဏ္ဍမှာလည်း အရေးကြီးပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးက ရေကြီးမှုဖြစ်ပွားလျက်ရှိသည့် နယ်မြေဒေသအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးက ၂၀၁၆ခုနှစ်အတွင်း ရခိုင်ပြည်နယ်၏ သဘာဝဘေးဖြစ်စဉ်များ၊ လတ်တလော ရေကြီးမှုဖြစ်ပွားလျက်ရှိသည့် ဒေသများမှ ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများ ထောက်ပံ့ပေးနေမှု၊ အစိုးရမဟုတ်သည့် အဖွဲ့များမှ ထောက်ပံ့ရေးပစ္စည်းများ ထောက်ပံ့ပေးနေမှု၊ ပျက်စီးဆုံးရှုံးမှုအခြေအနေ၊ ကျေးရွာများရေဝင်ရောက်မှု၊ လမ်းတံတားများပျက်စီးမှု၊ ပြန်လည်ထူထောင်ရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ရခိုင်ပြည်နယ်ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေကျပ်သိန်း ၃၆၀၊ ကျောက်ဖြူ ဘိုးဘွားရိပ်သာစကြံလမ်းအတွက် ငွေကျပ် ၂၇၃ ဒသမ ၆ သိန်း၊ ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်း Shelter ခြောက်လုံး ဆောက်လုပ်ရန်အတွက် ငွေကျပ်သိန်း ၆၀၀၀ ကို လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် သန်းထွဋ်က ပေါက်တောမြို့နယ် IDP စခန်းများတွင် သောက်သုံးရေရရှိရေးအတွက် ငွေကျပ် ၄၃၄ သိန်းကို လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ဆေးပစ္စည်းများကိုလည်းကောင်း တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဌာနဆိုင်ရာအကြီးအကဲများနှင့်တာဝန်ရှိသူများက ရေဘေးသင့် ဒေသများနှင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးမည့်အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များကြောင့် သဘာဝဘေးအန္တရာယ်များ ကျရောက်နိုင်သည့်အတွက် စီမံကိန်းများ ဆောင်ရွက်ရာတွင် ရေတိုရေရှည်ကြိုတင်မျှော်မှန်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဦးဆောင်ပြီး အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူ၊ အစိုးရ၊ လွှတ်တော်နှင့် တပ်မတော် ပူးပေါင်းဆောင်ရွက်ပါက အမြန်ဆုံး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ယခုတွေ့ဆုံပွဲမှ တင်ပြချက်များကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ဦးစားပေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**

---

✻ *ကျောဖုံးမှ*

နိုင်ငံတကာအသိုင်းအဝိုင်း၏ ယုံကြည်မှုရရှိရန်လိုအပ်ကြောင်း၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များအပေါ် ကြုံတွေ့လာရသည့် အခက်အခဲများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြ အကြံပြုကြစေလိုကြောင်းဖြင့် ပြောကြားသည်။ ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာနက ပထမအကြိမ် ဗဟိုကော်မတီအစည်းအဝေးဆုံးဖြတ်ချက် ၁၀ ချက်အပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ရဲအောင်က ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးရန် တင်ပြချက် စုစုပေါင်း ၁၄၂ ချက်ကို ဝန်ကြီးဌာနအလိုက် သက်ဆိုင်ရာကဏ္ဍများအား ဆောင်ရွက်နေမှု၊ ပြီးစီးမှုအခြေအနေများကို လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနက နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးအစီအစဉ်အလိုက် ဆက်လက်ဆောင်ရွက်ပေးမည့် လုပ်ငန်းအစီအမံများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ပြည်နယ်အတွင်း သဘာဝဘေးဒဏ်ခံဒေသများအား ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် ကဏ္ဍများ၊ NVC ကတ်ထုတ်ပေးမှု၊ အခက်အခဲများနှင့် လက်ရှိဖြစ်ပေါ်နေသည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေက NVC ကတ်ထုတ်ပေးရေးလုပ်ငန်း အပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အပြန်အလှန်ယုံကြည်မှုများရရှိအောင် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရန် လိုအပ်မှု၊ လုံခြုံရေးဆိုင်ရာများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက နိုင်ငံသားစိစစ်မှု ခံယူမည့်သူ၏ သက်သေခံကတ်ပြား စုစုပေါင်း ၁၉၁၉ ခု ထုတ်ပေးခဲ့မှု၊ ဆက်လက်ထုတ်ပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေပုံမြို့နှင့် တောင်ကုတ်မြို့များတွင် သဘာဝဘေးဒဏ်ကြုံတွေ့ပါက ယာယီအသုံးပြုနိုင်ရန် မုန်တိုင်းဒဏ်ခံ အဆောက်အအုံများ ဆောက်လုပ်ပေးထားမှု၊ ပြည်နယ်တွင်း မြို့နယ်အလိုက် မုန်တိုင်းဒဏ်ခံ အဆောက်အအုံများ ဆက်လက်ဆောက်လုပ်ပေးရန် စီစဉ်ဆောင်ရွက်ထားရှိမှု၊ ဒေသတွင်း ပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ နိုင်ငံတကာ အကူအညီများ လိုအပ်ချက်နှင့်အညီ ရရှိရေးဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာကြသူများက ကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို အပြန်အလှန်ဆွေးနွေးညှိနှိုင်းကြပြီး ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များကို သဘောတူဆုံးဖြတ်ကြသည်။

ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကတစ်ချိန်တည်း တစ်ပြိုင်တည်း အကောင်အထည်ဖော်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များတွင် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်နယ်အစိုးရ ချိတ်ဆက်ဆောင်ရွက်ရာတွင် နားလည်မှုရှိရှိ ပူးပေါင်းဆောင်ရွက်ရန် အရေးကြီးကြောင်း ယခုအစည်းအဝေးဆုံးဖြတ်ချက်များသည် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ရာတွင် တိုးတက်မှုများစွာရရှိမည်ဖြစ်သည့်အတွက် အားလုံးက တက်ညီလက်ညီဖြင့် အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်းတိုက်တွန်းပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အဆိုပါအစည်းအဝေးသို့ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# အပြန်အလှန်ယုံကြည်မှုမှ တည်ငြိမ်အေးချမ်းမှု၊ ထိုမှတစ်ဆင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်မည်

**အမေး၊ အရေး - မော်စီ၊ မင်းမင်းဇော်**
**ဓာတ်ပုံ - ကိုညီ**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်များဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စနစ်တကျ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရေးနှင့် အချိန်တိုအတွင်း သိသာထင်ရှားသည့် အောင်မြင်မှုများရရှိရေးအတွက် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဥက္ကဋ္ဌ၊ အဖွဲ့ဝင် ၂၂ ဦးဖြင့် ဖွဲ့စည်းပြီး ဗဟိုကော်မတီအောက်တွင်လည်း လုပ်ငန်းကော်မတီ လေးခုကို ထပ်မံဖွဲ့စည်းကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအဖွဲ့ဝင်များကို ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ မြန်မာ့သတင်းစဉ်မှ တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။


ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်
ပြည်ထောင်စုဝန်ကြီး


ဦးညီပု
ရခိုင်ပြည်နယ်ဝန်ကြီးချုပ်


ဦးသိန်းဆွေ
ပြည်ထောင်စုဝန်ကြီး

**ဦးညီပု**
**ရခိုင်ပြည်နယ်ဝန်ကြီးချုပ်**

**မေး ။ ။ ဝန်ကြီးချုပ်ခင်ဗျား ဒီနေ့ ဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဒုတိယအကြိမ်မြောက် ကျင်းပတယ်လို့ သိရပါတယ်၊ ဒီအစည်းအဝေးမှာ ဘယ်အကြောင်း အရာတွေကို အဓိကထား ဆွေးနွေးပြီးတော့ ဘယ်လိုဆုံးဖြတ်ချက်တွေရခဲ့ပါသလဲ။**

ဖြေ ။ ။ သဘောတူညီချက်တွေ တော်တော်များများ ရှိပါတယ်။ ဆုံးဖြတ်ချက်မှာ အထူးသဖြင့်တော့ ကျွန်တော်တို့ ရခိုင်ပြည်နယ် ဖွံ့ဖြိုးမှုနဲ့တိုးတက်မှု၊ အကောင်အထည်ဖော်ရေးကို အရှိန်အဟုန်မြှင့်ပြီးတော့ ဆောင်ရွက်သွားဖို့ပါ။ ကျွန်တော့်ဘက် အပိုင်းမှာတော့ ကျွန်တော်က တည်ငြိမ်မှုနဲ့ဖွံ့ဖြိုးရေးကို အဓိကထားပြီး ဆွေးနွေးပါတယ်။ ကျန်တဲ့ဗဟိုကော်မတီဝင်တွေကလည်း သူ့ကဏ္ဍအလိုက် ပြည်ထဲရေးတို့၊ နယ်စပ်ရေးရာတို့၊ လူဝင်မှုကြီးကြပ်ရေးတို့ သူ့ကဏ္ဍနဲ့သူတော့ အားလုံးပြည့်ပြည့်စုံစုံ ဆွေးနွေးကြပါတယ်။ လတ်တလောကတော့ ကျွန်တော်တို့ပြည်နယ်မှာ တည်ငြိမ်မှုရှိနေတယ်လို့ ပြောလို့ရပါတယ်။ ဒါတွေကို ကျွန်တော်တို့ဘက်က ဆွေးနွေးတယ်၊ နောက်တစ်ခုက ကျွန်တော်တို့ဒေသမှာ ဘယ်လိုအခြေခံအဆောက်အအုံတွေရှိတယ်။ ဘယ်လိုလုပ်ငန်းတွေကို အကောင်အထည်ဖော်သွားမယ်၊ ဘာတွေကို ပူးပေါင်းဆောင်ရွက်သွားရင် အောင်မြင်မှုတွေရနိုင်မယ်၊ အောင်မြင်လာတာနဲ့အမျှ ဖွံ့ဖြိုးမှုလည်းပဲ တစ်ပြိုင်နက် ဖြစ်လာမယ်ဆိုတဲ့ အကြောင်းအရာတွေကို ဆွေးနွေးဖြစ်ပါတယ်။

ဒီအပေါ်မှာ ဆွေးနွေးညှိနှိုင်းပြီးတော့ စောစောကပြောတဲ့ သဘောတူညီချက်တွေ ဆုံးဖြတ်ချက်တွေ ထွက်ပေါ်လာတာပါ။ သဘောတူညီချက်ကလည်း ဒီဒေသဖွံ့ဖြိုးရေးကိစ္စတွေကို ဆက်ပြီးတော့ အကောင်အထည်ဖော်သွားမယ်။ တစ်ဖက်ကလည်း နိုင်ငံသားကတ် နိုင်ငံသားဖြစ်ရေးကိစ္စတွေနဲ့ ပတ်သက်ပြီး ဆက်လက်စိစစ်တဲ့လုပ်ငန်းတွေကို ဆက်ပြီးဆောင်ရွက်သွားမယ်။ အဲ့ဒီအပေါ်မှာ ဒီဥပဒေနဲ့ ကိုက်ညီတဲ့ အနေအထားတွေ ရှိခဲ့ရင် ဒီအခွင့်အရေးတွေကို အပြည့်အဝ ပေးနိုင်အောင်၊ နိုင်ငံသားဖြစ်ခွင့် ရရှိအောင် လုပ်သွားဖို့ ဒါတွေဆုံးဖြတ်ပါတယ်။ ဥပမာဆိုရင် ကျွန်တော်တို့ ဒီသုံးခေါက်ချိုးကတ် နဂိုကတည်းက ရထားတဲ့ လူမျိုးတွေဟာ ဆက်ပြီးတော့ နိုင်ငံသားဖြစ်ခွင့်နဲ့ နိုင်ငံသားကတ်ရရှိအောင် ဆောင်ရွက်ပေးသွားဖို့၊ နောက် အဲ့ဒီလို နိုင်ငံသားဖြစ်ခွင့်ရထားတဲ့လူတွေဟာ လွတ်လွတ်လပ်လပ် သွားလာနိုင်အောင် ဆောင်ရွက်ပေးဖို့၊ သူတို့အတွက် ကျန်းမာရေး၊ ပညာရေးကိစ္စတွေမှာလည်းပဲ ပြည့်ပြည့်ဝဝ ရနိုင်အောင် ဆောင်ရွက်ပေးဖို့ နောက်တစ်ခါ အထူးသဖြင့် အမျိုးသမီးတွေ လူငယ်ကဏ္ဍတွေကိုလည်း မြှင့်တင်ပြီးတော့ ဆောင်ရွက်သွားဖို့ ဆိုတဲ့ သဘောတူညီချက်တွေ၊ ဆုံးဖြတ်ချက်တွေ ချမှတ်ခဲ့ပါတယ်။

**မေး ။ ။ ဒီကနေ့ ကြားသိနေရတာကတော့ NVC နဲ့ ပတ်သက်လို့ ပြည်သူတွေ နားလည်သဘောပေါက်မှုတွေ အားနည်းနေတယ်လို့ သိရပါတယ်၊ NVC ရဲ့ အဓိပ္ပာယ်နဲ့ ရည်ရွယ်ချက်ကို ရှင်းပြပေးပါ။**

ဖြေ ။ ။ NVC ရဲ့ ရည်ရွယ်ချက်ကိုက နိုင်ငံသားစိစစ်တဲ့ လုပ်ငန်းပါပဲ။ နိုင်ငံသားဖြစ်ခွင့် စိစစ်တဲ့လုပ်ငန်းဆိုတော့ ဒီကတ်ကနေ အခြေခံပြီးတော့ နောက်ပိုင်းမှာ နိုင်ငံသားတစ်ယောက်ဖြစ်ခွင့်ရှိရင်လည်း နိုင်ငံသားဖြစ်ခွင့် ရနိုင်အောင်ဆိုတဲ့ ရည်ရွယ်ချက်ပါပဲ။

**မေး ။ ။ ဗဟိုကော်မတီနဲ့ အောက်ခြေအထိ ချိတ်ဆက်မှု ရှိရှိနဲ့ ဒီလုပ်ငန်းတွေ အရှိန်အဟုန်ကောင်းကောင်းနဲ့ လုပ်နိုင်အောင် ဝန်ကြီးချုပ်တို့အနေနဲ့ ဘယ်လိုစီစဉ် ဆောင်ရွက်သွားမလဲဆိုတာလည်း ပြောပြပေးပါ။**

ဖြေ ။ ။ ဒါကို အရှိန်မြှင့်ဆောင်ရွက်မယ်ဆိုတဲ့ အခါကျတော့ ဗဟိုနဲ့ ကျွန်တော်တို့ အောက်ခြေ၊ ပြည်နယ်နဲ့က ပိုပြီးတော့ ထိစပ်မှုတွေရှိအောင် ပူးပေါင်းဆောင်ရွက်နိုင်အောင် ဆုံးဖြတ်ပြီးတော့ သဘောတူပြီး လုပ်ထားတာရှိပါတယ်။ ဒါကြောင့်မို့လို့ ဒါကဆက်လုပ်သွားမှာပါ။

**မေး ။ ။ ဗဟိုကော်မတီအနေနဲ့ ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်မှုတွေထဲက တိုးတက်မှုနဲ့ လက်တွေ့ပြလို့ရတဲ့ ရလဒ်တွေရှိရင်လည်း ပြောပြပေးပါ။**

ဖြေ ။ ။ အကောင်အထည်ဖော် ဆောင်ရွက်တဲ့အခါ ပြည်ထောင်စုဝန်ကြီးတွေ ကိုယ်တိုင်လာတဲ့အခါမှာ ဒေသလိုအပ်ချက်တွေကို တတ်နိုင်သမျှ၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးကအစ တောင်းဆိုချက်တွေကို ဖြည့်ဆည်းပြီး ဆောင်ရွက်ပေးတဲ့အတွက် ပြည်သူတွေက လိုလိုလားလားနဲ့ ဒီအပေါ်မှာ ကျေနပ်မှုတွေရှိပါတယ်။ နောက်လည်းပဲ ဒီလို ဆက်လုပ်မယ်လို့ ပြောလည်းပြောထားတယ်။ လုပ်လည်း လုပ်မှာဖြစ်တဲ့အတွက် ပြည်သူတွေကတော့ ဒီအပေါ်မှာ လိုလားမှုတွေ၊ ကျေနပ်မှုတွေ ပိုဖြစ်လာမှာပါ။

**မေး ။ ။ ဝန်ကြီးချုပ်အနေနဲ့ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေတဲ့လုပ်ငန်းနဲ့ ပတ်သက်လို့ ပြည်သူကို ရှင်းပြချင်တာ၊ ပြောပြချင်တာရှိလည်း ပြောပြပေးပါ။**

ဖြေ ။ ။ ပြည်သူကို ပြောချင်တာကတော့ ကျွန်တော်တို့ တာဝန်ယူတဲ့ကာလကလည်း သိပ်ပြီးတော့ မကြာသေးပါဘူး။ မကြာသေးပေမယ့်လည်း ကျွန်တော်တို့ အစွမ်းကုန် လုပ်ဆောင်နေတယ်။ လုပ်ဆောင်နေတဲ့အတွက်ကြောင့်လည်း တည်ငြိမ်မှုတွေ ရလာသလို၊ ဖွံ့ဖြိုးမှုလုပ်ငန်းတွေလည်း တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်နေတာဖြစ်တဲ့အတွက် ပြည်သူတွေအနေနဲ့ ဒီအပေါ်မှာ ယုံယုံကြည်ကြည်နဲ့ ကျွန်တော်တို့ ဆောင်ရွက်မှုအပေါ်မှာလည်းပဲ နားလည်သဘောပေါက်ပြီးတော့ ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်ပါတယ်လို့ ပြောကြားလိုပါတယ်။

**ဦးသိန်းဆွေ၊**
**ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

**မေး ။ ။ ဒီနေ့ကျင်းပခဲ့တဲ့ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အစည်းအဝေးမှာ ဘယ်လိုဆုံးဖြတ်ချက်တွေ ချမှတ်ခဲ့ကြတယ်ဆိုတာ သိပါရစေ။**

ဖြေ ။ ။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဥက္ကဋ္ဌအဖြစ် ပါဝင်တဲ့ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအစည်းအဝေးကို ဒီနေ့မနက် ၁၀ နာရီမှာ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမမှာ ကျင်းပခဲ့ပါတယ်၊ ခရီးလွန်နေတဲ့ ကော်မတီဝင်တွေကလွဲလို့ ကျန်တဲ့ဗဟိုကော်မတီဝင်တွေအားလုံး တက်ရောက်ကြပါတယ်၊ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေးဆောင်ရွက်ရမယ့်လုပ်ငန်းတွေနဲ့ ပတ်သက်ပြီး ယခင်အစည်းအဝေးမှာ ချမှတ်ခဲ့တဲ့လုပ်ငန်းတွေကို ဘယ်လောက်အထိ ဆောင်ရွက်ပြီးပြီ၊ ဘယ်လောက်အထိ ဆောင်ရွက်ဖို့ ကျန်သေးတယ်ဆိုတာတွေနဲ့ ရှေ့ဆက်လက်ဆောင်ရွက်သွားရမယ့် လုပ်ငန်းတွေနဲ့ပတ်သက်ပြီး ဆုံးဖြတ်ချက်တွေ ချမှတ်ခဲ့ကြတယ်၊ အဲ့ဒီဆုံးဖြတ်ချက်တွေကတော့ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီနဲ့ လုပ်ငန်းစဉ်တွေ ဆောင်ရွက်ရာမှာ ဗဟိုကော်မတီနဲ့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ယခုထက်ပိုမို ချိတ်ဆက်ဆောင်ရွက်သွားဖို့။

NV Card ထုတ်ပေးရခြင်းရဲ့ ရည်ရွယ်ချက်၊ အဓိပ္ပာယ်၊ သဘောသဘာဝတွေ အများပြည်သူ သိရှိနားလည် သဘောပေါက်စေရေး ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းသွားဖို့။

ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်တွေမှာ အမျိုးသမီးတွေရဲ့ အခန်းကဏ္ဍ မြှင့်တင်ဆောင်ရွက်ပေးဖို့။

အမျိုးသားမှတ်ပုံတင်ကတ်ပြား (သုံးခေါက်ချိုး) ကိုင်ဆောင်သူတွေကို NV Card လဲလှယ်ဖို့မလိုဘဲ လုပ်ထုံးလုပ်နည်းနဲ့အညီ နိုင်ငံသားစိစစ်ရေးကတ်ပြားတွေ စိစစ်ထုတ်ပေးသွားဖို့။

NV Card ရရှိပြီးတဲ့သူတွေကို မြို့တွင်း/ရွာတွင်း လွတ်လပ်စွာ သွားလာခွင့်ပြုနိုင်ဖို့အတွက် အချို့နေရာတွေမှာ စမ်းသပ်ဆောင်ရွက်သွားဖို့။

NV Card ထုတ်ပေးရေးလုပ်ငန်းတွေ ဆောင်ရွက်ရာမှာ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက် ကော်မတီတွေ ပိုမိုအောင်မြင်အောင် ဆောင်ရွက်သွားဖို့။

နိုင်ငံသားစိစစ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ရာမှာ ပြည်နယ်/မြို့နယ်အဆင့် နိုင်ငံသား (သို့မဟုတ်) နိုင်ငံသားပြုခွင့်ရသူဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့တွေက မြန်မြန်ဆန်ဆန် စိစစ်ပြီး ဗဟိုအဖွဲ့ကို တင်ပြသွားဖို့။

နိုင်ငံသားစိစစ်ရေးကတ်ရရှိထားတဲ့ ကမန်လူမျိုးတွေ လွတ်လပ်စွာ သွားလာခွင့်ပြုဖို့။

ရခိုင်ပြည်နယ်မှာရှိတဲ့ အမျိုးသမီးတွေအတွက် ကျန်းမာရေး ဆောင်ရွက်မှုတွေနဲ့ အသေးစားနဲ့ အလတ်စား စီးပွားရေး လုပ်ငန်းတွေ (SME) ဝင်ငွေတိုးတက်စေရေး လုပ်ငန်းတွေ အလေးထားထူထောင် ဆောင်ရွက်ပေးဖို့။

ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ ဒေသခံတွေရဲ့ ကျန်းမာရေးအတွက် သွားလာနိုင်ရေးကိစ္စတွေမှာ ပိုမိုသိသာထင်ရှားစွာ ဆောင်ရွက်ပေးရေးနဲ့ လုံခြုံရေး ပိုမိုဆောင်ရွက်ပေးဖို့။

ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ ကလေးတွေအတွက် မွေးစာရင်းတွေ (Birth Certificate) စိစစ်ထုတ်ပေးနိုင်ရေး လုပ်ငန်းကော်မတီတစ်ရပ်ဖွဲ့စည်းပြီး မြန်မြန်ဆန်ဆန် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားဖို့။

**တည်ငြိမ်မှုတွေရလာသလို၊ ဖွံ့ဖြိုးမှုလုပ်ငန်းတွေလည်း တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်နေတာဖြစ်တဲ့အတွက် ပြည်သူတွေအနေနဲ့ ဒီအပေါ်မှာ ယုံယုံကြည်ကြည်နဲ့ ကျွန်တော်တို့ ဆောင်ရွက်မှုအပေါ်မှာလည်းပဲ နားလည်သဘောပေါက်ပြီးတော့ ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်ပါတယ်**

ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ကျရောက်မှု ခံခဲ့ရတဲ့ နှစ်ဖက်လူ့အဖွဲ့အစည်းကို ကူညီထောက်ပံ့မှု ဆောင်ရွက်ပေးဖို့နဲ့ ပြည်ထောင်စုဝန်ကြီးတွေရဲ့ ရခိုင်ပြည်နယ် ခရီးစဉ်အတွင်းက တင်ပြချက် (၁၄၂)ချက်အပေါ် သက်ဆိုင်ရာ ဝန်ကြီးဌာနတွေက အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးကြဖို့နဲ့ တိုးတက်မှုအခြေအနေတွေကို ဗဟိုကော်မတီကို ပုံမှန်တင်ပြသွားဖို့ တွေဖြစ်ပါတယ်။

**မေး ။ ။ ရခိုင်ပြည်နယ်အတွင်းမှာ နိုင်ငံသားစိစစ်မှုခံယူမည့်သူ၏ သက်သေခံကတ်ပြား NV Card ထုတ်ပေးမှုအခြေအနေတွေကို သိလိုပါတယ်။**

ဖြေ ။ ။ ရခိုင်ပြည်နယ်အတွင်းမှာ ပြီးခဲ့တဲ့ ဇွန်လ ၇ ရက်က စပြီး NV Card ထုတ်ပေးခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ပါတယ်၊ ရှေးဦးစွာ မြေပုံ၊ ကျောက်ဖြူ၊ ပုဏ္ဏားကျွန်းမြို့နယ်တွေမှာ စတင်ဆောင်ရွက်ခဲ့ပြီး စစ်တွေ၊ မောင်တော၊ ဘူးသီးတောင်၊ တောင်ပြိုလက်ဝဲနဲ့ သံတွဲမြို့နယ်တွေမှာ ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်၊ ဒီနေ့အထိ NV Card စုစုပေါင်းကတ် ၁၉၃၀ ကို သက်ဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးအဖွဲ့တွေက စိစစ်ထုတ်ပေးခဲ့ပါတယ်။

**မေး ။ ။ NV Card ထုတ်ပေးနေတာတွေနဲ့ ပတ်သက်ပြီး နားလည်မှု လွဲမှားနေတာတွေကို ဘယ်လိုရှင်းလင်းပြောကြားလိုပါသလဲ။**

ဖြေ ။ ။ နားလည်မှုလွဲတယ်ဆိုတာထက် NV Card ထုတ်ပေးနေတဲ့ အခြေအနေတွေကို ရှင်းရှင်းလင်းလင်း ကွဲကွဲပြားပြား မသိဘူးလို့ ဆိုရမှာဖြစ်တယ်၊ အရင်ကလည်း NV Card တွေ ထုတ်ပေးခဲ့တယ်၊ အဲ့ဒီမှာ NV Card ပေါ်မှာပါတဲ့ အချက်အလက်အချို့ကို ဒေသခံပြည်သူတွေက မနှစ်သက်တဲ့အတွက် ဆောင်ရွက်ခြင်းမရှိခဲ့ပါဘူး၊ ယခုအခါမှာ ဒေသခံတွေ လက်ခံနိုင်တဲ့ အချက်အလက်တွေကို ထည့်သွင်းထားတဲ့အတွက် NV Card ထုတ်ပေးခြင်းနဲ့ နိုင်ငံသားစိစစ်ရေးလုပ်ငန်းတွေမှာ ထိခိုက်မှုမရှိပါဘူး၊ ၁၉၈၂ ခုနှစ် နိုင်ငံသားစိစစ်ရေးဥပဒေနဲ့အညီ ပြည်သူကို ဗဟိုပြုပြီး ပွင့်လင်းမြင်သာစွာ ဆောင်ရွက်သွားမှာဖြစ်တယ်၊ ဒါ့ကြောင့် NV Card ထုတ်ပေးခြင်းနဲ့ ပတ်သက်ပြီး သံသယရှိတယ်၊ သိလိုတာတွေရှိတယ်ဆိုရင် တာဝန်ရှိသူတွေက NV Card ထုတ်ပေးရခြင်းနဲ့ ရှေ့ဆက်လက်ဆောင်ရွက်သွားမယ့် လုပ်ငန်းစဉ်တွေကို ဂဃနဏ ရှင်းလင်းပြောကြားသွားမှာဖြစ်ပါတယ်၊ လက်ခံလာလိမ့်မယ်လို့လည်း ယုံကြည်ပါတယ်။

**မေး ။ ။ NV Card ထုတ်ပေးမှုတွေနဲ့ ပတ်သက်ပြီး ဘယ်လို ဆက်လက် ဆောင်ရွက်သွားမယ်ဆိုတာကို သိလိုပါတယ်။**

ဖြေ ။ ။ NV Card တွေ ထုတ်ပေးပြီးနောက်ပိုင်းမှာ နိုင်ငံသားစိစစ်မှုလုပ်ငန်းတွေကို စနစ်တကျဆောင်ရွက်ပါမယ်၊ ပြီးရင် ရသင့်တဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားတွေကို ထုတ်ပေးသွားမှာဖြစ်တဲ့အတွက် နိုင်ငံသားရရှိတဲ့ အဆင့်အတန်းပေါ်မူတည်ပြီး အခွင့်အရေးတွေ ပေးသွားမှာဖြစ်တယ်၊ တစ်ပြိုင်နက် အဲ့ဒီ ဒေသဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဝန်ကြီးဌာနအားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားမှာဖြစ်တယ်။

**ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်**
**ပြည်ထောင်စုဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန**

**မေး ။ ။ ဒီကနေ့ကျင်းပတဲ့ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေးအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အစည်းအဝေးမှာ ဘာတွေများဆွေးနွေးခဲ့ပါသလဲခင်ဗျား။**

ဖြေ ။ ။ ကျွန်တော့်အနေနဲ့ ဒီနေ့ဗဟိုကော်မတီအစည်းအဝေးမှာ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီနဲ့ လုပ်ငန်းကော်မတီ လေးခု ဖွဲ့စည်းဆောင်ရွက်နေမှုအခြေအနေ၊ ပြည်ထောင်စုဝန်ကြီးတွေ ရခိုင်ပြည်နယ်ကို ကွင်းဆင်းဆောင်ရွက်ခဲ့မှုအခြေအနေ၊ ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ခံရမည့်သူတွေရဲ့ သက်သေခံကတ်ပြား (NV Card) ထုတ်ပေးရေးဆိုင်ရာဆောင်ရွက်ထားရှိမှုအခြေအနေ၊ နှစ်ဖက် လူ့အဖွဲ့အစည်းရဲ့ တင်ပြချက်တွေနဲ့ အရှိန်အဟုန်မပျက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားသင့်တဲ့ အခြေအနေတွေကိုရှင်းလင်းတင်ပြခဲ့ပါတယ်။

ဗဟိုကော်မတီကိုဖွဲ့စည်းပြီးနောက်မှာ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ကျွန်တော် ခေါင်းဆောင်ပြီး ပြည်ထောင်စုဝန်ကြီးတွေနဲ့အတူ ၂၀၁၆ ခုနှစ် မေလ ၃၁ ရက်နေ့ မှ ဇွန်လ ၃ ရက်နေ့အထိ ရခိုင်ပြည်နယ်ကို သွားရောက်ခဲ့ပြီး ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး လုပ်ငန်းစဉ်များကို မြေပုံမြို့နယ်၊ စစ်တွေမြို့နယ်၊ ကျောက်ဖြူမြို့နယ်၊ သံတွဲမြို့နယ်တွေအတွင်းမှာရှိတဲ့ ဒေသခံပြည်သူတွေ၊ မြို့မိ/မြို့ဖတွေ၊ လူ့အဖွဲ့အစည်းတွေနဲ့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။

*စာမျက်နှာ ၁၂ ကော်လံ ၁ သို့*

# ကျေးရွာစာကြည့်တိုက်များအား Community Center များအဖြစ် ပြောင်းလဲနိုင်ရေးဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁၄**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး၏ အကြံပေး Ambassador Kristie Kenney နှင့် သံအမတ်ကြီး H.E.Mr. Scot Marciel တို့အား ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံစဉ် ကျေးရွာစာကြည့်တိုက်များအား Community Center များအဖြစ် ပြောင်းလဲနိုင်ရေး ပြင်ဆင်နေမှု၊ ယခင် မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း (ယခု စာပေဗိမာန်)အား အဆင့်မြှင့်တင်ဆောင်ရွက်နေမှု၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို နိုင်ငံပိုင်မီဒီယာမှ ပြည်သူ့ဝန်ဆောင်မှုမီဒီယာသို့ ပြောင်းလဲနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်နေမှုနှင့် Access to Information အတွက် ဝန်ကြီးဌာနအသီးသီးတွင် ပြောရေးဆိုခွင့်ရှိသူများခန့်ထား၍ လေ့ကျင့်ဆောင်ရွက်ပေးနေမှုများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြပြီး စာကြည့်တိုက်များ အဆင့်မြှင့်တင်မှုနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို အများပြည်သူဝန်ဆောင်မှုမီဒီယာအဖြစ် ပြောင်းလဲမှုလုပ်ငန်းစဉ်များ ကူညီဆောင်ရွက်နိုင်ရေးကိုလည်း ညှိနှိုင်းခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များ ဆွေးနွေး



**နေပြည်တော် ဇူလိုင် ၁၄**

နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး၏ အကြံပေး Ambassador Kristie Kenney အား နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၉ နာရီတွင် လက်ခံ တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး၏ အကြံပေး Ambassador Kristie Kenney က အမေရိကန်ပြည်ထောင်စု အနေဖြင့် မြန်မာနိုင်ငံအပေါ် တန်ဖိုးထားအလေးထား၍ ယခုကဲ့သို့ လာရောက်ရခြင်းဖြစ်ကြောင်း ပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များကို ရှင်းလင်း ဆွေးနွေးခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးခင်မောင်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

# ရွေးကောက်ပွဲကန့်ကွက်လွှာမှုအမှတ် (၅) နှင့် (၂၇) အား စီရင်ချက် (အမိန့်)များချမှတ်

**နေပြည်တော် ဇူလိုင် ၁၄**

ကရင်ပြည်နယ် အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဦးစောသန်းထွဋ်အပေါ် ကရင်ပြည်နယ် အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ဦးနိုင်မောင်မောင်လွင်က လျှောက်ထားခံရသူသည် အခြားလွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ မဲဆန္ဒရှင်များအား သွယ်ဝိုက်ခြိမ်းခြောက်၍ အရေးယူပေးပါရန်၊ တရားမဲ့ပြုကျင့်မှုကြောင့် ရရှိသောမဲများကို နုတ်ပယ်ပါက လျှောက်ထားသူသာ ခိုင်လုံမဲအများဆုံးရရှိ၍ လျှောက်ထားခံရသူအား လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်ပြီး လျှောက်ထားသူအား လွှတ်တော်ကိုယ်စားလှယ်အဖြစ် ကြေညာပေးပါရန် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၇၊၆၈ အရ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် ကန့်ကွက်လွှာတင်သွင်းထားမှုကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလက်ခံခဲ့ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ ဦးစန်းရွှေနှင့် ဦးဝင်းမော်တို့ ခုံအဖွဲ့ဝင်များအဖြစ် ပါဝင်သည့် ရွေးကောက်ပွဲခုံအဖွဲ့(၁)က ဆက်လက်စစ်ဆေးကြားနာခဲ့ပြီးနောက် ၂၀၁၆ ခုနှစ် ဇူလိုင် ၁၃ ရက်တွင် ကရင်ပြည်နယ် ဘားအံမြို့နယ် အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ်(၂) တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် လျှောက်ထားခံရသူ ဦးစောသန်းထွဋ်အား ရွေးကောက်တင်မြှောက်ခြင်းသည် တရားဝင်အတည်ဖြစ်ကြောင်းဆုံးဖြတ်ပြီး လျှောက်ထားသူ ဦးနိုင်မောင်မောင်လွင်၏ ကန့်ကွက်လွှာကို စရိတ်နှင့်တကွ ပယ်လိုက်ပြီး ရှေ့နေစရိတ် သုံးသောင်းသတ်မှတ်၍ အမိန့်ချမှတ်ခဲ့ကြောင်း သိရှိရသည်။

ကချင်ပြည်နယ် ပူတာအိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဦးဒိန်ခန်ဖုန်(ခ)ခန်လင် အပေါ် ကချင်ပြည်နယ် ပူတာအိုမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးချန်းဂျောင်းဆားရ်က လျှောက်ထားခံရသူ၏ ခိုင်လုံမဲများအား ပြန်လည်စိစစ်ရေတွက်ပေးရန်နှင့် လျှောက်ထားခံရသူအား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းအား ပယ်ဖျက်၍ လျှောက်ထားသူသည်သာ ခိုင်လုံမဲအများဆုံးရရှိသည်ဖြစ်၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြောင်း ကြေညာပေးပါရန် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၇၊ ၆၈ အရ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်တွင် ကန့်ကွက်လွှာတင်သွင်းထားမှုကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လက်ခံခဲ့ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစိုးရယ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ ဦးသောင်းလှိုင်နှင့် ဦးဇော်လင်းမောင်တို့ ခုံအဖွဲ့ဝင်များအဖြစ် ပါဝင်သည့် ရွေးကောက်ပွဲခုံအဖွဲ့(၂) က ဆက်လက်စစ်ဆေးကြားနာခဲ့ပြီး ၂၀၁၆ ခုနှစ် ဇူလိုင် ၁၄ ရက်တွင် ကချင်ပြည်နယ် ပူတာအိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၌ ဦးဒိန်ခန်ဖုန် (ခ) ခန်လင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီအား ကချင်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၁၂ ရက် ရက်စွဲပါကြေညာချက် အမှတ်(၁၀၃/၂၀၁၅)အရ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းသည် ပျက်ပြယ်ခြင်းမရှိ တရားဝင်အတည်ဖြစ်လျက်ရှိကြောင်း ဆုံးဖြတ်ပြီး လျှောက်ထားသူ ဦးချန်းဂျောင်းဆားရ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ ကန့်ကွက်လွှာလျှောက်ထားမှုကို တရားစရိတ်နှင့်တကွ ပယ်ကြောင်းဆုံးဖြတ်ပြီး တရားစရိတ်ငွေကျပ်နှစ်သိန်းတိတိကို လျှောက်ထားသူက လျှောက်ထားခံရသူအားပေးစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်အောက် နောက်နှစ်ရက်အတွင်း ပြန်လည်ကျဆင်းနိုင်

**နေပြည်တော် ဇူလိုင် ၁၄**

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် နှစ်ပေခွဲခန့်၊ ကလေးဝမြို့တွင်တစ်ပေခန့်၊ မင်းကင်းမြို့တွင် တစ်ပေခွဲခန့်နှင့် မုံရွာမြို့တွင် ပေဝက်ခန့် ယင်းမြို့များ၏စိုးရိမ်ရေမှတ် အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့များ၏စိုးရိမ်ရေမှတ်များအောက် ပြန်လည်ကျဆင်းနိုင်သည်။

အဆိုပါမြစ်ရေသည် ကနီမြို့တွင် သုံးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း တစ်ပေခွဲခန့်ကျဆင်းကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ဝဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ကျော်လွန်ပြီး နောက်နှစ်ရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ သို့ဖြစ်၍ ငဝန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးပိုနေမည်။ **(မိုး/ဇလ)**

# ရန်ကုန်မြို့၌ အရှည်ဆုံး ဝိုင်ပုံသဏ္ဌာန်ခုံးကျော်တံတားလက်တက်ပွား ဇူလိုင် ၁၆ ရက်တွင် ယာဉ်များစတင်ဖြတ်သန်းခွင့်ပြုမည်



တာမွေဝိုင်ပုံသဏ္ဌာန်ခုံးကျော်တံတား ပင်မတံတားနှင့် လက်တက်ပွားကို ဝေဟင်မှ တွေ့ရစဉ်

**ရန်ကုန် ဇူလိုင် ၁၄**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကဦးစီး၍ ရွှေတောင်ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူအကောင်အထည်ဖော်တည်ဆောက်လျက်ရှိသော ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ ဝိုင်ပုံသဏ္ဌာန် ခုံးကျော်တံတားကြီး၏ အပိုင်း(၂) လက်တက်ပွား တစ်လမ်းမောင်း နှစ်လမ်းသွား အရှေ့မြင်းပြိုင်ကွင်းလမ်းဘက်ခြမ်းကို ယခုလာမည့် ဇူလိုင် ၁၆ ရက်တွင် ယာဉ်များ စတင်ဖြတ်သန်းသွားလာခွင့်ပြုမည်ဖြစ်ကြောင်း တံတားတည်ဆောက်ရေးအဖွဲ့မှ သိရသည်။

"ကျွန်တော်တို့ အခုဝိုင်ပုံသဏ္ဌာန် ခုံးကျော်တံတားရဲ့ လက်တက်ပွားဖြစ်တဲ့ အရှေ့မြင်းပြိုင်ကွင်းလမ်းဘက်ခြမ်း တစ်လမ်းမောင်း နှစ်လမ်းသွားကို အာဇာနည်နေ့မတိုင်ခင် အခု ဇူလိုင် ၁၆ ရက်မှာ ယာဉ်တွေကို စတင်ဖြတ်သန်းခွင့်ပြုမှာဖြစ်ပါတယ်။ အားလုံးနီးပါးပြီးနေပါပြီ။ နိုင်လွန်ကတ္တရာခင်းဖို့ပဲ ကျန်တော့တယ်။ ကတ္တရာခင်းတာကလည်း အခုမိုးတွင်းဆိုတော့ အဆင်ပြေမှာမဟုတ်လို့ ပွင့်လင်းရာသီရောက်တာနဲ့ အမြန်ဆုံးခင်းသွားမှာပါ။ အခုလောလောဆယ်တော့ ယာဉ်တွေဖြတ်သန်းသွားလာအသုံးပြုနိုင်အောင် ဖွင့်လှစ်ပေးသွားမှာဖြစ်ပါတယ်"ဟု အဆိုပါ ခုံးကျော်တံတားအား တာဝန်ယူတည်ဆောက်ပေးနေသည့် ပရောဂျက်ဒါရိုက်တာ ဦးမောင်မောင်မြင့်က ပြောသည်။

တာမွေလမ်းဆုံ ဝိုင်ပုံသဏ္ဌာန်ခုံးကျော်တံတားသည် ရန်ကုန်မြို့ရှိ ခုံးကျော်တံတားများအနက် အရှည်ဆုံး ဝိုင်ပုံသဏ္ဌာန်ခုံးကျော်တံတားကြီးဖြစ်ပြီး ပင်မလေးလမ်းသွားဘက်ခြမ်းဖြစ်သည့် ဗညားဒလလမ်းနှင့် ဦးချစ်မောင်လမ်းပေါ်ရှိ အပိုင်း(၁)တံတားအရှည်သည် ၂၈၇၅ ဒသမ ၀၇ ပေရှိကာ ယခုအရှေ့မြင်းပြိုင်ကွင်းလမ်းဘက်ခြမ်းသို့ ခွဲထွက်သွားသော အပိုင်း(၂) လက်တက်ပွား တစ်လမ်းမောင်းနှစ်လမ်းသွား တံတားအရှည်မှာ ၁၉၇၁ ဒသမ ၅၂ ပေရှည်လျားသည်။ ခုံးကျော်တံတားအမျိုးအစားမှာ သံကူကွန်ကရစ်၊ သံမဏိရက်မတံတားဖြစ်ကာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဘတ်ဂျက်မှ ငွေကျပ် ၂၂ ဒသမ ၅ ဘီလီယံ အကုန်အကျခံတည်ဆောက်ခဲ့သော ခုံးကျော်တံတားကြီးဖြစ်သည်။

ဇူလိုင် ၁၆ ရက်တွင် ဖွင့်လှစ်၍ ယာဉ်များဖြတ်သန်းခွင့်ပြုမည့် ဝိုင်ပုံသဏ္ဌာန်ခုံးကျော်တံတား၏ အရှေ့မြင်းပြိုင်ကွင်းဘက်ခြမ်း လက်တက်ပွားတံတားကို ဗညားဒလလမ်းဘက်မှလာသော ယာဉ်များကိုသာ ဖြတ်သန်းသွားလာရာတွင် တစ်လမ်းမောင်း နှစ်လမ်းသွားအဖြစ် အသုံးပြုသွားမည်ဖြစ်ပြီး ခံနိုင်ဝန်မှာ ၇၅ တန်ရှိမည် ဖြစ်သည်။

ယခု အရှေ့မြင်းပြိုင်ကွင်းဘက်ခြမ်းသို့ သွားသော တစ်လမ်းမောင်း နှစ်လမ်းသွား လက်တက်ပွားတံတားမှာ ရန်ကုန်မြို့တွင်း ယာဉ်ကြောကျပ်တည်းမှုကို အထိုက်အလျောက် ဖြေလျှော့နိုင်စေရန် ဖွင့်လှစ်ပေးခြင်းဖြစ်ကာ အချောသပ်အနေဖြင့် နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းကို မိုးတွင်းကာလဖြစ်၍ လာမည့်ပွင့်လင်းရာသီရောက်မှသာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း - မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ - ကံကြီးမောင်**

# သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ကောဒသမအစည်းအဝေး ဒုတိယနေ့ကျင်းပ

**ရန်ကုန်- ဇူလိုင် ၁၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သတ္တမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ကောဒသမ အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ အမှူးပြုသည့် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရ ဦးအောင်ကို နှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော် ဆရာတော်က ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တဂုဏိကာဘိဝံသက ဆောင်ရွက် တော်မူသည်။

အစည်းအဝေးတွင် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့(ဒုတိယအဖွဲ့ခွဲ)၏ တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက်များအနက် ဝိနိစ္ဆယရေးရာ၊ သာသနာ့ရေးရာ၊ ပညာရေးရာဆောင်ရွက်ချက်များအပေါ် အဖွဲ့ဝင်ဆရာတော် များက ဝေဖန်ဆွေးနွေးတော်မူကြသည်။ ထို့နောက် ဝိနိစ္ဆယ ရေးရာ၊ သာသနာ့ရေးရာ၊ ပညာရေးရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ဆက်လက်၍ သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ (ဒုတိယအဖွဲ့ခွဲ)၏ စတုတ္ထအကြိမ် တာဝန်ကျရာကာလ အတွင်း ဆောင်ရွက်ချက် အစီရင်ခံစာ၊ ဝေဖန်ဆွေးနွေးချက်များ နှင့်စပ်လျဉ်း၍ ဝိနိစ္ဆယရေးရာ၊ သာသနာ့ရေးရာ၊ ပညာရေးရာ ဆောင်ရွက်ချက်များကို အဖွဲ့ဝင်ဆရာတော်များက ပြန်လည် ရှင်းလင်း လျှောက်ထားတော်မူကြပြီး စတုတ္ထအကြိမ် တာဝန် ကျရာ ကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို တွဲဖက် အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ ဂုဏိကာ ဘိဝံသက အတည်ပြုချက်ရယူသည်။



ထို့နောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်များအားလုံးက ဇယန္တော ဗောဓိယာ မူလေ အစချီသော နှစ်ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူပြီး သာဓု သုံးကြိမ်ခေါ်ဆိုကာ သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့(၄၇)ပါးစုံညီ ကောဒသမ အစည်းအဝေးကို မွန်းလွဲ ပိုင်းတွင် အောင်မြင်စွာကျင်းပပြီးစီးခဲ့သည်။

**(သတင်းစဉ်)**

# မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ချေးငွေစနစ်အရ အချင်းချင်းအာမခံ စုဖွဲ့ထားသော တောင်သူလယ်သမားအဖွဲ့လိုက် ပြေကျေမှုကိုသာစိစစ်ထုတ်ချေးခြင်းဖြစ်

**နေပြည်တော် ဇူလိုင် ၁၄**

တောင်သူလယ်သမားများအား စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးရာတွင် ဘဏ်ချေးငွေစာချုပ်(ကဘ-၈)ပါ စည်းကမ်း ချက်များနှင့် ချေးငွေညွှန်ကြားစာပါ ငွေချေးစည်းကမ်းသတ်မှတ် ချက်များအရ တောင်သူများက ၄င်းတို့၏ဆန္ဒအရ ဖွဲ့စည်းထား သော တောင်သူသုံးဦးအဖွဲ့အလိုက် ထုတ်ချေးသည့်စနစ်ဖြင့် ချေးငွေထုတ်ချေးပေးခြင်းဖြစ်ပြီး အဆိုပါ စိုက်ပျိုးစရိတ်ချေးငွေ အတွက် တောင်သူထံမှ ရွှေ့ပြောင်းနိုင်သော/မရွှေ့ပြောင်းနိုင် သော အာမခံပစ္စည်းရယူခြင်း လုံးဝမရှိပါကြောင်း၊ အကြွေးမကျေ သည့် တောင်သူရှိသော ကျေးရွာအုပ်စုတစ်ခုလုံးအား ထပ်မံ ထုတ်ချေးခြင်းမပြုဆိုသည်မှာ လုံးဝမဟုတ်ပါကြောင်း စိုက်ပျိုး ရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အရာရှိတစ်ဦးထံ ဆက်သွယ်မေးမြန်းမှုအရ သိရသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် ယခင်နှစ်က တောင်သူ လယ်သမား ဦးရေ ၃၅၁၆၉၅ ဦးအား ၂၀၁၅ ခုနှစ် မိုးချေးငွေကျပ် ၂၃၂ ဒသမ ၄၆ ဘီလီယံ ထုတ်ချေးပေးခဲ့ရာ ၂၀၁၆ခုနှစ် ဧပြီ ၁၅ ရက်တွင် ပေးဆပ်ရန် နောက်ဆုံးကာလ ပြည့်မြောက်ပြီးဖြစ် သော်လည်း ယနေ့အထိ တောင်သူပေးဆပ်ရန် ကျန်ငွေမှာ ငွေကျပ် ၁၇ ဒသမ ၁၉ ဘီလီယံဖြစ်သဖြင့် ချေးငွေများ အပြေ အကျေ ပြန်လည်ရရှိရေးအတွက် ဆက်လက်ကြိုးပမ်းကောက်ခံ နေဆဲဖြစ်ကြောင်း။

ထိုကဲ့သို့ ကြွေးကျန်များ ကျန်ရှိသော်လည်း ကြွေးကျေပြီး သည့်တောင်သူလယ်သမားအဖွဲ့များကို ၂၀၁၆ခုနှစ် မိုးချေးငွေ များ ထုတ်ချေးပေးလျက်ရှိရာတွင် တိုင်းဒေသကြီးအတွင်း ငွေချေးသည့်ကျေးရွာအုပ်စု ၁၉၃၇ အုပ်စုအနက် ဇူလိုင် ၁၂ ရက် အထိ ၁၀၃၈ အုပ်စုကို ထုတ်ချေးပြီးဖြစ်ကြောင်း၊ ယနေ့အထိ တောင်သူလယ်သမား ၁၆၁၀၆၃ ဦးကို ချေးငွေကျပ် ၁၆၀ ဒသမ ၉၅ ဘီလီယံ ထုတ်ချေးပြီးဖြစ်ကြောင်း၊ ကျန်ရှိနေသည့် ကျေးရွာ များအား ချေးငွေထုတ်ချေးကာလအတွင်း ပြီးစီးအောင် ထုတ် ချေးသွားမည်ဖြစ်ကြောင်း အဆိုပါပြောရေးဆိုခွင့်ရှိသူက ဆက်လက်ပြောသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် အကြွေးမကျေ သော တောင်သူရှိသည့် ကျေးရွာအုပ်စုတစ်ခုလုံးအား ချေးငွေ ထုတ်မပေးခြင်းမျိုး လုံးဝမရှိပါကြောင်းနှင့် နိုင်ငံတစ်ဝန်းလုံးရှိ တောင်သူလယ်သမားများသို့ ရာသီအလိုက် စိုက်ပျိုးစရိတ် ချေးငွေများအား အချိန်မီ အချိန်ကိုက် ထုတ်ချေးပေးလျက် ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# မန္တလေးမြို့၌ သတင်းမီဒီယာဆိုင်ရာဥပဒေများနှင့်စပ်လျဉ်း၍ ဆွေးနွေး

**မန္တလေး ဇူလိုင် ၁၄**

သတင်းမီဒီယာဥပဒေ၊ ရုပ်မြင်သံကြား နှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေ များနှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲကို မန္တလေးမြို့ ဟိုတယ်မန္တလေး၌ ယနေ့ ကျင်းပရာ ဆွေးနွေးပွဲသို့ မီဒီယာအဖွဲ့ အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ မီဒီယာနှင့် ဆက်စပ်အဖွဲ့အစည်းများ တက်ရောက်ကြသည်။

“ဒီနေ့ပွဲဟာ အစိုးရသစ်တက်လာပြီး နောက်ပိုင်းမှာ ဒီမီဒီယာဥပဒေနဲ့ပတ်သက် ရင် ဘာတွေများ ပြင်ဆင်ဖို့လိုမလဲ၊ လက်တွေ့ကျကျ ရှေ့ဆက်ပြီးတော့ မီဒီယာ လောကအတွက် အကျိုးရှိနိုင်မယ့် ဥပဒေတွေ၊ အကြံပြုချက်တွေကို ဘယ်လို လုပ်လို့ရမလဲဆိုတာကို မီဒီယာကွန်ရက် တွေနဲ့ ဆွေးနွေးကြတယ်၊ သတင်းမီဒီယာ ဥပဒေ၊ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့် ခြင်းဆိုင်ရာ ဥပဒေတွေနဲ့ ပတ်သက်ပြီး ကိုယ်တိုင်ပါဝင် ရေးဆွဲခဲ့သူတွေရယ် ကျွမ်းကျင်ပညာရှင်တွေရယ်နဲ့ ဆွေးနွေး တယ်၊ ဒီဥပဒေနဲ့ပတ်သက်ပြီး မီဒီယာ လောကသားတွေအတွက် အခွင့်အလမ်း တွေ၊ စိန်ခေါ်မှုတွေနဲ့ ရိုက်ခတ်မှုတွေ ဘာတွေရှိလာနိုင်မလဲဆိုတာကို ဆွေးနွေး ကြတယ်”ဟု (Internews Myanmar)၏ ဒါရိုက်တာ ဦးမိုက်ကယ်ပန်က ပြောသည်။

“ရုပ်မြင်သံကြားဥပဒေတွေအနေနဲ့ ပြဋ္ဌာန်းပြီးဖြစ်သော်လည်းပဲ အကြောင်း အမျိုးမျိုးကြောင့် ပါသင့်တဲ့အရာ၊ မပါသင့် တဲ့အရာစသဖြင့် ကွဲပြားမှုတွေရှိနိုင်ပါ တယ်။ ဘယ်လိုပဲ ဥပဒေတစ်ရပ်ကို ကောင်းအောင်ကြိုးစားပြီး ရေးဆွဲခဲ့ ပေမယ့် လိုအပ်နေတာတွေရှိတတ်ပါ တယ်။ အဲဒီ လိုအပ်ချက်၊ အားနည်းချက် တွေကိုတော့ ညှိနှိုင်းစုစည်းပြီး ဆွေးနွေး သင့်ပါတယ်၊ ဆွေးနွေးချက်တွေကို အခြေ ပြုပြီးတော့ ဘယ်ပုဒ်မကိုတော့ ပြင်မယ်၊ ဖျက်မယ်၊ အသစ်ရေးမယ်ဆိုတဲ့ အကြံဉာဏ်တွေကိုစုပြီး တောင်းခံသင့်ပါတယ်၊ ကောင်းသထက်ကောင်းအောင် ပြည့်စုံ သထက် ပြည့်စုံအောင်ရေးဆွဲပြီး လွှတ် တော်ကို တင်သွင်းသွားမယ်”ဟု မြန်မာ နိုင်ငံသတင်းမီဒီယာ ကောင်စီဝင် ဦးဟန်ညွန့် (ဥပဒေ)က ပြောသည်။

ဆွေးနွေးပွဲတွင် ဦးချစ်ဝင်းမောင်၊ ဦးတိုးဇော်ထွေး(DVB)၊ ဦးမြင့်ကျော် (MJI)၊ ဦးမိုက်ကယ်ပန် (Internews Myanmar)၊ မယဉ်ရတနာသိန်း (Article 19)၊ တိုင်းရင်းသား မီဒီယာ များမှ ကျွမ်းကျင်သူများက သတင်း မီဒီယာဥပဒေ၊ ရုပ်မြင်သံကြားနှင့် အသံ ထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေတို့တွင် ပါဝင်သည့် အားသာချက်နှင့် အားနည်း ချက်များကို ဆွေးနွေးကြပြီး မီဒီယာအဖွဲ့ အစည်းများမှ ကိုယ်စားလှယ်များက သိလိုသည်များကို မေးမြန်းဆွေးနွေး ကြသည်။

**(သတင်းစဉ်)**

# ရန်ကုန်တွင် E-Yangon စနစ် ခြောက်လအတွင်းဖော်ဆောင်၍ ပြည်သူများသိရှိလိုသည်ကို ၁၈၈၁ ဖုန်းခေါ်ဆိုမှုမှတစ်ဆင့် ဖြေရှင်းသွားမည်

**သတင်း-ရဲခေါင်ညွန့်**
**ဓာတ်ပုံ-ဖိုးထောင်**

**ရန်ကုန် ဇူလိုင် ၁၄**

ရန်ကုန်မြို့တွင် E-Yangon စနစ်အား ခြောက်လအတွင်း ဖော်ဆောင်သွားမည် ဖြစ်ပြီး ပြည်သူများ သိရှိလိုသည့်အချက် များနှင့် အခက်အခဲများကို ၁၈၈၁ ဖုန်းခေါ် ဆိုမှုမှတစ်ဆင့် ဖြေရှင်းသွားမည်ဖြစ် ကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၏ ပြောကြားချက်အရ သိရသည်။

ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက သီလဝါအထူးစီးပွားရေးဇုန်ရှိ သီလဝါ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ရုံးခန်း၊ One Stop Service Center တွင် တာဝန်ရှိသူများနှင့် ဇူလိုင်လ ဒုတိယ ပတ်က တွေ့ဆုံစဉ် ပြောကြားခဲ့ခြင်းဖြစ် သည်။

“ရန်ကုန်မြို့ကို E-Yangon ဆိုပြီး ဆောင်ရွက်သွားမှာ ဖြစ်သလို ၁၈၈၁ ဖုန်းခေါ်ဆိုမှုကနေ အားလုံးကို ဖြေရှင်း ဆောင်ရွက်ပေးနိုင်ဖို့ စီစဉ်နေပါပြီ။ ခြောက်လအတွင်းမှာ အဆင့်သင့်ဖြစ်နိုင် ဖို့ ကြိုးစားနေပါပြီ။ One Stop Service ဟာ အရေးကြီးပါတယ်။ ယင်းကို ဆောင်




**သီလဝါအထူးစီးပွားရေးဇုန်အတွင်းရှိ One Stop Service Center ကိုတွေ့ရစဉ်**

ရွက်ခြင်းအားဖြင့် လာဘ်ပေးလာဘ်ယူမှု (Corruption) နဲ့ပတ်သက်ပြီး ဆောင် ရွက်နိုင်ပါမယ်။ အဂတိလိုက်စားမှု ကင်းချင် တယ်ဆိုရင် ဒီလုပ်ငန်းကို ကျွန်တော် တို့တွေ မဖြစ်မနေလုပ်ကို လုပ်ရပါမယ်” ဟု ဦးဖြိုးမင်းသိန်းက ပြောသည်။

တိုင်းဒေသကြီး အစိုးရအနေ ဖြင့် သီလဝါအထူးစီးပွားရေးဇုန်၏ One Stop Service ဆောင်ရွက် အောင်မြင်နေမှုအပေါ် အခြေပြုဆောင် ရွက်သွားမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသ ကြီးတွင် မြို့နယ်ပေါင်း ၄၅ မြို့နယ်ရှိသည့် အနက် သီးခြားဖြစ်နေသည့် ကိုကိုးကျွန်း မှအပ ကျန်မြို့နယ် ၄၄ မြို့နယ်တွင် ဝန်ဆောင်မှုလုပ်ငန်းတစ်ခုချင်းစီ တိုးမြှင့် ဆောင်ရွက်သွားရန် ပြင်ဆင်လျက်ရှိ ကြောင်း သိရသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က “ One Stop Service နဲ့ပတ်သက်ပြီး တိုင်းဒေသကြီးတစ်ခုလုံးကို လုပ်ဖို့ စီစဉ်ထားပါတယ်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ(YCDC) မှာ One Stop Service စတင်ဆောင် ရွက်နေပါပြီ။ နမူနာအနေနဲ့ကလည်း သီလဝါအထူးစီးပွားရေးဇုန်ကို အောင်မြင် မှုကို အခြေပြုပြီး ကျွန်တော်တို့ စဉ်းစား ထားတာပါ။ အရင်တုန်းက One Stop Service လုပ်မယ်ဆိုတဲ့ ပုံစံက Single Window မဖြစ်ပါဘူး။ အခုက ကျွန်တော် တို့ Single Window ပုံစံမျိုးလုပ်မယ်။ အစိုးရဝန်ထမ်းတွေ အတွက်လည်း တကယ့်ကို ရသင့်ရထိုက်တဲ့ အခွင့်အလမ်း တွေ ရနိုင်အောင်နဲ့ သူတို့ရရှိမှုကလည်း ဂုဏ်သိက္ခာရှိတဲ့ ရရှိမှုဖြစ်အောင် ကြိုးပမ်းသွားဖို့ ရှိပါတယ်။ ဒါက ကျွန်တော် တို့ ရန်ကုန်မှာ ဆောင်ရွက်မယ့်အခြေ အနေပါ”ဟု တိုင်းဒေသကြီးအစိုးရ အဖွဲ့ လက်ရှိဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် ဆောင်ရွက်သွားမည့် အစီအစဉ်များအားပြောကြားသည်။

တိုင်းဒေသကြီး အစိုးရဆောင်ရွက် နေသည့် E-Yangon နှင့်ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ ကရင်တိုင်း ရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်း သဉ္ဇာမျိုးက “တိုင်းဒေသကြီး အစိုးရအဖွဲ့ အနေနဲ့ E-government နဲ့E-yangon ဖြစ်ဖို့ ကြိုးစားနေတယ်။ ဒီလိုလုပ်ဆောင် နိုင်မယ်ဆိုရင် အဂတိလိုက်စားမှု တွေ၊ ပွင့်လင်းမြင်သာမှု မရှိတာတွေ အများကြီး ပျောက်ကွယ်သွားပြီး တိုးတက်လာမယ်။ ဒီစီမံကိန်းက သတင်း မီဒီယာတွေကို ထုတ်ပြန်ဖို့ပဲ ကျန်ပါ တော့တယ်။ E-government ဆိုတာ လုံခြုံရေးအရ အလွန်အရေးကြီးပါတယ်။ အလွန်အရေးကြီးတဲ့ အပိုင်းဖြစ်တာ ကြောင့် ကျွန်မတို့ ပညာရှင်တွေနဲ့ အပြန်အလှန်စမ်းသပ်နေပါတယ်။ ပြီးစီး တဲ့အခါကြရင် တိုင်းဒေသကြီးဝန်ကြီး ချုပ်ကိုယ်တိုင် သတင်းမီဒီယာတွေ အကုန်လုံးကို ဖိတ်ခေါ်ပြီး ပြည်သူတွေ ကို အစိုးရအဖွဲ့နဲ့ ဘယ်လိုဆက်သွယ်ပြီး လျှောက်လွှာတွေ တင်သွင်းရမယ်ဆိုတာ တွေကအစ Public Awareness ကို သတင်းမီဒီယာတွေကနေ ထုတ်ပြန်သွား ပါမယ်”ဟု သတင်းမီဒီယာများအား ပြောကြားထားသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့သည် သီလဝါအထူးစီးပွားရေးဇုန် အကောင် အထည်ဖော် ဆောင်ရွက်နေသည့် အခြေအနေ၊ သီလဝါအထူးစီးပွား ရေးဇုန် တွင် ဆောင်ရွက်နေသည့် One Stop Service အကြောင်း သိရှိရန်နှင့် သီလဝါအထူးစီးပွားရေးဇုန်အား လိုအပ် သည့် အကူအညီများ ထောက်ပံ့ပေးရန် လာရောက်ခြင်းဖြစ်ကြောင်း သီလဝါ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးဆက်အောင်ထံမှ သိရသည်။

ဦးဆက်အောင်က “ဝန်ကြီးချုပ် က သီလဝါအကြောင်း ဂဃနဏသိ အောင်လာ ကြည့်တယ်။ တိုင်းဒေသကြီး အစိုးရအဖွဲ့က သီလဝါအထူးစီးပွားရေး ဇုန်ကို Support လုပ်ပေးမယ်။ လိုအပ် တဲ့ အကူအညီပေးမယ်ဆိုတာတွေ ပြောသွားပါတယ်”ဟု ဆိုသည်။

ကျွန်တော်တို့ဆီမှာ ထူးခြားတာ တစ်ခုပေါ့၊ စီးပွားရေးဇုန်ပြင်ပမှာတောင် သေသေချာချာ ထိထိရောက်ရောက် မကောက်နိုင်သေးတဲ့ အခွန်တွေရှိနေပါ သေးတယ်။ သီလဝါမှာတော့ အခွန်နဲ့ ပတ်သက်ရင် အပြင်မှာတောင်ကောက် ဖို့ခဲယဉ်းနေတဲ့ commercial tax, withholding tax, income tax တွေ ကို အီလက်ထရွန်နစ်စနစ်နဲ့ အကုန်လုံး ရအောင်ကောက်ပါ့မယ်။ အီလက်ထရွန် စနစ်နဲ့ဆိုတော့ အခွန်မှန်သမျှ အားလုံး ကို တိတိကျကျ ဆောင်ရွက်နိုင်မယ်။


သီလဝါအထူးစီးပွားရေးဇုန်အတွင်း ရှိ One Stop Service Center တွင် မည်သည့် ဝန်ကြီးဌာနများကိုမျှ သွား ရောက်ရန်မလိုဘဲ ခွင့်ပြုမိန့်နှင့် ပါမစ်များ အားလုပ်ဆောင်နိုင်ပြီး ခွင့်ပြုမိန့်လျှောက် ထားရာတွင် One Stop Service Center သို့ လာရောက်ရန်ပင် မလိုအပ် ဘဲ online system အွန်လိုင်းစနစ်ဖြင့် လျှောက်ထားနိုင်ပြီဖြစ်သည်။ သီလဝါ အထူးစီးပွားရေးဇုန်တစ်ခုလုံး၏ ငွေပေး ချေမှုစနစ်သည် အီလက်ထရွန်နစ်ငွေပေး ချေစနစ်ကို ကျင့်သုံးလျက်ရှိသည်။

# တောင်တရုတ်ပင်လယ်အရေး နိုင်ငံတကာခုံရုံးဆုံးဖြတ်မှုရဲ့ ရိုက်ခတ်မှုများ

**လူလေးဝိုင်း**

**နိုင်ငံတကာခုံသမာဓိအဖွဲ့က တောင်တရုတ်ပင်လယ်မှာ အချုပ်အခြာအာဏာ ပိုင်စိုးမှုရှိတယ်ဆိုတဲ့ တရုတ်နိုင်ငံရဲ့တောင်းဆိုမှုကို ပယ်ချခဲ့ပါတယ်။ နယ်သာလန်နိုင်ငံ သည်ဟိတ်(The Haguc) မှာ ရုံးစိုက်တဲ့ နိုင်ငံတကာခုံရုံးကနေ ဆုံးဖြတ်ခဲ့တာပါ။ တရုတ်နိုင်ငံက နိုင်ငံတကာခုံရုံးရဲ့ဆုံးဖြတ်ချက်ကို လက်မခံပယ်ချခဲ့တာကလည်း အံ့သြစရာတော့ မဟုတ်ပါဘူး။ နိုင်ငံတကာခုံရုံးအဖွဲ့ရဲ့ဆုံးဖြတ်ချက်တွေကို ကြည့်ရအောင်ပါ။**

နိုင်ငံတကာခုံရုံးက တောင်တရုတ်ပင်လယ်ပြင်နယ်မြေပိုင်ဆိုင်မှုကို သုံးသပ်စဉ်းစားတဲ့အခါ သမိုင်းကြောင်းအရ ပိုင်ဆိုင်မှုအနေအထားကို ကြည့်ပါတယ်။ တောင်တရုတ်ပင်လယ်ပြင်ရဲ့ သွင်ပြင်လက္ခဏာတွေကို ထည့်သွင်းတွက်ချက်ပါတယ်။ တရုတ်နိုင်ငံက တောင်တရုတ်ပင်လယ်ပြင်ပေါ် ပိုင်ဆိုင်မှုတောင်းဆိုတာဟာ ဥပဒေနဲ့အညီဖြစ်ရဲ့လားဆိုတာကိုလည်း စိစစ်ပါတယ်။ တရုတ်နိုင်ငံရဲ့နယ်မြေတောင်းဆိုမှုဟာ ပင်လယ်ပြင်ဥပဒေဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းကို ချိုးဖောက်ခဲ့တယ်ဆိုတဲ့ ဖိလစ်ပိုင်နိုင်ငံရဲ့ တောင်းဆိုမှုကိုလည်း ချင့်ချိန်သုံးသပ်ပါတယ်။ ပြဿနာက နိုင်ငံတစ်နိုင်ငံရဲ့ အချုပ်အခြာအာဏာပိုင်နယ်မြေ သတ်မှတ်တဲ့ကိစ္စနဲ့ပတ်သက်ပြီး နိုင်ငံတကာဥပဒေ(ဒါမှမဟုတ်) သဘောတူညီချက်တို့ မရှိတာပါ။ တရုတ်နိုင်ငံဟာ နိုင်ငံတကာခုံရုံးအဖွဲ့ကဆုံးဖြတ်ချက်ချဖို့ လုပ်ဆောင်တာတွေကို လက်ခံအသိအမှတ်မပြုခဲ့သလို ပူးပေါင်းဆောင်ရွက်တာလည်း မရှိခဲ့ပါဘူး။ တရုတ်နိုင်ငံက ပိုင်ဆိုင်ပါတယ်ဆိုတဲ့ တောင်တရုတ်ပင်လယ်ပြင်ကို ကြည့်လိုက်ရင် တရုတ်နိုင်ငံရဲ့ တောင်ဘက်စွန်းပြည်နယ်ဖြစ်တဲ့ ဟိုင်နန်ပြည်နယ်ရဲ့ ပင်လယ်ကမ်းခြေကနေ မိုင်ရာနဲ့ချီဝေးကွာပါတယ်။ ခုံရုံးရဲ့သုံးသပ်ချက်မှာ တောင်တရုတ်ပင်လယ်ကို တရုတ်နိုင်ငံက ပိုင်ဆိုင်ပါတယ်ဆိုတဲ့ သမိုင်းကြောင်းဆိုင်ရာ အထောက်အထားမတွေ့ရဘူးလို့ ထည့်သွင်းဖော်ပြထားပါတယ်။ သမိုင်းကြောင်းကို ပြန်သုံးသပ်တဲ့အခါ တောင်တရုတ်ပင်လယ်ပြင်မှာ တရုတ်နိုင်ငံသားတွေ ငါးဖမ်းစီးပွားရှာခဲ့သလို တခြားနိုင်ငံတွေလည်း ငါးဖမ်းစီးပွားရှာခဲ့ကြပါတယ်။ ဒီတော့ တောင်တရုတ်ပင်လယ်ပြင်မှာ သမိုင်းစဉ်ဆက် ငါးဖမ်းစီးပွားရှာခဲ့တာကို အချုပ်အခြာအာဏာပိုင်နယ်မြေရဲ့ အထောက်အထားအဖြစ် အသုံးပြုမယ်ဆိုရင်တော့




အငြင်းပွားမှုဖြစ်ပွားသည့် တောင်တရုတ်ပင်လယ် ရေပိုင်နက်ပြ မြေပုံ




ဓာတ်ပုံ - ၁




ဓာတ်ပုံ - ၂

တောင်တရုတ်ပင်လယ်ပြင် ပိုင်ဆိုင်မှုကိစ္စကို နိုင်ငံတကာခုံရုံးထိကို တင်စရာတောင်မလိုပါဘူး။ ပူးတွဲဖော်ပြထားတဲ့မြေပုံမှာ အနီရောင်မျဉ်းတို ကိုးခုနဲ့ ဖော်ပြထားတဲ့ ပင်လယ်ပြင်ဧရိယာဟာ တရုတ်နိုင်ငံက ပိုင်ဆိုင်ပါတယ်လို့ တောင်းဆိုထားတဲ့ ပင်လယ်ပြင်အကျယ်အဝန်းပါ။ အပြာရောင်အစက်ကလေးတွေနဲ့ ရည်ညွှန်းထားတဲ့ ဧရိယာတွေကတော့ နိုင်ငံအလိုက် ပိုင်ဆိုင်တဲ့ သီးသန့်စီးပွားရေးဇုန်တွေပါ။ ကုလသမဂ္ဂပင်လယ်ပြင်ဥပဒေကွန်ဗင်းရှင်း (United Nations Convention on the Law of the Sea) ကနေ ဒီသီးသန့်စီးပွားရေးဇုန် (Exclusive Economic Zone-EEZ) ကို သတ်မှတ်ပေးတာပါ။ သီးသန့်စီးပွားရေးဇုန်ဟာ သက်ဆိုင်ရာနိုင်ငံရဲ့ပင်လယ်ကမ်းခြေအစပ် (Baseline) ကနေ ရေမိုင် ၂၀၀ အကွာအဝေးအထိ နယ်မြေဧရိယာကို သတ်မှတ်ပေးတာပါ။ မြေပုံမှာ ဖော်ပြထားတဲ့ အဝါနုရောင်အဝိုင်းစက်ကလေးတွေဟာ အငြင်းပွားနေတဲ့ ကျွန်းတွေကို ရည်ညွှန်းထားတာပါ။ တရုတ်နိုင်ငံတောင်းဆိုထားတဲ့ တောင်တရုတ်ပင်လယ်ပြင် နယ်နိမိတ်ထဲမှာ ဖိလစ်ပိုင်နိုင်ငံရဲ့ သီးသန့်စီးပွားရေးဇုန် ပါဝင်နေတာကို တွေ့ရမှာပါ။

နိုင်ငံတကာခုံရုံးက ပင်လယ်ပြင်ပိုင်ဆိုင်မှုအပေါ် စဉ်းစားသုံးသပ်တဲ့အခါ ဒီပင်လယ်ပြင်မှာရှိနေတဲ့ ကျောက်တန်းလို၊ ကျွန်းတွေလို၊ ရေမကျောက်တုံးကြီးတွေလို ထင်ရှားတဲ့ သွင်ပြင်လက္ခဏာတွေကို ထည့်စဉ်းစားပါတယ်။ ကျောက်တန်းတွေဟာ ဒီရေတက်လာတဲ့အချိန်မှာ ပင်လယ်ရေမျက်နှာပြင်မှာ ပေါ်နေနိုင်တဲ့အနေအထားမျိုးရှိမှပဲ ပိုင်ဆိုင်မှုနယ်မြေအဖြစ် သတ်မှတ်ဖို့ နိုင်ငံတကာခုံရုံးကလက်ခံစဉ်းစားပါတယ်။ ဒီအချက်ကြောင့် တရုတ်နိုင်ငံက အငြင်းပွားရာပင်လယ်ပြင်မှာ မြေကြီးတွေဖို့၊ ကျွန်းတွေဖန်တီးပြီး နိုင်ငံတကာခုံရုံးကနေ စဉ်းစားနိုင်တဲ့ အခြေအနေမျိုးရှိလာအောင် ဆောင်ရွက်နေတာပါ။ ဒါပေမယ့်လည်း နိုင်ငံတကာခုံရုံးက သူတို့အခြေခံစဉ်းစားမယ့် ပင်လယ်ပြင် သွင်ပြင်လက္ခဏာတွေဟာ သဘာဝအရဖြစ်နေတာမျိုးပဲ ဖြစ်ရမယ်လို့ ထောက်ပြထားပါတယ်။ နိုင်ငံတကာခုံရုံးက ရေမကျောက်တုံးကြီးတွေကို ကျွန်းတွေနဲ့ ဘယ်လိုခွဲခြား သတ်မှတ်သလဲဆိုတာကလည်း စိတ်ဝင်စားစရာပါ။ နိုင်ငံတကာခုံရုံးရဲ့အဓိပ္ပာယ်ဖွင့်ဆိုချက်အရ လူသားတွေကိုယ့်ဘာသာကိုယ်အသက်ရှင်နေထိုင်နိုင်တဲ့ အနေအထားမျိုးမရှိခဲ့ရင် ဒါဟာ ရေမကျောက်တုံးကြီးတွေပါ၊ လူသားတွေ ကိုယ့်ဘာသာကိုယ် သက်ရှင်နေထိုင်နိုင်တဲ့အနေအထားမျိုးရှိခဲ့ရင် ဒါဟာ ကျွန်းပါ။ သမိုင်းအရ အငြင်းပွားနေတဲ့ စပရက်လေကျွန်းစု (Spratly Islands) ကို တံငါသည်တွေနဲ့ ပင်လယ်ငှက်ချေးရှာသူတွေပဲ ခဏယာယီသဘောရောက်ခဲ့ကြတာပါ။ ပင်လယ်ငှက်ချေးတွေကို မြေသြဇာအတွက် အသုံးပြုကြပါတယ်။ ဒါကြောင့် စပရက်လေကျွန်းစုကို အခြေခံလို့ပဲဖြစ်ဖြစ်၊ စပရက်လေကျွန်းစုထဲမှာပါတဲ့ ကျွန်းတစ်ခုခုကိုပဲဖြစ်ဖြစ် ပင်လယ်ပြင်ပိုင်နက်နယ်မြေ သတ်မှတ်ပေးဖို့ကတော့ မဖြစ်နိုင်ပါဘူး။ ဒီအချက်အပေါ်အခြေခံပြောရရင် အငြင်းပွားပင်လယ်ပြင်နယ်မြေတချို့ဟာ ဖိလစ်ပိုင်နိုင်ငံရဲ့ သီးသန့်စီးပွားရေးဇုန်(EEZ)ထဲမှာရှိနေတာရှင်းနေတဲ့အတွက် တရုတ်နိုင်ငံက ပိုင်ဆိုင်ပါတယ်လို့ တောင်းဆိုပိုင်ခွင့်မရှိပါဘူး။ ဒါကြောင့်လည်း တရုတ်နိုင်ငံရဲ့ဆောင်ရွက်ချက်တွေဟာ ဖိလစ်ပိုင်နိုင်ငံရဲ့ အချုပ်အခြာအာဏာကို ချိုးဖောက်နေတယ်လို့ ဆုံးဖြတ်ခဲ့တာပါ။ ဒီနေရာမှာ တရုတ်နိုင်ငံရဲ့ ဆောင်ရွက်ချက်တွေက ဘာတွေလဲဆိုတာကို ရှင်းဖို့ လိုလာပါတယ်။ အငြင်းပွားနေတဲ့ပင်လယ်ပြင်မှာ တရုတ်တံငါသည်တွေကို ငါးဖမ်းခွင့်ပြုသလို ရေနံတူးခွင့်လည်းပြုပါတယ်။ ကျွန်းတုတွေကိုလည်း ဖန်တီးပါတယ်။ သန္တာကျောက်တန်းကိုလည်းထိခိုက်စေခဲ့ပါတယ်။ ဒီအချက်ကတော့ ပျက်စီးပျောက်ကွယ်သွားနိုင်တဲ့ သဘာဝပတ်ဝန်းကျင်တွေကို ထိန်းသိမ်းပေးပါမယ်ဆိုတဲ့ တရုတ်နိုင်ငံရဲ့ နိုင်ငံတကာ ကတိကဝတ်တွေအပေါ် ချိုးဖောက်တဲ့သဘောမျိုးဖြစ်နေပါတယ်။ တရုတ်တံငါသည်တွေက မျိုးတုံးပျောက်ကွယ်သွားနိုင်တဲ့ ပင်လယ်လိပ်ကြီးတွေနဲ့ ခုံးကောင်တွေ အကြီးအကျယ်ဖမ်းဆီးနေတာကို တရုတ်အာဏာပိုင်တွေက သိပေမယ့် မမြင်ချင်ယောင်ဆောင်နေပါတယ်။

နိုင်ငံတကာခုံရုံးက ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်နိုင်ဖို့ ကိုင်တွယ်ဆောင်ရွက်နေတဲ့အချိန်မှာ အငြင်းပွားမှုမှာ တိုက်ရိုက်ပါဝင်ပတ်သက်နေတဲ့ နိုင်ငံဖြစ်ပေမယ့် ကိုယ့်သဘောနဲ့ကိုယ် ကျွန်းတုတွေ ဖန်တီးတည်ဆောက်ခဲ့တဲ့ကိစ္စဟာ နိုင်ငံတကာကျင့်ဝတ်နီတိတွေကို ချိုးဖောက်ခဲ့တာပဲလို့ နိုင်ငံတကာခုံရုံးက ယူဆရှုမြင်ပါတယ်။ တရုတ်နိုင်ငံက နိုင်ငံတကာခုံရုံးရဲ့ဆုံးဖြတ်ချက်ကိုကန့်ကွက်ခဲ့ပြီး သူ့နိုင်ငံအနေနဲ့ အသိအမှတ်ပြု လက်ခံမှာမဟုတ်ဘူးလို့ ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။ အံ့သြစရာကိစ္စမဟုတ်ပေမယ့် တရုတ်နိုင်ငံထုတ် သတင်းမီဒီယာတွေမှာ တရုတ်နိုင်ငံရဲ့ နိုင်ငံတကာခုံရုံးဆုံးဖြတ်ချက်အပေါ် ကန့်ကွက်မှုကို အခိုင်အမာထောက်ခံကြတာကိုတွေ့ရပါတယ်။ ဟီနန်ပြည်နယ်ရဲ့ Dahe Daily သတင်းစာမျက်နှာဖုံးမှာ ဆုတ်ဖြဲလုံးခြေထားတဲ့ စက္ကူလုံးပေါ်မှာ သည်ဟိတ်ခုံရုံးဆုံးဖြတ်ချက်လို့ ရေးထားပြီး အမှိုက်ပုံးထဲပစ်ထည့်နေတဲ့ပုံကို ဖော်ပြထားပါတယ် **(ဓာတ်ပုံ-၁)**။ နန်ဂျင်း(Nanjing)ရဲ့ Modern Express သတင်းစာမျက်နှာဖုံးမှာ တောင်တရုတ်ပင်လယ်ကိုပါ ထည့်သွင်းထားတဲ့ တရုတ်နိုင်ငံရဲ့မြေပုံကို ဖော်ပြထားပြီး "ကျွန်ုပ်တို့ ဤဆုံးဖြတ်ချက်ကို လက်မခံသကဲ့သို့ အသိအမှတ်လည်းပြုမည်မဟုတ်" လို့ရေးသားထားပါတယ် **(ဓာတ်ပုံ-၂)**။ ဂေါင်ဇူ(Guangzhou)ထုတ် သတင်းစာမျက်နှာဖုံးမှာတော့ Modern Express မှာဖော်ပြထားတဲ့ စာသားကိုပဲ အဖြူနောက်ခံပေါ်မှာ အမည်းရောင် စာလုံးတွေနဲ့တင်ပြထားပါတယ် **(ဓာတ်ပုံ-၃)**။ ရှန်ရန်းညနေသတင်းစာ(Shenyang Evening Post)ကတော့ မျက်နှာဖုံးထိပ်စီးစာလုံးမှာ "တစ်သားတည်းသောနှလုံးသားများက လက်တွဲညီညီ ယှက် ယက်ကာကွယ်ကြမယ်၊ ဒါဟာ ကျွန်ုပ်တို့ပင်လယ်ပြင်ပါ"လို့ ရေးသားဖော်ပြထားပါတယ် **(ဓာတ်ပုံ-၄)**။ ဟန်ဇူး(Hangzhon) အခြေစိုက် Youth Times သတင်းစာ




ဓာတ်ပုံ - ၃




ဓာတ်ပုံ - ၄




ဓာတ်ပုံ - ၅

မျက်နှာဖုံးမှာတော့ တောင်တရုတ်ပင်လယ်ပြင်ကိုပါ ထည့်သွင်းဖော်ပြထားတဲ့ တရုတ်နိုင်ငံမြေပုံကို ဖော်ပြထားပြီး "ပိုခြင်း လိုခြင်း ကင်းမဲ့သော တရုတ်နိုင်ငံတော်" လို့ ရေးသားထားပါတယ် **(ဓာတ်ပုံ-၅)**။ မျိုးချစ်စိတ်ဓာတ်ဆိုတာလူမျိုးတိုင်း နိုင်ငံတိုင်းရဲ့ဗီဇသန္ဓေဆိုပေမယ့် ဒီဗီဇသန္ဓေကိုအကြောင်းပြုပြီး ကမ္ဘာ့နိုင်ငံအတော်များများနဲ့ အငြင်းပွားရပြီဆိုရင်တော့ ပြန်သုံးသပ်ဖို့လိုနေပါပြီ။

**( REF - BBC )**

## ၂၀၁၆ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် အာဇာနည်နေ့နှင့် ဇူလိုင် ၂၀၊ ၂၁ ရက်တို့တွင် ဗိုလ်ချုပ်နေအိမ်ပြတိုက်များသို့ အများပြည်သူ အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်

**နေပြည်တော် ဇူလိုင် ၁၄**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနသည် ဗိုလ်ချုပ်အောင်ဆန်း နေထိုင်ခဲ့သည့်နေအိမ်များဖြစ်သော ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်း ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်နှင့် နတ်မောက်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်တို့အား ထိန်းသိမ်းလျက်ရှိပြီး အများပြည်သူလေ့လာကြည့်ရှုနိုင်ရန် ခင်းကျင်းပြသလျက်ရှိသည်။ ထို့အတူ ဇူလိုင် ၁၉ ရက်တွင် ကျရောက်သည့် အာဇာနည်နေ့တွင် အထက်ပါ နေအိမ်ပြတိုက်တို့ကို အများပြည်သူ အခမဲ့လေ့လာကြည့်ရှုနိုင်ရန် နှစ်စဉ် ခွင့်ပြုပြသခဲ့သည်။

ယခု ၂၀၁၆ ခုနှစ်တွင် အာဇာနည်နေ့ဖြစ်သည့် ဇူလိုင် ၁၉ ရက်အပြင် ဇူလိုင် ၂၀၊ ၂၁ ရက်အထိ အများပြည်သူ အခမဲ့ လေ့လာကြည့်ရှုနိုင်ရေးအတွက် ရက်တိုးမြှင့်ခွင့်ပြုပြသသွားမည်ဖြစ်ကြောင်း သိရပြီး ဗိုလ်ချုပ်နေထိုင်လှုပ်ရှားသွားလာခဲ့သည့် အမှတ်တရရှားပါးဓာတ်ပုံမှတ်တမ်းများ၊ အသုံးအဆောင်ပစ္စည်းများ၊ လက်ရေးမူများကို စိတ်ဝင်စားဖွယ် ခင်းကျင်းပြသနိုင်ရေး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

❒ *ကျောဖုံးမှ*

ဆည်မြောင်းက ပေးထားတဲ့ လမ်းကြောင်းအတိုင်း မြေပြိုဆည်ပေါက်သွားတာ"ဟု ဆည်မြောင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမော်မော်နိုင်ကပြောသည်။

မြေပြိုဆည်သည် ဆည်မြောင်းဦးစီးဌာနက တူးဖော်ပေးထားသော ရေလမ်းကြောင်းအတိုင်း ကျိုးပေါက်သွားခြင်းဖြစ်ပြီး ကျိုးပေါက်မှုမှာ အကျယ်ပေ ၅၀၀ ခန့်နှင့် အနက်ပေ ၃၀၀ ခန့်ဖြစ်၍ မြေပြိုဆည်အတွင်း ရေအနည်းငယ်သာ ကျန်ရှိတော့ကြောင်းသိရသည်။

ကလေးမြို့ ဒေသခံတစ်ဦးဖြစ်သူ ကိုကျော်သက်ဝင်းက "မြေပြိုဆည်ပေါက်သွားတဲ့သတင်းကြောင့် ဒေသခံတွေရဲ့ စိုးရိမ်မှုက လျော့ကျသွားတယ်" ဟုပြောသည်။

ဇူလိုင် ၃ ရက်က အဆိုပါမြေပြိုဆည်ကျိုးပေါက်မှုကြောင့် တွီလီချောင်းမှ တစ်ဆင့် မိုးရေများ အလုံးအရင်းဖြင့် နန်းတားဆည်အား ဖြတ်ကျော်ကာ ရာဇဂြိုလ်ဆည်အတွင်း ဝင်ရောက်လာပြီး နံနက် ၁၀ နာရီ ၄၅ မိနစ်တိုင်းတာချက်အရ အမြင့်ဆုံးရေမှတ် ၆၅၁ ဒသမ ၅ အထိ ရောက်ရှိခဲ့ပြီး ရာဇဂြိုဟ်ဆည်အထက်တွင်ရှိသည့် နန်းတားဆည်များ ပျက်စီးမှုအချို့ ရှိခဲ့ကြောင်း ဆည်မြောင်းဦးစီးဌာနမှ သိရသည်။




# တောင်တရုတ်ပင်လယ်အရေး တိတ်တဆိတ် သံတမန်နည်းလမ်းများ အမေရိကန်အသုံးပြု

**ဝါရှင်တန် ဇူလိုင် ၁၄**

အမေရိကန်သည် ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများအား တောင်တရုတ်ပင်လယ်ရေပိုင်နက်ပိုင်ဆိုင်ရေး တရုတ်နိုင်ငံ၏တောင်းဆိုမှုကို ပယ်ချခဲ့သည့် နိုင်ငံတကာခုံရုံးအဆုံးအဖြတ်ကို အခွင့်အရေးတစ်ခုအနေဖြင့်အသုံးမချရန် တိတ်တဆိတ်သံတမန် နည်းလမ်းများဖြင့် စည်းရုံးလျက်ရှိကြောင်း အမေရိကန်အုပ်ချုပ်ရေးအာဏာပိုင်များက ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။

"ကျွန်တော်တို့ ဖြစ်စေချင်တာကတော့ စိတ်လိုက်မာန်ပါလုပ်ဆောင်တာမျိုး မဟုတ်ဘဲ ဒီကိစ္စရပ်အပေါ်မှာ အကျိုးသင့်အကြောင်းသင့်နဲ့ အေးအေးချမ်းချမ်းဖြေရှင်းဖို့ပါပဲ"ဟု အာဏာပိုင်တစ်ဦးက ပြောကြားခဲ့သည်။

သံတမန်ရေးရာ မက်ဆေ့ချ်ပေးပို့မှုကို ကာကွယ်ရေးဝန်ကြီး အက်ရှ်ကာတာ၊ နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့် အခြားသော အကြီးတန်းအာဏာပိုင်များကို ထိပ်တန်း အာဏာပိုင်များထံ တိုက်ရိုက်စေလွှတ်၍သော်လည်းကောင်း၊ ဝါရှင်တန်ရှိ နိုင်ငံခြားရေးမစ်ရှင်အဖွဲ့နှင့် သံအဖွဲ့မှလည်းကောင်း မက်ဆေ့ချ်ပေးပို့မှု လုပ်ဆောင်ခဲ့ကြောင်း သတင်းရင်းမြစ်များက ဖော်ပြသည်။

**(ရိုက်တာ)**

# ကွင်းဆက်လူသတ်သမားကို ဖော်ထုတ်နိုင်ရေး အရီဇိုးနားပြည်နယ်မှ ရဲများကြိုးပမ်း


**အရီဇိုးနား ဇူလိုင် ၁၄**

အရီဇိုးနားပြည်နယ်မှ ရဲများသည် လူခုနစ်ဦးကို ပစ်ခတ်ခဲ့သည့်လက်သည်မှာ တစ်ဦးတည်းပင်ဖြစ်သည်ဟု သံသယရှိကြောင်း ပြောခဲ့သည်။ ပထမဦးဆုံး ပစ်ခတ်မှုမှာ မတ်လအတွင်းက လမ်းလျှောက်နေသည့်လူနှစ်ဦးကို ပစ်ခတ်ခဲ့ခြင်းဖြစ်ပြီး ၎င်းတို့နှစ်ဦးစလုံးမှာ အသက်မသေခဲ့ပေ။ နောက်ဆုံးဖြစ်ပွားခဲ့သည့် ပစ်ခတ်မှုမှာ ဇွန် ၁၂ ရက်က ဖီးနစ်အနောက်ပိုင်း နေအိမ်အပြင်ဘက်၌ပင် အမျိုးသမီးသုံးဦး ပစ်သတ်ခံရခြင်းဖြစ်သည်။

ပစ်ခတ်မှုအားလုံးမှာ ညအချိန်၌ပင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လူသတ်သမားမှာ မည်သူမည်ဝါဟူ၍ ပစ်မှတ်ထား တိုက်ခိုက်ခြင်းမျိုးမဟုတ်ဘဲ ကြုံရာပစ်ခတ်ခြင်းပင်ဖြစ်သည်။ မျက်မြင်သက်သေတစ်ဦးက စုံထောက်များရှာဖွေရာတွင် အထောက်အကူဖြစ်စေရေး ပုံကြမ်းဆွဲနိုင်ရန် ကူညီခဲ့သည်။

ရဲများက သံသယရှိသူမှာ စပိန်နွယ်ဝင်တစ်ဦးဖြစ်သည်ဟု ဖော်ပြကြပြီး ၎င်း၏ အသက်မှာ ၂၀ မှ ၃၀ ကြားရှိသည်ဟု ယူဆကြသည်။ ဖီးနစ်ရဲချုပ် ဂျိုးဇက် ယာနာကမူ ပြစ်မှုကျူးလွန်သူနှင့်ပတ်သက်၍ တစ်စုံတစ်ဦးက သိရှိနေမည်ဟု ယူဆရကြောင်း ဤအမှုကိုဖြေရှင်းရန် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောခဲ့သည်။

**(ဘီဘီစီ)**




# အိုင်အက်စ်အဖွဲ့ဝင်ခေါင်းဆောင်တစ်ဦးဖြစ်သည့် ရှီရှာနီသေဆုံးကြောင်းသတင်းထွက်ပေါ်

**ဘဂ္ဂဒက် ဇူလိုင် ၁၄**

ပင်တဂွန်ဌာနချုပ်က အိုင်အက်စ်အစွန်းရောက်အဖွဲ့၏ "စစ်ပွဲများသခင်"ဟု ဖော်ပြခဲ့သည့် အဘူအိုမာအယ်လ်ရှီရှာနီသည် မိုဆူးလ်မြို့တောင်ပိုင်း အီရတ်နိုင်ငံရှိ



မြို့တော်ရှားကွက်တ်၌ ဖြစ်ပွားသည့် တိုက်ပွဲအတွင်း သေဆုံးသွားကြောင်း စစ်သွေးကြွအဖွဲ့အား ထောက်ခံသည့် သတင်းအေဂျင်စီအဖွဲ့က ဗုဒ္ဓဟူးနေ့တွင် ဖော်ပြသည်။

ရှီရှာနီသည် ဆီးရီးယား၌ အမေရိကန်လေကြောင်း တိုက်ခိုက်မှုအတွင်း သေဆုံးသွားဟန်တူကြောင်း၊ သို့သော်လည်း ယခုသတင်းထုတ်ပြန်မှုသည် ၎င်း၏သေဆုံးမှုကို အဖွဲ့၏ပထမဆုံး သတင်းထုတ်ပြန်မှုဖြစ်ကြောင်း ပင်တဂွန်အဖွဲ့ချုပ်က ပြောကြားခဲ့သည်။

ဘဂ္ဂဒက်၌ တပ်စွဲလျက်ရှိသည့် အီရတ်အစိုးရအဖွဲ့၏အကြံပေးဖြစ်သူ လုံခြုံရေးကျွမ်းကျင်သူ ဟစ်ရှန်အယ်လ်ဟာရှမီက ရှားကွက်တ်မှရရှိသည့် သတင်းရင်းမြစ်များက ရှီရှာနီသည် အခြားသောစစ်သွေးကြွအဖွဲ့များနှင့်အတူ သေဆုံးခဲ့သည်မှာ သေချာသည်ဟုဆိုသည်။

အီရပ်တပ်ဖွဲ့ဝင်အင်အားစုများသည် အိုင်အက်စ်တို့ ထိန်းချုပ်ထားခြင်းခံရသော မြို့ကြီးဖြစ်သည့် မိုဆူးလ်သို့အလုံးအရင်းဖြင့် ချီတက်လျက်ရှိသည်။

**(ရိုက်တာ)**

# အီရန်တို့ ဒုံးကျည်အစီအစဉ်ကို လက်လျှော့မည်မဟုတ်ဟုဆို

**တီဟီရန် ဇူလိုင် ၁၄**

အီရန်နိုင်ငံခြားရေးဝန်ကြီးရုံးက အီရန်နိုင်ငံ၏ဒုံးကျည်အစီအစဉ်မှာ နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားအတွက် ဖြစ်ပြီး ယင်းအစီအစဉ်ကို လက်လွှတ်မည်မဟုတ်ဟု ဗုဒ္ဓဟူးနေ့တွင်ပြောခဲ့ကြောင်း ပရက်စ်တီဗွီသတင်းဌာနက ဖော်ပြသည်။

အီရန်နိုင်ငံ၏ ဒုံးကျည်အစီအစဉ်ကို ကာကွယ်ရေးရည်ရွယ်ချက်ဖြင့် လုပ်ဆောင်နေခြင်းဖြစ်ပြီး နိုင်ငံ၏အမျိုးသားအကျိုးစီးပွားအတွက် အခြားသူများ၏ အမြင်များမှာအရေးမကြီးဟု အီရန်နိုင်ငံ၏ နျူကလီးယားစေ့စပ်ညှိနှိုင်းသူ Hamid Ba'eedinejad က အနောက်နိုင်ငံများ၏ အီရန်ဒုံးကျည်အစီအစဉ်နှင့် ပတ်သက်၍ကန့်ကွက်မှုများကို တုန့်ပြန်ပြောကြားခဲ့သည်။

နိုင်ငံရပ်ခြားမှ ကန့်ကွက်မှုများသည် အီရန်နိုင်ငံ၏ ဒုံးကျည်အစီအစဉ်ကို နောက်ဆုတ်သွားအောင် မလုပ်နိုင်ကြောင်း၊ အီရန်ဒုံးကျည်အစီအစဉ်မှာ ဒေသတွင်းနိုင်ငံများနှင့် အခြားသော တိုင်းပြည်များကို ခြိမ်းခြောက်ရန်မရည်ရွယ်ကြောင်းလည်း ၎င်းကပြောခဲ့သည်။ အီရန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဘာဟမ်ကွာစမီကလည်း တနင်္လာနေ့က အီရန်ဒုံးကျည်အစီအစဉ်နှင့်ပတ်သက်၍ နေတိုးအဖွဲ့၏ စိုးရိမ်မှုသံသယများကိုလည်း ချေဖျက်ပြောဆိုခဲ့သည်။

**(ဆင်ဟွာ)**

# တောင်ဆူဒန်မှ နိုင်ငံခြားသားများကို ကယ်တင်

**ဂျူဘား ဇူလိုင် ၁၄**

တောင်ဆူဒန်နိုင်ငံ၌ ပဋိပက္ခတိုက်ပွဲများအတွင်း လူရာပေါင်းများစွာ သေဆုံးခဲ့ပြီးနောက် နိုင်ငံပေါင်းများစွာတို့သည် ၎င်းတို့၏ နိုင်ငံသားများကို တောင်ဆူဒန်မှ ထွက်ခွာရေးလုပ်ဆောင် နေကြပြီဖြစ်သည်။ ဂျာမနီ၊ အင်္ဂလန်၊ အီတလီ၊ ဂျပန်၊ အိန္ဒိယနှင့် ယူဂန်ဒါနိုင်ငံတို့သည် ၎င်းတို့၏ နိုင်ငံသားများကို တောင်ဆူဒန်မှ ထွက်ခွာကယ်တင်နိုင်ရေး စတင်လုပ်ဆောင်နေပြီဖြစ်သည်။ တောင်ဆူဒန်သမ္မတ ဆယ်လ်ဗာကီယာနှင့် ဒုတိယသမ္မတ ရိခ်မာချာတို့သည် မြို့တော်ဂျူဘား၌ အပစ်အခတ်ရပ်စဲရေး ဒုတိယနေ့အဖြစ် ဆက်လက်ဆွေးနွေးနေကြသည်။ ဒုတိယသမ္မတမာချာနှင့် ၎င်း၏တပ်ဖွဲ့ဝင်များသည် နောက်ထပ်ထိပ်တိုက်ရင်ဆိုင်မှုများမှ ရှောင်ရှားရန် ဂျူဘားမြို့မှ ထွက်ခွာသွားကြသည်။

အန္တရာယ်ဒေသမှ လူများကယ်တင်ရေးလုပ်ငန်းများကို တပ်ဖွဲ့ဝင်များ၏ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိပြီး စီးပွားရေးလေကြောင်းလိုင်းများ ပျံသန်းမှုကို ရပ်နားထားဆဲဖြစ်သည်။

ဂျူဘားရှိ အမေရိကန်သံရုံးက အမေရိကန်နိုင်ငံသားအားလုံးမှာ တောင်ဆူဒန်အတွင်းမှ ထွက်ခွာလိုကြကြောင်း၊ သာမန်ဝန်ထမ်းများကို ကယ်တင်ရွှေ့ပြောင်းနိုင်ရေး လေယာဉ်များကို စုစည်းထားခြင်းဖြစ်ကြောင်း ပြောခဲ့သည်။

နောက်ပိုင်းတွင် အမေရိကန်သမ္မတ ဘားရက်အိုဘားမားက တောင်ဆူဒန်ရှိ အမေရိကန်သံရုံးနှင့် ဝန်ထမ်းများကို ကာကွယ်ရန် တပ်ဖွဲ့ဝင် ၄၇ ဦးကို စေလွှတ်မည်ဟု ကြေညာခဲ့သည်။ ထို့ပြင် လိုအပ်ပါက အဆင်သင့်တပ်ဖြန့်ချထားနိုင်ရေးအတွက်လည်း ဂျီဘူတီသို့ တပ်ဖွဲ့ဝင် ၁၃၀ ကျော် စေလွှတ်ခဲ့ပြီးဖြစ်သည်။

ဂျာမနီ နိုင်ငံခြားရေးဝန်ကြီးက ဂျာမနီ၏ လေတပ်သည် ဥရောပနိုင်ငံသားများနှင့် ဂျာမနီနိုင်ငံသားများကို ကယ်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ပြောခဲ့သည်။

**(ဘီဘီစီ)**



**တောင်ဆူဒန်ဆိုတဲ့နိုင်ငံဟာ ပေါ်ပေါက်လာတာ သိပ်မကြာသေးပါဘူး။ အာဖရိကအလယ်ပိုင်းမှာရှိပြီး နိုင်ငံပေါင်း ခြောက်နိုင်ငံနဲ့ နယ်နိမိတ်ချင်းထိစပ်နေပါတယ်။ ရေနံကြွယ်ဝတဲ့ နိုင်ငံဖြစ်ပေမယ့် ဆယ်စုနှစ်ပေါင်းများစွာ ပြည်တွင်းစစ်ထဲမှာနစ်မွန်းနေခဲ့ပြီး ကမ္ဘာပေါ်မှာရှိတဲ့ ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံးထဲက ဒေသတစ်ခုပါ။ တိုင်းပြည်အတွင်းမှာ နေထိုင်ကြတဲ့ ၁၅ ရာခိုင်နှုန်းသော ပြည်သူတွေသာ မိုဘိုင်းဖုန်းကိုင်နိုင်ကြပါတယ်။ ရေိယာအကျယ်အဝန်းကတော့ စပိန်နဲ့ပေါ်တူဂီပေါင်းစပ်ထားတာထက် ပိုပြီးကျယ်ပြန့်ပေမယ့် နိုင်လွန်ကတ္တရာလမ်းမကြီးကတော့ အနည်းငယ်ပဲရှိပါတယ်။**

# ပြည်တွင်းစစ်တစ်ခုထပ်မံပေါ်ပေါက်လာမှာကို စိုးရိမ်နေရတဲ့ တောင်ဆူဒန်

**ချူးစန္ဒီနွေး**

နိုင်းမြစ်ဟာ သယ်ယူပို့ဆောင်ရေးနဲ့ ကူးသန်းရောင်းဝယ်ရေးတို့အတွက် ပဓာနကြပြီး ကျွဲ၊ နွားကတော့ တောင်ဆူဒန်ရဲ့ မရှိမဖြစ်လိုအပ်တဲ့အရာတွေပါပဲ။ တောင်ဆူဒန်မှာရှိတဲ့ လူတစ်ယောက်ရဲ့ကြွယ်ဝမှုကို တိုင်းတာချင်ရင် သူပိုင်တဲ့ ကျွဲ၊ နွားအုပ်နဲ့ တိုင်းတာလို့ရပါတယ်။

၂၀၁၁ ခုနှစ်မှာ ဆူဒန်ကနေ တောင်ဆူဒန်အဖြစ် ခွဲထွက်ဖို့မဲပေးမှုတွေအပြီး လွတ်လပ်ရေးရခဲ့ပါတယ်။ ဒါပေမယ့်လည်း သူ့ရဲ့သမိုင်းကြောင်းတစ်လျှောက်မှာ နှစ်ပေါင်းများစွာကြာအောင် ဖြစ်ပွားနေတဲ့ပြည်တွင်းစစ်ဟာ အနှောင့်အယှက်အဟန့်အတားသဖွယ်ဖြစ်နေခဲ့ပါတယ်။ ဆူဒန်ကနေခွဲထွက်အပြီး တောင်ဆူဒန်အစိုးရဟာ ရေနံပိုမိုရရှိရေး ကြိုးပမ်းခဲ့တယ်။

နယ်စပ်မှာဖြစ်ပွားနေတဲ့ တိုက်ပွဲတွေ၊ မျိုးနွယ်စုတွေကြားပေါ်ပေါက်နေတဲ့ ပဋိပက္ခတွေနဲ့ လက်နက်ကိုင်သောင်းကျန်းသူအချို့ဟာ မြို့တော်ဂျူဘားနဲ့ဝေးတဲ့တစ်နေရာမှာ တိုက်ပွဲတွေ ဖြစ်ပွားနေပါတယ်။ တိုင်းပြည်အတွင်း အကြီးဆုံးအင်အားစုဖြစ်တဲ့ ဒင်ကာမျိုးနွယ်စုမှ သမ္မတဆယ်လ်ဗာကီယာဟာ ဒုတိယအကြီးဆုံးအင်အားစုဖြစ်တဲ့ ဒုတိယသမ္မတရိခ်မာချာကို ဖယ်ထုတ်လိုက်ပြီးနောက် အာဏာရ SPLM ပါတီမှာ အက်ကွဲကြောင်းတွေစတင်လာပါတော့တယ်။

နိုင်ငံရေးရန်ပွဲကနေတစ်ဆင့် လူမျိုးစုရန်ပွဲတွေအထိဖြစ်လာပြီး သမ္မတကီယာကတော့ ဒါတွေအားလုံးဟာ ဒုတိယသမ္မတမာချာကြောင့်ဖြစ်ရတာလို့ပဲ လက်ညှိုးထိုးခဲ့ပါတယ်။ မစ္စတာ မာချာကစွပ်စွဲမှုအားလုံးကို ငြင်းဆိုခဲ့ပြီး သမ္မတကီယာဟာ လာဘ်စားမှုတွေကိုလည်း ကောင်းကောင်းမကိုင်တွယ်နိုင်ဘူးလို့ ပြန်ပြီးဝေဖန်ခဲ့ပါတယ်။

တောင်ဆူဒန်နိုင်ငံရဲ့ လွတ်လပ်ရေးရတာငါးနှစ်ပြည့် အထိမ်းအမှတ်နှစ်ပတ်လည်မှာတော့ အင်အားကြီးအုပ်စုနှစ်စုကြား တိုက်ပွဲတွေ အပြင်းအထန်ဖြစ်ပွားခဲ့ပါတယ်။ လူပေါင်း ၁၅၀ ကျော် သေဆုံးခဲ့ပြီး ပျက်စီးဆုံးရှုံးမှု များစွာဖြစ်ပေါ်ခဲ့တယ်လို့ အစိုးရဘက်ကအတည်ပြုခဲ့ပေမယ့်အတိအကျတော့မဟုတ်ပါဘူး။ သောကြာနေ့ညက သမ္မတကီယာရဲ့တပ်ဖွဲ့ဝင်တွေနဲ့ ဒုတိယသမ္မတ ရိခ်မာချာရဲ့တပ်ဖွဲ့ဝင်တွေကြား တိုက်ပွဲတွေဖြစ်ပွားခဲ့ပြီး နှစ်ဖက်စလုံးက ခေါင်းဆောင်တွေကို အံ့အားသင့်စေခဲ့ပါတယ်။ တိုက်ပွဲအတွင်း လူအများအပြားသေဆုံးခဲ့ပြီး သေဆုံးသူအများစုကတော့ တပ်ဖွဲ့ဝင်တွေဖြစ်ပါတယ်။

အမေရိကန်ပြည်ထောင်စုကတော့ လူရာပေါင်းများစွာကို သေစေခဲ့တဲ့ တောင်ဆူဒန်မှာ ဖြစ်ပွားနေတဲ့ တိုက်ပွဲတွေရပ်သင့်ပြီလို့ ပြောခဲ့ပါတယ်။ တိုက်ပွဲတွေအဆုံးသတ်ဖို့ ကြိုးပမ်းမှုကို တားဆီးတဲ့မည်သူမဆို ကောင်းကောင်းကြီး တာဝန်ခံရလိမ့်မယ်လို့ အမေရိကန်က သတိပေးခဲ့ပါတယ်။ ကုလသမဂ္ဂကတော့ လက်နက်တင်သွင်းခွင့် ချက်ချင်းပိတ်ပင်ဖို့ တောင်းဆိုခဲ့ပါတယ်။

စနေနေ့က သမ္မတကီယာနဲ့ ဒုတိယသမ္မတဟောင်းမာချာတို့ရဲ့ တပ်ဖွဲ့ဝင်တွေကြား ပဋိပက္ခတိုက်ပွဲတွေကြောင့် လူရာပေါင်းများစွာသေဆုံးစေခဲ့မှုအပြီး တနင်္လာနေ့မှာတော့ အပစ်အခတ်ရပ်စဲရေးအတွက် တောင်းဆိုခဲ့ပေမယ့်အခြေအနေတွေတည်ငြိမ်လာအောင် ထိန်းနိုင်မလားဆိုတာကတော့ တပ်အပ်မပြောနိုင်သေးပါဘူး။ တနင်္လာနေ့မှာ သမ္မတကီယာက အပစ်အခတ်ရပ်စဲဖို့ အမိန့်ထုတ်ထားပေမယ့် လက်နက်ကြီးတွေနဲ့ ပစ်ခတ်မှုအသံကိုတော့ ကြားနေရတုန်းပါပဲ။





ဒုတိယသမ္မတရိခ်မာချာ | သမ္မတဆယ်လ်ဗာကီယာ

တိုက်ပွဲတွေကြောင့် သေဆုံးသွားရသူတွေထဲမှာ ကုလသမဂ္ဂမှ တရုတ်လူမျိုးငြိမ်းချမ်းရေးထိန်းသိမ်းရေးအဖွဲ့ဝင်နှစ်ဦး ပါဝင်ခဲ့သလို တောင်ဆူဒန်မှ ကုလသမဂ္ဂအလုပ်သမားတစ်ဦးလည်း ပါဝင်ခဲ့ပါတယ်။

လူထောင်ပေါင်းများစွာနေအိမ်မှ ထွက်ပြေးခဲ့ရပြီး ကုလသမဂ္ဂဒုက္ခသည်စခန်းများသို့ လူရာပေါင်းများစွာ ရောက်ရှိလာခဲ့ကြတယ်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက တောင်ဆူဒန်ခေါင်းဆောင်တွေဟာ ပြည်သူတွေရဲ့ မျှော်လင့်ချက်ကို ဖြည့်စွက်ပေးဖို့ ပျက်ကွက်ခဲ့တယ်လို့ ပြောခဲ့တယ်။ ဒ့ါအပြင် တောင်ဆူဒန်ကို လက်နက်ကုန်သွယ်ခွင့်ချက်ချင်း ပိတ်ဆို့တာတွေ၊ ငြိမ်းချမ်းရေးကိုအဟန့်အတားဖြစ်နေတဲ့နိုင်ငံရေးနဲ့ စစ်ဘက်ခေါင်းဆောင်တွေကို ပိတ်ပင်ကန့်သတ်မှုတွေပြုသင့်တယ်။ ကုလသမဂ္ဂအဖွဲ့ဝင်တွေကလည်း တောင်ဆူဒန်နိုင်ငံတွင်းမှာ အခိုင်အမာ အလုပ်လုပ်ဆောင်နိုင်ရမယ်လို့ ပြောခဲ့ပါတယ်။

တနင်္လာနေ့မွန်းလွဲပိုင်းမှာတော့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက သမ္မတကီယာရဲ့တပ်ဖွဲ့ဝင်တွေဟာနောက်ပြန်ဆုတ်ဖို့ အမိန့်ရခဲ့တယ်လို့ ပြောပါတယ်။ အမိန့်ကိုမနာခံသူတွေ၊ ဖျက်ဆီးလုယက်သူတွေကိုလည်း ဖမ်းဆီးပစ်မယ်လို့ ပြောခဲ့ပါတယ်။ တိုက်ခိုက်မှုတွေရဲ့အစကတော့ စစ်ဆေးရေးဂိတ်မှာ နှစ်ဖက်စလုံးက တပ်ဖွဲ့ဝင်တွေအချင်းများကြပြီး တိုက်ပွဲတွေဖြစ်ရာက တပ်ဖွဲ့ဝင်ငါးဦးသေဆုံးခဲ့ရာမှစတယ်လို့ ယူဆရပါတယ်။

အဲဒီတိုက်ပွဲကနေအစပျိုးပြီး သောကြာနေ့ညမှာ တိုက်ပွဲတွေဆက်ဖြစ်တော့တာပါပဲ။ အမှန်တကယ်ကတော့ ဧပြီလကတည်းကစပြီး နှစ်ဖွဲ့စလုံးကြားတင်းမာမှုတွေ ဖြစ်ပေါ်နေခဲ့တာပါ။ နှစ်နှစ်ကြာ ပြည်တွင်းစစ်ပွဲငြိမ်းချမ်းရေးစာချုပ်အောက်မှာ ဒုတိယသမ္မတဟောင်းမာချာက မြို့တော်ဂျူဘားကို ပြန်လာတာကိုလည်း တစ်ဖက်အဖွဲ့က အခဲမကျေပါဘူး။ မာချာဟာ သူနဲ့အတူတပ်ဖွဲ့ဝင်အင်အား ၁၃၀၀ ကို ခေါ်ဆောင်ခဲ့ပြီး အဲဒီတပ်ဖွဲ့ဝင်တွေကို သမ္မတကီယာရဲ့တပ်ဖွဲ့ဝင်တွေနဲ့အတူပူးပေါင်းပြီး ကင်းလှည့်တာတွေ ဆောင်ရွက်စေခဲ့ပါတယ်။ ဒါပေမယ့် နှစ်ဖက်စလုံးက တစ်ဖက်နဲ့တစ်ဖက် မယုံကြည်ကြတော့ပူးပေါင်းပြီး လုံခြုံရေးဆောင်ရွက်တာတွေ စလုပ်လို့မရတော့ဘူး။

ဒီလိုနဲ့ပဲ ပြည်တွင်းစစ်ပွဲအသစ်တစ်ခုထပ်ဖြစ်လာတော့မှာလား။ အခုဖြစ်ပျက်နေတာတွေဟာ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလက ဖြစ်ပွားခဲ့တဲ့ နှစ်နှစ်ကြာ ပြည်တွင်းစစ်ဖြစ်ပွားမှုအစကို ပြန်မြင်နေရသလိုပါပဲ။ ဂျူဘားမြို့မှ အဖွဲ့နှစ်ဖွဲ့က တပ်ဖွဲ့ဝင်တွေအချင်းချင်း ပဋိပက္ခတွေဖြစ်၊ အဲဒီကတစ်ဆင့် တစ်တိုင်းပြည်လုံးပျံ့နှံ့ပြီး နှစ်နှစ်ကြာ ပြည်တွင်းစစ်ဖြစ်ခဲ့ပါတယ်။ လူတွေထောင်ပေါင်းများစွာ သေကျေပျက်စီးခဲ့ရပါတယ်။

သမ္မတကီယာဦးဆောင်တဲ့ ဒင်ကာမျိုးနွယ်စုနဲ့ ဒုတိယသမ္မတ မာချာဦးဆောင်တဲ့ နူအာမျိုးနွယ်စုတို့ကြားဖြစ်ပွားတဲ့စစ်ပွဲပါ။

တောင်ဆူဒန်ရဲ့ အင်အားအကြီးဆုံး မျိုးနွယ်စုနှစ်စုကြားဖြစ်ပွားတဲ့စစ်ပွဲပါပဲ။ ဇူလိုင် ၇ ရက်ကစပြီး သမ္မတဆယ်လ်ဗာကီယာရဲ့ အစိုးရတပ်တွေနဲ့ ဒုတိယသမ္မတရိခ်မာချာကို သစ္စာခံတဲ့ဆန့်ကျင်ဘက်တပ်တွေကြား အပြန်အလှန်ပစ်ခတ်မှုမှုတစ်ဆင့် အရပ်သား ၃၃ ဦး အပါအဝင် လူပေါင်း ၂၇၂ ဦး သေဆုံးခဲ့ရပြီးပါပြီ။

အခုတော့ သမ္မတကိုသစ္စာခံတဲ့ အစိုးရတပ်တွေနဲ့ ဒုတိယသမ္မတကို သစ္စာခံတဲ့ ဆန့်ကျင်ဘက်တပ်တွေကြား တိုက်ပွဲတွေ ဆက်လက်ဖြစ်ပေါ်နေတာကတစ်ဆင့် နောက်ထပ်ပြည်တွင်းစစ်ပွဲတစ်ပွဲ ထပ်ဖြစ်လာမယ့်အရေး စိုးရိမ်မှုတွေမြင့်တက်လျက်ရှိပါတယ်။

**ကိုးကား-ဘီဘီစီ**

**၁၀-၇-၂၀၁၆**



**အင်ဒိုနီးရှားနိုင်ငံ ပရိုဘိုလင်ဂိုရှိ ဘရိုမိုတောင်၌ ဇူလိုင် ၁၃ ရက်က မီးတောင်ပေါက်ကွဲခဲ့စဉ်။** (မီးတောင်မှထွက်လာသော မီးခိုးငွေ့များက လေယာဉ်ပျံသန်းမှုကို အန္တရာယ်ဖြစ်စေသည့်အတွက် အရှေ့ဂျာဗားရှိ အက်ဘ်ဒါရာဟမ်လေဆိပ်ကို ပိတ်ထားရသည်။)
(ဆင်ဟွာ)

## ကူမာမိုတိုငလျင် ဒေသတွင်းစီးပွားရေးကို ယခုအချိန်အထိ ထိခိုက်

**တိုကျို ဇူလိုင် ၁၄**

ဂျပန်နိုင်ငံ အနောက်တောင်ပိုင်းရှိ လူများသည် နေထိုင်ရန်နေရာများ ရှာဖွေလျက်ရှိကြောင်း သိရသည်။ ၎င်းတို့သည် ကူမာမိုတိုဒေသကို ငလျင်လှုပ်ခတ်ပြီး သုံးလအကြာတွင် ၎င်းတို့၏ဘဝများကို ပြန်လည်တည်ထောင်ခဲ့ကြကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဇူလိုင် ၁၄ ရက်က ဖော်ပြခဲ့သည်။

ငလျင်လှုပ်ခတ်မှုကြောင့် ကူမာမိုတို ဒေသတွင် လူ ၅၅ဦးသေဆုံးခဲ့ကာ အခြားတစ်ဦးမှာ ပျောက်ဆုံးလျက်ရှိသည်။ ငလျင်ဒဏ်ကြောင့် အိုးအိမ်ပေါင်း ၁၅၇၀၀၀ကျော်ပျက်စီးသွားခဲ့ပြီး ဇူလိုင် ၁၃ ရက်အထိ လူပေါင်း ၄၇၀၀ နီးပါး အိုးအိမ်များမရရှိသေးကြောင်း သိရသည်။

ဒေသတွင်းစီးပွားရေးနှင့် လုပ်ငန်းများမှာလည်း ငလျင်ကြောင့် ယခုအချိန်ထိနာလန်ပြန်မထူနိုင်သေးကြောင်း သိရသည်။ ကူမာမိုတိုဒေသရှိ တိုရိုတာကားထုတ်လုပ်ငန်းတစ်ခုသည်လည်း ငလျင်ကြောင့် ဆိုးကျိုးများခံစားလျက်ရှိသည်။

ငလျင်အာမခံလုပ်ငန်းများမှာလည်း မြင့်တက်လျက်ရှိသည်။ ထို့အပြင် ဒေသတွင်းခရီးသွားဝန်ဆောင်မှုလုပ်ငန်းများလည်း ယခုအချိန်အထိ နာလန်မထူနိုင်သေးကြောင်း သိရသည်။
**(အင်န်အိတ်ချ်ကေ)**

*စာမျက်နှာ ၆ မှ*

အဲဒီခရီးစဉ်မှာ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေးဆိုင်ရာအကောင်အထည်ဖော်ဆောင်ရွက်ပေးစေလိုသည့် ဒေသခံတွေရဲ့တင်ပြချက်၊ ဌာနဆိုင်ရာတွေရဲ့ တင်ပြချက် စုစုပေါင်း ၁၄၂ ချက် ရှိခဲ့ပါတယ်။ အဲဒီ တင်ပြချက်တွေနဲ့စပ်လျဉ်းပြီး သက်ဆိုင်ရာဝန်ကြီးဌာနတွေက ဘဏ္ဍာငွေခွင့်ပြုဝင်ဆံ့မှုအပေါ် မူတည်ကာ ဦးစားပေးအစီအစဉ်အလိုက် လျာထားအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိတဲ့ လုပ်ငန်းတွေရဲ့ပြီးစီးမှု၊ ဆောင်ရွက်ဆဲ၊ လျာထားစီမံဆဲလုပ်ငန်းတွေကို ရှင်းလင်းတင်ပြခဲ့ပါတယ်။

ဒါ့အပြင် ရခိုင်ပြည်နယ်အတွင်းနိုင်ငံသားစိစစ်ခံရမယ့် သူရဲ့သက်သေခံကတ်ပြား (NV Card) ထုတ်ပေးတဲ့လုပ်ငန်းစဉ်တွေနဲ့ စပ်လျဉ်းပြီး စစ်တွေမြို့နယ်၊ မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်၊ သံတွဲမြို့နယ်နဲ့ တောင်ပြိုလက်ဝဲမြို့တွေမှာ စုစုပေါင်း NVC ကတ် ၁၉၁၉ ခုအထိ လဲလှယ်ထုတ်ပေးပြီးဖြစ်ကြောင်းနဲ့ အဆိုပါ လုပ်ငန်းစဉ်ကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ရေးကိစ္စတွေကိုလည်း တင်ပြဆွေးနွေးခဲ့ပါတယ်။

**မေး ။ ။ နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘယ်လိုများဆောင်ရွက်ပေးနေတယ်ဆိုတာလည်း သိပါရစေ။**

ဖြေ ။ ။ နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ မြေလမ်း ၂၁ မိုင်၊ ကျောက်လမ်း ၂၅ မိုင်၊ ကတ္တရာလမ်း နှစ်မိုင်၊ ကွန်ကရစ်တံတား ၄၄၉ ပေ၊ ကွန်ကရစ်ရေပြွန် ၂၃၆ ပေ၊ ရေတွင်း ခုနစ်တွင်း၊ ရက် ၁၀၀ စီမံချက်အရ ရေကန် ၇၂ ကန်၊ လျှပ်စစ်ဆည် တစ်ခု၊ ဘုန်းကြီးကျောင်း သုံးကျောင်း၊ တန်ဖိုးနည်းအိမ်ရာ ၂၃၇ လုံး၊ သဘာဝဘေးကြောင့် ပျက်စီးမှုများပြုပြင်ခြင်းလုပ်ငန်း ၁၃ ခုတို့ကို ခွင့်ပြုရန်ပုံငွေ ကျပ် ၆၃၀၉ ဒသမ ၃၈၉ သန်းနဲ့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

ထို့အတူ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနအနေနဲ့လည်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စစ်တွေ၊ မောင်တော၊ မင်းပြားမြို့တို့မှာ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းတွေ၊ မောင်တော၊ မင်းပြားနဲ့ အမ်းတို့မှာ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းတွေ၊ ကျောက်ဖြူမြို့၊ ပုဏ္ဏားကျွန်းမြို့တို့မှာ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းတွေကို ဖွင့်လှစ်ထားရှိပြီး ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ တိုင်းရင်းသားလူငယ်တွေအတွက် ပညာသင်ကြားရေး၊ အိမ်တွင်းမှုလုပ်ငန်း၊ စက်ပြင်လုပ်ငန်း စတဲ့ပညာရပ်တွေကို နှစ်စဉ် လူငယ်လူရွယ်နဲ့ အမျိုးသမီးငယ်တွေ ပျမ်းမျှ ၁၇၀၀ ကို လေ့ကျင့်သင်ကြားပေးနေပါတယ်။

**မေး ။ ။ ပြည်ထောင်စုဝန်ကြီးအနေနဲ့ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွေနဲ့စပ်လျဉ်းပြီး ပြည်သူတွေကိုဘာတွေများဖြည့်စွက်ပြောကြားလိုပါသလဲခင်ဗျာ။**

ဖြေ ။ ။ ရခိုင်ပြည်နယ်ဖြစ်စဉ်ကိုပြန်လည်သုံးသပ်ကြည့်တဲ့အခါ နှစ်ဖက်လူမှုအဖွဲ့အစည်းတွေရဲ့ပဋိပက္ခဟာ လတ်တလော ရုတ်ခြည်းဖြစ်ပေါ်ခဲ့တဲ့ ပဋိပက္ခမဟုတ်ဘဲ နှစ်ပေါင်းကြာရှည်စွာသမိုင်းကြောင်းနဲ့ ဆက်စပ်ဖြစ်ပွားလာခဲ့တဲ့ ပဋိပက္ခဖြစ်တဲ့အတွက် ချေဖျက်လို့မရတဲ့ဖြစ်စဉ်တွေကြောင့် စိတ်ပိုင်းဆိုင်ရာ ခံစားမှုတွေရရှိနေပြီး လတ်တလောအခြေအနေမှာ စိတ်ပိုင်းဆိုင်ရာလုံခြုံမှုနဲ့ စိတ်ဓာတ်ပိုင်းဆိုင်ရာမြှင့်တင်မှုတွေလိုအပ်နေတဲ့ အခြေအနေရှိတဲ့အတွက် အလွန်ကျယ်ပြန့်နက်ရှိုင်းပြီး ကိုင်တွယ်ဖြေရှင်းရာမှာလည်း သိမ်မွေ့ နူးညံ့၊ စိတ်ရှည်သည်းခံစွာနဲ့ စဉ်းစားဆုံးဖြတ်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ကယ်ဆယ်ရေးစခန်းမှာရှိတဲ့ ဒုက္ခသည်တွေအနေနဲ့လည်း ပြန်လည်နေရာချထားပေးရေးလုပ်ငန်းတွေ အောင်မြင်စွာဆောင်ရွက်ပေးပြီး သူတို့ရဲ့ မူလအသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေကို ပြန်လည်လုပ်ကိုင်နိုင်တဲ့အဆင့်ကို ရောက်ရှိမှသာ စိတ်ပိုင်းဆိုင်ရာခံစားမှုသက်သာစေမှာဖြစ်ပြီး စိတ်ပိုင်းဆိုင်ရာလုံခြုံမှုကိုပါ ဖြစ်စေမှာဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာမှာ နိုင်ငံတော်အစိုးရအဖွဲ့အစည်းတစ်ခုတည်းကသာ ဆောင်ရွက်ရုံနဲ့ ရာနှုန်းပြည့်အောင်မြင်မှုရရှိနိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ နှစ်ဖက်လူ့အဖွဲ့အစည်းတွေရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ တစ်နိုင်ငံလုံးမှာရှိတဲ့ တိုင်းရင်းသားပြည်သူလူထုအားလုံး လက်တွဲ ပူးပေါင်းဆောင်ရွက်သွားကြရမှာဖြစ်ပြီး နိုင်ငံတကာရဲ့အကူအညီတွေနဲ့ ပူးပေါင်းပါဝင်မှုကိုလည်း စနစ်တကျ လက်ခံစီစဉ်ဆောင်ရွက်သွားကြရမယ့် လုပ်ငန်းစဉ်ဖြစ်ပါကြောင်း ပြောကြားလိုပါတယ်။



# နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးပွဲတော်ဆိုင်ခန်းများမဲနှိုက်မည်

ပြန်ကြားရေးဝန်ကြီးဌာနက ဦးဆောင်ကျင်းပသောနိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲကို ဇူလိုင်လ ၂၉ ရက်မှ ၃၁ ရက်အထိ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန(PPD) ဗဟိုပုံနှိပ်စက်ရုံဝင်းတွင် သုံးရက်တိုင် ကျင်းပမည်ဖြစ်ပါသည်။ စာအုပ်ဆိုင် ဖွင့်လှစ်ရောင်းချရန် စာရင်းပေးသွင်းထားသူများအနေဖြင့် [၁၅-၇-၂၀၁၆ (သောကြာနေ့) ]နေ့လယ် ၁း၀၀ နာရီတွင် ဗဟိုပုံနှိပ်စက်ရုံဝင်း၌ ဆိုင်ခန်းနေရာများ မဲနှိုက်ရွေးချယ်ပေးမည်ဖြစ်ပါသဖြင့် ဆိုင်ခန်းခ တစ်ခန်းလျှင် ငွေကျပ် ၃၀၀၀၀ တစ်ပါတည်းယူဆောင်လာပါရန် အကြောင်းကြားအပ်ပါသည်။

**မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်း၊ ဖုန်း -၀၉ ၃၀၀၀ ၂၃၁၁**



# ချင်းတွင်းမြစ်ရေတိုက်စားမှုကြောင့် ဇရပ်နီကျေးရွာတွင်ကမ်းပြို အဆောက်အအုံ ခြောက်လုံး ထပ်မံပြောင်းရွှေ့ပေးရ



**ရေစကြို ဇူလိုင် ၁၄**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ဆင်ခြေယာကျေးရွာအုပ်စု ဇရပ်နီကျေးရွာတွင် ချင်းတွင်းမြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းများပြို၍ စိုးရိမ်ဖွယ်ရာအခြေအနေကြောင့် ဇူလိုင် ၁၃ ရက်တွင် အဆောက်အအုံခြောက်လုံး ထပ်မံရွှေ့ပြောင်းပေးခဲ့ရကြောင်း မြို့မရဲစခန်းမှ စခန်းမှူး ဒုတိယရဲမှူး အောင်ချိုဦးထံမှ သိရသည်။

ယခုအခါ ချင်းတွင်းမြစ်ရေတိုက်စားမှုကြောင့် ဇရပ်နီကျေးရွာတွင် ကမ်းများပြို၍ ဇူလိုင် ၁၀ ရက်မှ ၁၃ ရက်အထိ စုစုပေါင်းအဆောက်အအုံ ၁၉ လုံးကို ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# မြို့မရပ်ကွက်မှ ရေဝင်သည့် မိသားစု ၁၂၉ စုအား နေအိမ်များသို့ ပြန်လည်ပို့ဆောင်

**ခန္တီး ဇူလိုင် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်တွင် ဇူလိုင် ၆ ရက်နှင့် ၇ ရက်တို့က ချင်းတွင်းမြစ်ရေတက်ခဲ့မှုကြောင့် မြို့ပေါ်ရပ်ကွက်များဖြစ်သည့် မြို့မနှင့် ပေါမိုင်းရပ်ကွက်တို့တွင် ရေဝင်ရောက်ခဲ့ရာ အိမ်ထောင်စု ၁၈၅ စုအား ယာယီကယ်ဆယ်ရေးစခန်းများဖြစ်သည့် မြသိန်းတန်ဘုရား၊ ပေါမိုင်းဘုန်းတော်ကြီးကျောင်း၊ ပေါမိုင်းအမက (မူလွန်)-၃နှင့် သာစည်ဘကကျောင်းတို့တွင် ပြောင်းရွှေ့နေရာချထားပေးခဲ့သည်။ ဇူလိုင် ၁၃ ရက်နံနက် ၆ နာရီခွဲတိုင်းတာချက်အရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် ၉၆၀ စင်တီမီတာရှိရာ စိုးရိမ်ရေအမှတ် ၁၃၆၀ စင်တီမီတာအောက် ၄၀၀ စင်တီမီတာ ရောက်ရှိနေသောကြောင့် မြသိန်းတန်ဘုရား ယာယီရေဘေးကယ်ဆယ်ရေးစခန်းရှိ မြို့မရပ်ကွက်မှ အိမ်ထောင်စု ၁၂၉ စုအား ခရိုင်နှင့် မြို့နယ် စီမံခန့်ခွဲမှုကော်မတီတို့၏ဦးဆောင်မှုဖြင့် အိမ်တိုင်ရာရောက် ပြန်လည်ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

**စန်းလွင်ဦး**





## အမည်ပြောင်း

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် အ. လ. က (၃) စတုတ္ထတန်း (အေ) မှ မဖူးပွင့်စုံအား ယနေ့မှစ၍ မပြုံးဟန်ချိုဟု ပြောင်းလဲခေါ်ဆိုပါရန်။ မပြုံးဟန်ချို

## ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၉ယ/၂၀၆၄၄ Yin Xiang 125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးကြည် ၁၀/သထန(နိုင်) ၀၀၀၄၄၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာနတွင် အသုံးပြုရန်အတွက်လိုအပ်သောဒီဇယ်ဆီ ဂါလန် (၂၀၀၀၀၀)ကို ဌာနအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ ၂၁-၇-၂၀၁၆ရက် ညနေ ၄နာရီဖြစ်ပြီး တင်ဒါပုံစံတစ်စုံလျှင်ကျပ် ၁၀၀၀၀ (ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် မြို့တော်ခန်းမ (ပထမထပ်)၊ ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ် အချက်အလက်များကို ဖုန်းအမှတ်-၃၈၈၇၃၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**

## ဖခင်အမည်မှန်

ကျောက်တန်း၊ အထက (၂) (သော်ကကျောင်း) အဋ္ဌမတန်း(ဂ)မှ မဆုရတနာ (၁၉၇/၁၃)၏ ဖခင်အမည်မှန်မှာ ဦးဟံမိုး ၁၂/ဥကမ (နိုင်)၁၁၇၃၃၆ ဖြစ်ပါကြောင်း။ **ဦးဟံမိုး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ် ရန်ပုံငွေဖြင့် ဆေးဘက်ဆိုင်ရာသင်တန်းသုံးပစ္စည်းများ၊ လျှပ်စစ်သုံးပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများ၊ ပရိဘောဂများ၊ E-Government၊ သွားဘက်ဆိုင်ရာသုံးပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးဆေးပစ္စည်း၊ ဓာတ်ဆေးပစ္စည်းများနှင့် ဆေးဘက်ဆိုင်ရာမဂ္ဂဇင်း၊ ဂျာနယ်များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ တရားဝင်အသိအမှတ်ပြု လိုင်စင်ရအဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ အရောင်းဆိုင်များထံမှ အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။ အသေးစိတ် စာရင်းများကို သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)ရှိ ကြော်ငြာသင်ပုန်းများတွင် ဖတ်ရှုနိုင်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၈-၇-၂၀၁၆ ရက်မှစ၍ ရုံးချိန်အတွင်း သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၈-၈-၂၀၁၆ရက် ညနေ ၄း၃၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၁-၅၇၁၂၇၁၊ ၀၁-၅၇၁၂၇၃တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(ရန်ကုန်) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(ရန်ကုန်)တွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါပစ္စည်းများကို အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(၁) Non-Control Items (၂) Machinery Equipment
(၃) Office Equipment (၄) Furniture (၅) Other

အိတ်ဖွင့်တင်ဒါပုံစံများကို ၁၈-၇-၂၀၁၆ ရက်မှစ၍ ရုံးချိန်အတွင်း ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(ရန်ကုန်)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၈-၈-၂၀၁၆ရက် ညနေ ၄ နာရီ နောက်ဆုံးထားတင်သွင်းရမည်။

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၁-၆၄၅၇၄၄၊ ၀၁-၆၄၅၇၅၃၊ ၀၁-၆၄၅၇၄၆တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် (ရန်ကုန်)**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၄ရပ်ကွက်၊ နဝရတ် (၄) လမ်း၊ အမှတ် ၇၅၆ဟုခေါ်တွင်သော ပေ (၄၀×၆၂½)အကျယ်အဝန်း၊ ၀ဒသမ ၀၅၇၈ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်မိုးမိုးဦး(ခ)ဒေါ်တင်အုန်း၁၂/ဗဟန(နိုင်)၀၇၄၂၀၉က ရောင်းချရန်ကမ်းလှမ်းမှုအပေါ် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် သဘောတူသဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေ၍ စရန်ပေးစာချုပ်ချုပ်ဆိုကာ ငွေလက်ခံရယူထားပါသည်။

အဆိုပါရောင်းချမှုနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ခုနစ်ရက်အတွင်း အထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမောင်မောင်(မရွှိမ)LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၉၄၃)**
**အမှတ်-၉/၁၁၊ အခန်း(3-B)၊ မြေညီထပ်၊ ၃၆လမ်း(လမ်းတို)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၁၇၁၈၂၂၅**



# အုပ်စုဖွဲ့ ဆိုးသွမ်း၊ ရမ်းကားနေသူများကို အချိန်တိုအတွင်း ဖမ်းဆီးရမိ

**ပျဉ်းမနား ဇူလိုင် ၁၄**

နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်း ဇူလိုင် ၁၂ ရက် နံနက် ၁ နာရီက လူငယ်များ အုပ်စုဖွဲ့လုယက်မှုဖြစ်ပွားခဲ့သည်။ ပျဉ်းမနားမြို့နယ် ရွာကောက်ရပ်ကွက် ရာဇဌာနေ လမ်း နှင်းဆီပန်းအဝိုင်းပေါ်တွင် ဇေယျာလင်းနှင့် သူငယ်ချင်းများ ခေတ်ပုံရိုက်နေစဉ် ဥယျာဉ်စုအုပ်စု ဦးကျေးရွာနေ ဗိုဗိုက်(ခ)ကျော်မင်းထွန်း၊ ယူနွတ်(ခ)မောင်ထွေး၊ ရှာဘန်(ခ)သူရ၊ အောင်ကို၊ အထူး(ခ)ကျော်ဆန်းထူးနှင့် ဆံရှည်(ခ)သန်းထွန်းတို့ အဖွဲ့ရောက်ရှိလာပြီး ဇေယျာလင်းနှင့် သူငယ်ချင်းများကို ဝိုင်းဝန်းဆဲဆိုရိုက်နှက်ကာ ဇေယျာလင်း၏ လက်ကိုင်ဖုန်းအား လုယူထွက်ပြေးခဲ့သည်။ အုပ်စုလိုက်ရိုက်နှက်ကြသဖြင့် ဇေယျာလင်း၏ သူငယ်ချင်းများဖြစ်သော သက်ဦးမောင်၊ ဝေဠုအောင်နှင့် အောင်ဇော်ဦးတို့တွင် ဒဏ်ရာများရရှိခဲ့သည်။

ဆက်လက်၍ ဗိုဗိုက်(ခ)ကျော်မင်းထွန်းနှင့်အဖွဲ့က ယင်းနေ့ နံနက် ၃ နာရီ ၄၅ မိနစ်၌ပင် နှင်းဆီပန်းအဝိုင်းအနီးရှိ ကွမ်းယာဆိုင်တွင် ကွမ်းဝယ်နေသော သက်မိုးအောင်အား ဆဲဆိုရန်ပြုသဖြင့် သက်မိုးအောင် ထွက်ပြေးစဉ် ၎င်း၏ ၄၇ယ/---- ဆိုင်ကယ်အား ဗိုဗိုက်(ခ)ကျော်မင်းထွန်းနှင့်အဖွဲ့က ယူဆောင်သွားခဲ့၍ ဇေယျာလင်းနှင့် သက်မိုးအောင်တို့က တရားလိုပြုလုပ်ကာ ပျဉ်းမနား မြို့မရဲစခန်း၌ တိုင်တန်းခဲ့သည်။

တိုင်ကြားချက်အရ ပျဉ်းမနားမြို့နယ်ရဲတပ်ဖွဲ့မှူးကွပ်ကဲ၍ ပျဉ်းမနားမြို့မ ရဲစခန်းမှူး ဒုရဲမှူး တင်ဌေးက ဦးစီးတပ်ဖွဲ့ဝင်များနှင့် မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ ပူးပေါင်းမှုဖြင့် အချိန်တိုအတွင်း ဖမ်းဆီးဖော်ထုတ်ခဲ့သည်။ ဖမ်းဆီးရမိသူများအား ပျဉ်းမနားမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မျိုးဇေယျာ(ပျဉ်းမနား)**



# အမရပူရမြို့နယ်တွင် ဘိန်းဖြူ ၄၉၄ ဂရမ် ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၄**

မူးယစ်တပ်ဖွဲ့ခွဲ(၁)မန္တလေးမှ တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၁၃ ရက်တွင် အမရပူရမြို့နယ် ဦးပိန်တံတား စားသောက်ဆိုင်တန်းအနီးရှိ ရှမ်းမလေးစားသောက်ဆိုင်ရှေ့တွင် ယာဉ်အမှတ် 7F/---- KLUGER မော်တော်ယာဉ်ကိုရှာဖွေရာ ယာဉ်အနီးတွင် မလှိုင်သီဂီနွယ်၊ ယာဉ်ရှေ့ခန်းတွင် မနန်းအေးခေါင်၊ မသဲသဲစံနှင့် ယာဉ်နောက်ခန်းတွင် မနန်းမြဟန် **(အပေါ်ပုံ)** တို့အား တွေ့ရှိပြီး ယာဉ်နောက်ခန်း လက်ဆွဲအိတ်အတွင်းမှ ဘိန်းဖြူဆပ်ပြာခွက် ၄၄ ခွက် အလေးချိန် ၄၉၄ ဂရမ် ကိုလည်းကောင်း။

အလားတူ မဘိမ်းမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၁၂ ရက် မဘိမ်း-ငါးအိုးသွား ကားလမ်းမပေါ် ဒေသအခေါ် ပိန်းချို(၁)တံတားထိပ်တွင် မဘိမ်းမြို့ဘက်မှ ငါးအိုးကျေးရွာဘက်သို့ စိုးလွင်အောင် မောင်းနှင်ပြီး ဒေါ်ဦး လိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ ဒေါ်ဦး ကိုင်ဆောင်ထားသော လက်ကိုင်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၄၀၀ ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ယာဉ်နှင့်ဆိုင်ကယ် ခိုးယူသူများကို ရဲတပ်ဖွဲ့က ဖော်ထုတ်အရေးယူ

**ရန်ကုန် ဇူလိုင် ၁၄**



ယာဉ်နှင့်ဆိုင်ကယ်ခိုးယူမှုဖြင့် တရားစွဲဆိုခံထားရသူ ဇော်မျိုးထက်၏ ထွက်ဆိုချက်အရ လွန်ခဲ့သောတစ်လခန့်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြောက်မြို့နယ် (၃၃)ရပ်ကွက် ရွှေဝါထွန်းလမ်းထောင့် သန္တိသုခမ္မောရုံရှေ့ရှိ နေအိမ်ခြံဝင်းအတွင်းမှ ဇော်မျိုးထက်နှင့်အတူ ဘိုဘို၊ ပြောင်ကြီး၊ မွှေးနီတို့က ခိုးယူခဲ့ပြီး ညီညီအောင် (ခ)ကိုအောင်အား ငွေကျပ် ရှစ်သိန်းဖြင့် ရောင်းချခဲ့သည့် HONDA 150 ထိုင်းနိုင်ငံထုတ် ဆိုင်ကယ်အား ညီညီအောင်(ခ)ကိုအောင်က အင်းစိန်မြို့နယ် ညောင်တစ်ပင်လမ်းရှိ ၎င်း၏ အစ်ကိုဖြစ်သူ ညီညီဌေး၏ နေအိမ်ကားဂိုဒေါင်အတွင်းထားရှိကြောင်း စစ်ဆေးပေါ်ပေါက်ချက်အရ ဇူလိုင် ၁၀ ရက် နံနက် ၁၀ နာရီက သွားရောက်ရှာဖွေခဲ့ရာ ဆိုင်ကယ်အားတွေ့ရှိသဖြင့် သိမ်းဆည်းခဲ့ပြီး ဇော်မျိုးထက်၊ ဘိုဘို၊ ပြောင်ကြီး၊ မွှေးနီနှင့် ညီညီအောင်(ခ)ကိုအောင်တို့အား ဒဂုံမြောက်မြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါအမှုမှာ ရက် ၁၀၀ စီမံချက်ကာလအတွင်း မအူပင်မြို့မရဲစခန်းမှ ရဲအုပ် ပြုံးချိုနှင့်အဖွဲ့သည် လှည့်ကင်းတာဝန်ဆောင်ရွက်နေစဉ် ဇွန်လအတွင်းက မအူပင်မြို့ (၁၂)ရပ်ကွက် တိုးမာလမ်းကြားတွင် ရပ်ထားသော 9J/ ---Probox ယာဉ်နှင့် ဆိုင်ကယ်နှစ်စီးနှင့်အတူ ဇင်မျိုးထွဋ်ပါ လေးဦးအား မသင်္ကာဖွယ်တွေ့ရှိသဖြင့် မေးမြန်းခဲ့ရာ ဘိုဘိုတို့မှာ ထွက်ပြေးသွားပြီး ဇင်မျိုးထွဋ်၊ ဇော်မျိုးထက်၊ ကျော်ဇေယျတို့ သုံးဦးအား ဖမ်းဆီးရမိခဲ့ပြီး ဇင်မျိုးထွဋ်ပါ လေးဦးအား မအူပင်မြို့မရဲစခန်း၌ အမှုဖွင့်အရေးယူစစ်ဆေးလျက်ရှိသည်။

အမှုမှ ပြစ်မှုကျူးလွန်သူ ကျော်ဇေယျ(ခ)ကျော်ကြီး၏ ဖော်ထုတ်ချက်အရ လွန်ခဲ့သော တစ်လကျော်ခန့်က ရန်ကုန်မြို့ ဒဂုံမြောက်မြို့နယ် (၃၃)ရပ်ကွက် ရွှေဝါထွန်းလမ်းမပေါ်ရှိ ခြောက်ထပ်တိုက်ရှေ့တွင် ရပ်ထားသော ဆိုင်ကယ်အား ၎င်းနှင့်အတူ ဘိုဘို၊ ပြောင်ကြီးတို့က ခိုးယူခဲ့ပြီး ညီညီအောင်(ခ)ကိုအောင်အား ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် ရောင်းချခဲ့ကြောင်း၊ ကိုအောင်က ၎င်း၏ ဆိုင်ကယ်ကို ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမြို့နယ် လွတ်လပ်ရေးလမ်း ကားဘော်ဒီရုံရှိ မင်းမင်းနိုင်ထံသို့ ရောင်းချခဲ့ကြောင်း ဖော်ထုတ်ချက်အရ ဇူလိုင် ၁၀ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် သက်သေများနှင့်အတူ သွားရောက်ရှာဖွေခဲ့ရာ ဆိုင်ကယ်အား သိမ်းဆည်းရမိခဲ့ပြီး ကျော်ဇေယျ(ခ)ကျော်ကြီး၊ ဘိုဘို၊ ပြောင်ကြီး၊ ညီညီအောင်တို့အား ရဲအုပ် ဇော်မျိုးသက်က တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ ဒဂုံမြို့မြောက် မြို့မရဲစခန်းမှ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# မသင်္ကာ၍ စစ်ဆေးရာမှ ဆိုင်ကယ်ခိုးမှုပေါ်ပေါက်

**ဘိုကလေး ဇူလိုင် ၁၄**

ဘိုကလေးမြို့ (၆) ရပ်ကွက်အတွင်း ဇူလိုင် ၁၁ ရက် မွန်းလွဲ ၁ နာရီခန့်က မသင်္ကာဖွယ်လူလေးဦး၊ ဆိုင်ကယ်သုံးစီးအား လိုက်လံရောင်းချနေကြောင်း သတင်းအရ ဘိုကလေးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသွားရောက်စစ်ဆေးရာ (၆)ရပ်ကွက် စိန်(၁) လမ်းမပေါ်၌ ဈေးအနီးတွင် ဆိုင်ကယ်သုံးစီးနှင့်အတူ တွေ့ရှိ၍ မေးမြန်းရာ ၎င်းတို့ ပိုင်ဆိုင်ကြောင်း ခိုင်လုံစွာ ပြောဆိုနိုင်ခြင်းမရှိသဖြင့် ၎င်းတို့ကို ဘိုကလေးမြို့မရဲစခန်းက စစ်ဆေးခဲ့သည်။

ပြစ်မှုကျူးလွန်သူများမှာ ဘိုကလေးမြို့(၆) ရပ်ကွက်နေသူများဖြစ်သည့် ဇင်ဇင်(ခ)ဇင်ကို (၂၂ နှစ်)၊ ကျော်လွင်(၃၀ နှစ်)၊ စံလင်း(၁၉ နှစ်)၊ ကြည်လွင်(၂၃ နှစ်)တို့ဖြစ်ကြောင်း သိရပြီး စစ်ဆေးဖော်ထုတ်ချက်အရ ဆိုင်ကယ်သုံးစီးမှာ ရွှေတောင်မော်နယ်မြေရဲစခန်းအပိုင် ပန်းပင်စုကျေးရွာနေ အိမ်အဆောက်အအုံများအတွင်းမှ ခိုးယူခဲ့သော ဆိုင်ကယ်များဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် ရွှေတောင်မော်နယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# လင်းခေး၌ လူသေအလောင်း တွေ့ရှိ

**လင်းခေး ဇူလိုင် ၁၄** ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် လင်းခေးမြို့၌ အမျိုးသားတစ်ဦး သေဆုံးနေမှုအား တွေ့ရှိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ဇူလိုင် ၁၃ ရက် နံနက် ၆ နာရီခွဲက ဝမ်လွိုင်ရပ်ကွက်ရှိ ဗာဂျီးနီးယားဆေးပေါင်းရုံဝင်းအနီး ချုံပုတ်တွင် လွန်ခဲ့သော ရက်သတ္တပတ်ခန့်က အမျိုးသားတစ်ဦး သေဆုံးသည့် အလောင်းအား တွေ့ရှိခဲ့သည်။ အဆိုပါနေရာနှင့် အနီးဝန်းကျင်ရှိ နေအိမ်များမှ အနံ့ဆိုးထွက်ပေါ်နေသောကြောင့် သက်ဆိုင်ရာသို့ သတင်းပေးပို့ချက်အရ ယင်းနေ့နံနက်တွင် လင်းခေးမြို့မရဲစခန်းမှူး ဒုရဲမှူးဇော်ဝင်း ဦးစီးအဖွဲ့က ယင်းနေရာသို့ သွားရောက်ရှာဖွေခဲ့ရာမှ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ သေဆုံးသူနှင့်ပတ်သက်သည်များအား သိရှိနိုင်ရန်အတွက် ရဲတပ်ဖွဲ့ စခန်းမှူးနှင့် တာဝန်ရှိသူတို့က ဆက်လက်စုံစမ်း စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**စိုင်းဇော်လတ်(လင်းခေး)**


## ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများကို ရည်စူးလျက် စုပေါင်းသွေးလှူဒါန်းပွဲကျင်းပမည်

ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများကိုရည်စူးလျက် "စန်းမောင်မြင့် ဒါနဥပပါရမီ သွေးလှူကုသိုလ်ဖောင်ဒေးရှင်း"က ကြီးမှူးပြုလုပ်သော ဒုတိယအကြိမ် သွေးလှူဒါန်းပွဲကို ရန်ကုန်ဆေးရုံကြီးဝင်းထောင့် (ယခင်သွားဆေးတက္ကသိုလ်)ရှိ အမျိုးသားသွေးဌာန (အမျိုးသားသွေးလှူဘဏ်)၌ ဇူလိုင်၁၉ ရက် (အာဇာနည်နေ့) နံနက် ၉နာရီမှ ၁၁နာရီအထိ ပြုလုပ်မည်ဖြစ်ပါသဖြင့် မည်သူမဆို ကြွရောက် သွေးလှူဒါန်းနိုင်ပါကြောင်းနှင့် သွေးလှူရှင်များအား သွေးလှူဘဏ်မှ ပုံမှန်ကျွေးမွေးထောက်ပံ့မှုများအပြင် "စန်းမောင်မြင့် သွေးလှူကုသိုလ်ဖောင်ဒေးရှင်း"မှ ကြက်ဥ(၁၀)လုံး၊ အမှတ်တရ UVနေရောင်ခြည်ကာကွယ်သောထီးကြီးတစ်လက်၊ အမှတ်တရတံဆိပ်ပါ ဦးထုပ်တစ်လုံးနှင့် အမှတ်တရတံဆိပ်ပါ ၁၀၀% Cotton Sport-Shirt တစ်ထည် လက်ဆောင်များဖြင့် ပံ့ပိုးဂုဏ်ပြုမည်ဖြစ်ပြီး သွေးလှူဒါန်းမည့် ပုဂ္ဂိုလ်များအနေဖြင့် "စန်းမောင်မြင့် သွေးလှူကုသိုလ်ဖောင်ဒေးရှင်း" ဖုန်း-၀၉-၅၁၃၅၅၁၅၊ ၀၉-၇၈၆၆၇၇၂၉၂တို့သို့ ၁၈-၇-၂၀၁၆ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းပါရန် မေတ္တာရပ်ခံအပ်ပါသည်။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1J/2312 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4F/6449၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (မအူပင်) မအူပင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၈ယ/၃၆၁၃၆ ယာဉ်အမည်ပေါက် ဦးသိန်းဇော် ၁၄/မမက(နိုင်)၁၇၄၇၉၁က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မအူပင်)မအူပင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8K/7973 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးမိုးခိုင် ၉/ကပတ(နိုင်)၁၄၁၄၆၈က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မြင်းခြံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၄၆ယ/၁၃၅၁၂ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ဦး ၁၃/နေဖ(နိုင်)၁၁၃၃၀၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မအူပင်)မအူပင်မြို့**

**တစ်ဦးတည်း ဖြစ်ကြောင်း**

သံဖြူဇရပ်မြို့နယ် ဝယ်ဝင်ကရာကျေးရွာနေ ဦးဘဲ့၏သား မောင်စိုးမြင့် ၁၀/သဖရ(နိုင်) ၁၆၂၈၆၀နှင့် မောင်လင်းထက်ကျော်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်စိုးမြင့်(ခ)မောင်လင်းထက်ကျော် ၁၀/သဖရ(နိုင်)၁၆၂၈၆၀**

## ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သောစာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၁၆ခုနှစ်၊ ဇူလိုင်၁၉ရက် (အင်္ဂါနေ့) "အာဇာနည်နေ့" သည် အများပြည်သူအလုပ်ပိတ်ရက်ဖြစ်ပါသဖြင့် ၎င်းရက်တွင် ဘဏ်အားလုံး ပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။ **မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

## MDY စတိန်ပါတ်ကားများရောင်းမည်

1. 2011 SWIFT အမြင့်ဆုံး XS grade push start (ပုလဲဖြူရောင်)
2. 2011 SWIFT XL grade push start (ငွေရောင်)
3. 2011 Fit Hybrid GP-1 10-anniversary smart key (အနက်ရောင်)
4. 2011 Fit Hybrid GP-1 10-anniversary, smart key

ဖုန်း-၀၉-၂၅၂၈၅၇၉၈၈၊ ၀၉-၃၀၀၀၆၄၄၄၊ ၀၉-၇၃၀၅၇၀၉၂

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁၅၆ရပ်ကွက်၊ မောရဝတီလမ်း၊ အမှတ်၉၅ဟုခေါ်တွင်သော အနံပေ၄၀×အလျားပေ၆၀ရှိမြေကွက်အား ဒေါ်မျိုးမျိုးဆွေ ၁၃/ရစန(နိုင်) ၀၀၀၅၈၁ ထံမှ ဦးဇော်အောင် ၁၂/လသယ(နိုင်)၀၃၃၉၈၁က စရန်ငွေတစ်စိတ်တစ်ဒေသပေးချေ၍ ဝယ်ယူမည်ဖြစ်သောကြောင့် အထက်ပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခုနစ်ရက်အတွင်းခိုင်လုံသောအထောက်အထားများဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးဇော်အောင် ၁၂/လသယ(နိုင်)၀၃၃၉၈၁**
**ဖုန်း-၀၉-၇၉၈၅၆၉၂၈၂**

**ပြန်ကြားရေးဝန်ကြီးဌာန**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏နေ့စဉ်ထုတ်သတင်းများအား**
**Digital သတင်းစာများအဖြစ် ဝန်ဆောင်မှုတိုးမြှင့်နိုင်ရေးအတွက်**

## စိတ်ဝင်စားမှုအဆိုပြုလွှာခေါ်ယူခြင်း

၁။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအနေဖြင့် ယနေ့ခေတ်ကာလတွင် လူအများအလွယ်တကူ သုံးစွဲလျက်ရှိသည့်အဆင့်မြင့် Mobile Phone, Tablet, iPad အစရှိသည့် IT Devices ပစ္စည်းများဖြင့် ဖတ်ရှုနိုင်သည့် Digital Newspaper များအဖြစ်သို့ တိုးမြှင့်ဝန်ဆောင်မှုပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ပါ၍နေ့စဉ်ထုတ်သတင်းများကို Digital သတင်းစာအဖြစ် ထုတ်လွှင့်ခြင်းများအတွက် ဝန်ဆောင်မှုပေးနိုင်မည့် ကုမ္ပဏီများကိုစိတ်ပါဝင်စားမှု အဆိုပြုလွှာများ ပေးပို့ကြရန် ဖိတ်ခေါ်ပါသည်။

၃။ အဆိုပြုလွှာများကို ၁၅-၈-၂၀၁၆ရက် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၇)၊ နေပြည်တော်ရှိတင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပြီး သတ်မှတ်ကာလထက်ကျော်လွန်သော အဆိုပြုလွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အဆိုပြုလွှာပုံစံနှင့်အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၀၂၈တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ တင်ဒါပုံစံများအား ၁၅-၇-၂၀၁၆ရက်မှ ၁၅-၈-၂၀၁၆ရက်ထိ နေ့စဉ် နံနက် ၉း၃၀နာရီမှ ညနေ၄း၃၀နာရီအတွင်း အောက်ဖော်ပြပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်-

**အဆိုပြုလွှာပုံစံများထုတ်ယူရန်လိပ်စာ**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၀၂၈**

**အဆိုပြုလွှာတင်သွင်းရန်လိပ်စာ**
**ပြည်တွင်း/ပြည်ပပစ္စည်းများ**
**ဝယ်ယူရေးနှင့်**
**ထုခွဲရောင်းချရေးကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ် (၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၂၀**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၄-၇-၂၀၁၆ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ ၁၂ပါ ပြန်ကြားရေးဝန်ကြီးဌာန စိတ်ဝင်စားမှုအဆိုပြုလွှာခေါ်ယူခြင်း ကြော်ငြာတွင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းများအား Digital သတင်းစာများအဖြစ် ဝန်ဆောင်မှုတိုးမြှင့်နိုင်ရေးအတွက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

# (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပစဉ် လမ်းကြောင်းပိတ်ဆို့ထားမှု၊ အာဇာနည်ဗိမာန်သို့ ဝင်ရောက်ရမည့် လမ်းကြောင်းသတ်မှတ်မှုနှင့် လုံခြုံရေးကိုထိခိုက်စေနိုင်မည့် ပစ္စည်းတစ်စုံတစ်ရာ ယူဆောင်ခွင့်မပြုကြောင်း သတ်မှတ်ကြေညာခြင်း

၁။ (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ရန်ကုန်မြို့ အာဇာနည်ဗိမာန်၌ ၂၀၁၆ ခုနှစ် ဇူလိုင် ၁၉ ရက် နံနက် ၈ နာရီတွင် စတင်ကျင်းပမည်ဖြစ်ရာ ဇူလိုင် ၁၈ ရက် ညနေ ၆ နာရီမှ ဇူလိုင် ၁၉ ရက် ညနေ ၆ နာရီအထိ အောက်ဖော်ပြပါ လမ်းကြောင်းများကို ဖြတ်သန်းသွားလာမှု ယာယီပိတ်ဆို့ထားမည်ဖြစ်ပါသည်-

(က) ဦးဝိစာရလမ်းနှင့် အနောက်ရွှေဂုံတိုင်လမ်းဆုံရာမှ အနောက်ရွှေဂုံတိုင်လမ်းအတိုင်း လင့်လမ်းနှင့်ဆုံရာအထိ။

(ခ) အနောက်ရွှေဂုံတိုင်လမ်းမှ အာဇာနည်လမ်းအတိုင်း ရွှေတိဂုံဘုရားအရှေ့မုခ် စောင်းတန်းအထိ။

(ဂ) အနောက်ရွှေဂုံတိုင်လမ်းမှ အာဇာနည်ဗိမာန်သို့ တက်ရောက်ရာ အုတ်လှေကားလမ်းနှင့် ကျောက်ဆည်ခမ္မာရုံဘေး လမ်းကြားများ။

၂။ အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်ရန် ဖိတ်ကြားထားသော ဧည့်သည်တော်များသည် ရွှေတိဂုံတောင်ဘက်မုခ်မှ အာဇာနည်လမ်းအတိုင်း ရွှေတိဂုံအရှေ့ဘက်မုခ်မှတစ်ဆင့် ရွှေတိဂုံမြောက်ဘက်မုခ်ရှိ အာဇာနည်ဗိမာန်ဝင်ပေါက် ဂိတ်(၂)မှ ဝင်ရောက်ပြီး အနောက်ရွှေဂုံတိုင်လမ်းသို့ ဂိတ်(၃)မှ ပြန်လည်ထွက်ခွာရမည်ဖြစ်ပါသည်။

၃။ ဇူလိုင် ၁၉ ရက် မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီအထိ အာဇာနည်ဗိမာန်သို့ အများပြည်သူ လာရောက်ဂါရဝပြုနိုင်ရန် ဖွင့်လှစ်ထားမည်ဖြစ်ရာ လာရောက်ကြမည့် ပြည်သူများသည် အနောက်ရွှေဂုံတိုင်လမ်းမှတစ်ဆင့် အနောက်ရွှေဂုံတိုင်လမ်းနှင့် အာဇာနည်လမ်းဆုံရှိ ဂိတ်(၁)မှ ဝင်ရောက်၍ ဂိတ်(၂)မှတစ်ဆင့် အာဇာနည်လမ်းအတိုင်း ရွှေတိဂုံအရှေ့ဘက်မုခ် စောင်းတန်းသို့ ထွက်ခွာရမည်ဖြစ်ပါသည်။

၄။ အာဇာနည်ဗိမာန်နှင့် ဗိုလ်ချုပ်ပြတိုက်သို့ ဝင်ရောက်ဂါရဝပြုကြမည့်သူများသည် ပန်းခွေ / ပန်းစည်း / ပန်းခြင်းအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး ၊ ပုလင်း / ဘူးအမျိုးမျိုး၊ အလံအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ် / သံပိုက် / ကော်ပိုက်နှင့် ကြိုတင်စစ်ဆေးခံယူမှုမရှိသော လုံခြုံရေးကို ထိခိုက်စေနိုင်မည့် ပစ္စည်းတစ်စုံတစ်ရာ ယူဆောင်ခွင့်မပြုကြောင်း ကြိုတင်အသိပေး ကြေညာအပ်ပါသည်။

၅။ အာဇာနည်ဗိမာန်နှင့် ဗိုလ်ချုပ်ပြတိုက်သို့ ဝင် / ထွက်ရာလမ်းကြောင်းနှင့် ဂိတ်များ၌ လုံခြုံရေးအရ ရှာဖွေစစ်ဆေးမှုများကို ပူးပေါင်းကူညီသောအားဖြင့် ကြည်ဖြူစွာအစစ်ဆေးခံပေးကြပါရန်နှင့် သတ်မှတ်လမ်းကြောင်းမှသာ စည်းကမ်းတကျ ဝင်ရောက်ထွက်ခွာကြပါရန် မေတ္တာရပ်ခံပါသည်။

## အသိပေးကြေညာချက်

အာဇာနည်ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်ကြည့်ရှုလေ့လာမည့် မိဘပြည်သူများအနေဖြင့် အောက်ပါပစ္စည်းများကို ယူဆောင်၍ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ ဝင်ရောက်ခွင့်မပြုကြောင်း ကြိုတင်အသိပေးကြေညာအပ်ပါသည်-



- ပန်းခွေ၊ ပန်းစည်း၊ ပန်းခြင်းအမျိုးမျိုး
- ကင်မရာအမျိုးမျိုး
- လက်ကိုင်ဖုန်းအမျိုးမျိုး
- ဗီနိုင်းစအမျိုးမျိုး
- ပုလင်း / ဘူးအမျိုးမျိုး
- အလံအမျိုးမျိုး
- အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်သံပိုက် / ကော်ပိုက်များ
- လက်ကိုင်အိတ်အမျိုးမျိုး

၂၀၁၆ ခုနှစ်(၆၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီ

## အသိပေးကြေညာချက်

အာဇာနည်ဗိမာန်သို့ ဂါရဝပြုလာရောက်ကြသည့် မိဘပြည်သူများအနေဖြင့် အောက်ပါပစ္စည်းများကို ယူဆောင်၍ အာဇာနည်ဗိမာန်သို့ ဝင်ရောက်ခွင့်မပြုကြောင်း ကြိုတင်အသိပေးကြေညာအပ်ပါသည်-



- ပန်းခွေ၊ ပန်းစည်း၊ ပန်းခြင်းအမျိုးမျိုး
- ကင်မရာအမျိုးမျိုး
- လက်ကိုင်ဖုန်းအမျိုးမျိုး
- ဗီနိုင်းစအမျိုးမျိုး
- ပုလင်း / ဘူးအမျိုးမျိုး
- အလံအမျိုးမျိုး
- အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်သံပိုက် / ကော်ပိုက်များ
- လက်ကိုင်အိတ်အမျိုးမျိုး

၂၀၁၆ ခုနှစ်(၆၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီ

ခရီးသွားမယ်ဆို, စိတ်ချလုံခြုံဆုံးဖြစ်စေမယ့် ရှစ်ဘီးကား ( 3 Axles Bus ) ကိုရွေးစီးပါ။

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၈ယ/၅၅၄၈၇ Honda Scoopy 110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်စိုး ၅/မရန(နိုင်)၀၈၁၃၆၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနု၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (မုံရွာ)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၂ယ/၈၉၇၁၀ Luojia-110 ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးညွန့်ဖေ ၁၃/ကခန(နိုင်)၀၄၈၃၂၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနု၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ယ/၆၆၃၆၈ New Star 125,MC ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကျင်ရွှေ ၉/မလန(နိုင်)၁၂၀၀၀၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနု၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

### အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ကျိုက္ကဆံရပ်ကွက်၊ နီလာလမ်း၊ အမှတ် ၃၇နေ ဒေါ်တိုးတိုး(ခ)ဒေါ်ငွေတိုး ၁၂/မရက(နိုင်)၁၃၃၆၄၀၏ တရားဝင်လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်သည်မှာ-

ကျွန်ုပ်တို့၏မိတ်ဆွေနှင့် ဦးမြင့်သန်း(ခ)ဦးမြသန်း (ခ)ဦးဟုတ်တင် ၁၂/လမတ(နိုင်)၀၁၅၇၉၄တို့သည် ၁၉၇၅ ခုနှစ်တွင် တရားဝင်လက်ထပ်ထိမ်းမြားခဲ့ပြီး သားသမီးသုံးဦး ထွန်းကားခဲ့ပါသည်။ ကျွန်ုပ်တို့၏မိတ်ဆွေနှင့် ဦးမြင့်သန်း(ခ)ဦးမြသန်း(ခ)ဦးဟုတ်တင်တို့ လင်မယားနှစ်ဦးပိုင် လက်ထက်ပွားပစ္စည်းများအဖြစ် အောက်ပါပစ္စည်းများ ကျန်ရှိခဲ့ပါသည်။

၁။ အမှတ် ၁၄၉/A၊ လမ်းမတော်လမ်း၊ (၇)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ (၄င်းတိုက်ခန်းတွင် ဖွင့်လှစ်ထားသော ဦးမြင့်သန်း စတီးပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း) တိုက်ခန်းတစ်ခန်းနှင့်လုပ်ငန်း။

၂။ အမှတ် ၁၅၁/၁၅၃ တွင် အဆောက်အအုံသစ်ဆောက်လုပ်ခဲ့ရာ အဆောက်အအုံသစ်၏ အမှတ် ၁၅၃၊ ၈လွှာ၊ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဧရိယာ အလျား ၂၅ပေ×အနံပေ၅၀ရှိ တိုက်ခန်းတစ်ခန်း။

၃။ ဆိုင်ခန်းအမှတ် ၇၂၊ မြေညီထပ်၊ သံဈေး၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ရှိ ဆိုင်ခန်း တစ်ခန်း။

၄။ တိုက်အမှတ် ၃၇၊ အခန်းအမှတ် A-1, A-2, A-3၊ နီလာလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ တိုက်ခန်းသုံးခန်း။

၅။ တိုက်အမှတ် ၃၀၊ မြေညီထပ်၊ ခြေရင်းခန်း၊ ဥဿဖရားလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ တိုက်ခန်းတစ်ခန်း။

၆။ ယာဉ်အမှတ် 6D-6932၊ နံပါတ်အနီ၊ AD Van၊ အမျိုးအစားကားတစ်စီး။

၇။ အမှတ်စဉ်(၁)၏ ထပ်ခိုးတွင်လည်းကောင်း၊ငှားရမ်းထားသော ပထမထပ်ဘယ်၊ညာနှစ်ခန်းတွင်လည်းကောင်း၊ အမှတ်စဉ်(၅)ရှိ တိုက်ခန်းတွင်လည်းကောင်း ပြန်လည်ရောင်းချရန် သိမ်းဆည်းထားသော စတီးပစ္စည်းများ။

၈။ အမေရိကန်ဒေါ်လာ ၃၀၀၀၀

၉။ ထိုင်းနိုင်ငံသုံးဘတ်ငွေ ၁၅၀၀၀၀

၁၀။ ရွှေချောင်း ၃၅ ကျပ်သား

၁၁။ မြန်မာကျပ်ငွေသိန်း ၄၅၀၀

အထက်ပါပစ္စည်းများသည် ကျွန်ုပ်တို့၏မိတ်ဆွေနှင့် ဦးမြင့်သန်း(ခ)ဦးမြသန်း(ခ)ဦးဟုတ်တင်တို့၏ လက်ထက်ပွားပစ္စည်းများဖြစ်ပြီး အဆိုပါလက်ထက်ပွားပစ္စည်းများအား ကျွန်ုပ်တို့၏မိတ်ဆွေ သိရှိခြင်းမရှိဘဲ တစ်ဆင့်ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ကို မပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမိုးဇော်ဦး LL.B** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၉၈၅)**

**ဦးလှရွှေ LL.B** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၉၁၂)**

**ဦးခိုင်လင်းထွန်း LL.B အထက်တန်းရှေ့နေ(စဉ်-၄၃၁၄၇)**

**အမှတ် ၅၄၂၊ အခန်း A-2၊ ကုန်သည်လမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့်၊ မေရှောပင်းစင်တာအပေါ်ထပ် (ရှေ့နေများရုံးခန်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၀၇၁၄၄၇၊ ၀၉-၄၃၀၅၁၀၃၃၊ ၀၉-၂၅၄၂၀၁၂၁၂**







### ပျောက်ဆုံးကြောင်း

ကျွန်တော် အောင်မျိုးလွင် ၁၂/ပကတ(နိုင်)၀၀၀၉၄၃ ၏ CDC နံပါတ် 92729 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၃၁၁၈၉၈၃**

### ကန့်ကွက်နိုင်ပါကြောင်း

ပြည်မြို့၊ ရွာဘဲရပ်ကွက်၊ ဗိုလ်တထောင်အပိုင်း (၁)၊ (၄)လမ်း၊ အမှတ် ၆၅၅၊ ပေ ၄၀×ပေ၆၀ နေအိမ်ဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များကို မူလပိုင်ရှင် အမည်ပေါက် ဒေါ်လှသန်း (ဘ)ဦးတင်ကြီးထံမှ ဦးကြည်ဝင်းက ဝယ်ယူခဲ့ပြီး ဦးကြည်ဝင်းထံမှ ဦးမောင်သန်း ၈/မတန(နိုင်)၀၄၆၃၈၀ (ဘ)ဦးတောက်ထိန်သည် ၁၄-၁၀-၂၀၀၈ ရက်တွင် ဝယ်ယူခဲ့ပြီး ၈-၈-၂၀၁၃ရက်တွင် ကတိသစ္စာပြုခဲ့ပြီးဖြစ်ပါ၍ ဖော်ပြပါ မြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ခိုင်လုံသော အထောက်အထားများဖြင့် ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **ဦးမောင်သန်း ဗိုလ်တထောင်အပိုင်း (၁)၊ (၄)လမ်း၊ ပြည်မြို့**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1G-1783 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညနု၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

### ပျောက်ဆုံးကြောင်း

မြစ်ကြီးနားမြို့၊ ရွှေအိုက်ရပ်ကွက်၊ စီလမ်း၊ မြေကွက်အမှတ် ၉၇၂ နေ ဒေါ်နန်းနီနီလှ ၁၂/မဂဒ(နိုင်)၀၄၈၀၆၂ ပိုင်ဆိုင်သော မြေပေးမိန့်စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အထက်ဖော်ပြပါလိပ်စာအတိုင်း ဆက်သွယ်ပေးပါရန်။

ဥပဒေအတွေး ရေးပါရစေ အပိုင်း(၂၅)

# တရားရုံးသို့လာရောက်သူများ၏ အကြံပြုချက်



ဦးဟန်ညွန့်(ဥပဒေ)

**စစ်တမ်းကောက်ယူခြင်း**

တရားဥပဒေစိုးမိုးမှုမြှင့်တင်ရေးစီမံကိန်း(USAID)မှ ရှေ့ပြေးတရားရုံးအဖြစ် ဆောင်ရွက်နေသော တရားရုံး၏ ဝန်ဆောင်မှုများပိုမိုတိုးတက်ကောင်းမွန်လာစေရန် တရားရုံးသို့ လာရောက်သူများ၏ အကြံပြုချက်တို့ကို စီမံချက်တစ်နှစ်တာ၏ သုံးကြိမ်မြောက်အဖြစ် ဒေတာစစ်တမ်း ကောက်ယူခြင်းအား လှိုင်သာယာမြို့နယ် တရားရုံးတွင် ဆောင်ရွက်ခဲ့သည်။

**၈-၇-၂၀၁၆၊ မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ ၁၅ သတင်းထောက်သန်းထိုက်(လှိုင်သာယာ)ပေးပို့သည့် သတင်းတစ်ပုဒ်၏အတွင်းသရုပ်**

အထက်ပါသတင်းသည်ထူးသည်။ တရားဥပဒေစိုးမိုးမှုအတွက်ထူးခြားသော သတင်းဖြစ်သည်။ ပြည်သူ့ဆန္ဒကို လေးစားမှုပြုသည်။ တရားရုံးသို့ တရားလိုလာသည်။ တရားခံလာသည်။ သက်သေလာသည်။ ရှေ့နေလာသည်။ ရဲအရာရှိလာသည်။ စပ်ဆိုင်သူအားလုံးလာကြသည်။ ကျေနပ်သူရှိသလိုမကျေနပ်သူရှိမည်။ ပူမီးသောကပွားသူရှိသလို ကျေနပ်အားရသူရှိသည်။ ရှုံးသူရှိသလို၊ နိုင်သူရှိသည်။ ရှုံးသူက မကျေနပ်၊ နိုင်သူကကျေနပ်၊ လောကဓမ္မတာဖြစ်ပါသည်။ ဘာလုပ်ကြမည်လဲ။

**ကိုယ့်အမြင်နှင့်ကိုယ်**

"မြန်မာတစ်နိုင်ငံလုံးမှာ မြို့နယ်နှစ်မြို့နယ်နှင့် ခရိုင်တစ်ခုကို စစ်တမ်းကောက်ယူခဲ့တာပါ။ စတင်ဆောင်ရွက်ချိန်က တစ်ကြိမ်၊ ခြောက်လမှာတစ်ကြိမ်နဲ့ တစ်နှစ်ပြည့်မှာ တစ်ကြိမ်၊ သုံးကြိမ်မြောက်ဆောင်ရွက်တာပါ။ တရားရုံးအသုံးပြုသူတွေ စိတ်ကျေနပ်မှုရှိ/မရှိ ဒေတာအလိုက် စစ်တမ်းကောက်တာပါ။ ကိုယ့်အမြင်နဲ့ကိုယ်ရေးထည့်ရမယ်။ တရားရုံးအသုံးပြုသူဆိုတာက တရားလို၊ တရားခံနဲ့သက်သေတွေလည်း ပါပါတယ်"ဟု လှိုင်သာယာမြို့နယ်တရားသူကြီး ဦးအောင်မင်းက ပြောသည်။

**ဆက်လက်ဆောင်ရွက်မည်**

ရှေ့ပြေးတရားရုံးအဖြစ် ယမန်နှစ်က အကောင်အထည်ဖော်ခဲ့သော တရားရုံးသုံးရုံးရှိသည်။ လှိုင်သာယာမြို့နယ်၊ ဘားအံမြို့နယ်နှင့် တောင်ငူမြို့နယ်တို့ဖြစ်သည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တိုးချဲ့ဆောင်ရွက်သောရုံးငါးရုံးရှိသည်။ သုံးရုံးတွင် တစ်နှစ်ပြည့်အဖြစ် လှိုင်သာယာတရားရုံးသို့ ဒေတာစစ်တမ်းကောက်ယူခြင်းဖြစ်သည်။ တောင်ငူမြို့နယ်နှင့် ဘားအံမြို့နယ်တရားရုံးတို့ကို ဆက်လက်ဆောင်ရွက်သွားမည်။ နောက်ပိုင်းကာလတွင် USAID မပါဝင်ဘဲ တရားရုံးဝန်ထမ်းများက တရားဥပဒေစိုးမိုးမှုမြှင့်တင်ရေးစီမံကိန်းကို ဆက်လက်ဆောင်ရွက်သွားမည်။

**ပိုကောင်းစေချင်တဲ့အကြံပြုချက်တွေ**

"တရားရုံးက ပူးပေါင်းဆောင်ရွက်တာကောင်းပါတယ်။ တရားရုံးကိုအသုံးပြုနေသူတွေရဲ့စစ်တမ်းမှာတရားသူကြီးကလွဲရင် တရားရေး၊ ဥပဒေ၊ ရှေ့နေနဲ့ ရုံးကိုလာတဲ့သူအားလုံး ပါဝင်ပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးရဲ့ လိုအပ်နေတဲ့ အချက်အလက်၊ ကိန်းဂဏန်း၊ ဒေတာရရှိဖို့ ပူးပေါင်းလုပ်ဆောင်တာပါ။ တရားရုံးကို လာရောက်အသုံးပြုတဲ့ ပြည်သူတွေ တရားရုံးအပေါ်ထားရှိတဲ့ အမြင်ပိုကောင်းစေချင်တဲ့အကြံပြုချက်တွေလိုချင်တဲ့အတွက်ဖြစ်ပါတယ်" ဟု တရားဥပဒေစိုးမိုးမှုမြှင့်တင်ရေးစီမံကိန်း USAID၏ Justice Program Specialist ဒေါ်ဘန်အောင်က ပြောသည်။ ကြိုဆိုပါသည်။

**လူမှုကွန်ရက်စာမျက်နှာ**

**လူမှုကွန်ရက်စာမျက်နှာဖွင့်သည့်သတင်း**

၎င်းသတင်းကိုလည်းကြိုဆိုသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး သတင်းအချက်အလက်နည်းပညာနှင့် ပြည်သူ့ဆက်ဆံရေးဌာန၊ ပြည်သူ့ဆက်ဆံရေးဌာနခွဲ၏ လူမှုကွန်ရက်စာမျက်နှာဖွင့်သည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်နယ်တိုင်းဒေသကြီးတရားလွှတ်တော်များ၊ ခရိုင်မြို့နယ်တရားရုံးများနှင့် သက်ဆိုင်သောတရားစီရင်ရေးဆိုင်ရာ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ အသိပေးတင်ပြရန်၊ တရားရုံးအဆင့်ဆင့်၏ဆောင်ရွက်မှုများ ပိုမိုပွင့်လင်းမြင်သာမှုရှိစေရန်ရည်ရွယ်၍ လူမှုကွန်ရက်စာမျက်နှာဖွင့်လှစ်ခြင်းဖြစ်သည်။ အလွန်ကောင်းသော အစီအစဉ်ပါ။

> **စိတ်ကျေနပ်မှုရှိ မရှိ အဆင့်မြင့်မြင့်အကြံပြုချက်တွေ ပေးနိုင်ကြပါစေ။ တရားစီရင်ရေးတိုးတက်အောင်မြင်ဖို့၊ ရှေ့လုပ်ငန်းစဉ်တွေ၊ ရုံးချိန်မှန်မှန်ထိုင်ဖို့၊ လာသမျှသက်သေများ အချိန်မီစစ်ဖို့၊ အချိန်မဖြုန်းဖို့၊ လိုတိုရှင်းမမေးသော ရှေ့နေများကို သတိပေးဖို့၊ တားဖို့၊ သက်သေခံဥပဒေနှင့်အညီ လိုက်နာဖို့၊ ရုံးထုတ်ချိန်မှန်ဖို့၊ ရဲနှင့်အကျဉ်းဦးစီးဌာန ညှိဖို့၊ တရားခံများ တွေ့ခွင့်၊ စကားပြောခွင့်၊ ဥပဒေနှင့်အညီပေးဖို့**

**တရားစီရင်တာ ရှင်းပြဖို့ လိုသလား**

"တရားစီရင်တာ၊ အမှုစစ်တာ၊ အမှုအကြောင်းကို လူထုသိအောင်ရှင်းပြဖို့လိုသလား။ တရားရုံးလက်စွဲ၊ ဥပဒေလုပ်ထုံးလုပ်နည်းတွေနှင့်အညီ စီရင်ပုံတွေကို အသေးစိတ်ပြောပြနေရဦးမလား"ဟု တရားသူကြီး(အချို့)က မေးသည်။ ဒီလိုမဟုတ်ပါ။ လျှို့ဝှက်ကိစ္စ မပါဝင်ပါ။

တရားရုံးမှာ၊ တရားခွင်မှာ အမှုစစ်ဆေးခြင်းကို တရားရုံးမှာ၊ တရားခွင်မှာပဲ ဥပဒေနှင့်အညီ ခုခံချေပခွင့်၊ တင်ပြခွင့်၊ လျှောက်လဲခွင့် ရှိပြီးသားပါ။ အများအသိပါ။

ပြည်ထောင်စုတရားစီရင်ရေးဥပဒေနှင့်အညီ၊ တရားစီရင်ရေးဆိုင်ရာမူများလည်း ချမှတ်ပြီးသားပါ။ မူ(၆)ချက် ပြဋ္ဌာန်းပြီးသားပါ။ ဒါ့ကြောင့် အမှုစစ်ဆေးခြင်း အတွင်းသရုပ်များကို ရှင်းပြဖို့ မလိုပါ။ ပြဋ္ဌာန်းချက်ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရေးဖြစ်ကြောင်း အများသိပါသည်။ သို့သော်ငြား စီမံခန့်ခွဲရေးများနှင့် ဆက်နွှယ်ပတ်သက်မှုများကိုတော့ ပြည်သူကို ရှင်းပြရပါလိမ့်မည်။ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ခြင်းဖြစ်၍ အဆိုးအကောင်းအကျိုးအကြောင်းတွေကို ပြည်သူတို့မြင်ကြ၊ တွေ့ကြသည်မဟုတ်ပါလား။ ပြည်သူတို့၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရမည်မဟုတ်ပါလား။ တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေးတည်ဆောက်ရာမှာ အထောက်အကူဖြစ်စေရမှာ မဟုတ်ဘူးလား။ ၎င်းသို့ကား ကွဲကွဲပြားပြားခွဲခြားရမှာပါ။

**ပညာပေးရေး**

"ဥပဒေကိုပြည်သူများက နားလည်လိုက်နာ ကျင့်သုံးလာစေရန် ပညာပေးရေးနှင့် ပြည်သူများက ဥပဒေကို လိုက်နာသော အလေ့အကျင့်ပျိုးထောင်ပေးရေး" ဟူသည့်မူသည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၃(င)၏ ပြဋ္ဌာန်းချက်ဖြစ်ပေသည်။ **ပြည်သူကို ပညာပေးသည့်မူ** မဟုတ်ပါလား။ ပညာပေးရုံသာမက ဥပဒေကို လိုက်နာတတ်အောင် အလေ့အကျင့်ကိုပင် ပျိုးထောင်ပေးရဦးမည်ဆိုတော့ ၎င်းအခြေခံမူသည် အရေးကြီး၍ အဓိကကျသည်ဟု ကျွန်တော်တွေးသည်။ ယုံသည်။ ပြည်သူအချင်းချင်းနှင့် ပတ်သက်သော အမှုကိစ္စများကို ဥပဒေဘောင်အတွင်း၌ ကျေအေးပြီးပြတ်စေရေး၊ ပြစ်မှုကျူးလွန်သူကို အရေးယူအပြစ်ပေးရာတွင် အကျင့်စာရိတ္တပြုပြင်မှုကို ဦးတည်ရေး စသည့်မူများမှာလည်း မပါမဖြစ်၊ မရှိမဖြစ်လိုအပ်လှပေသည်။ သို့ဖြစ်၍ တရားစီရင်ရေးတာဝန်ထမ်းဆောင်ကြရသော တရားသူကြီးများသည် တရားစီရင်ရေးဆိုင်ရာမူများနှင့်အညီ စီရင်ရသူများဖြစ်ကြသည်မို့ တာဝန်ကြီးလှသည်။

**ခြောက်ပြစ်ကင်း သဲလဲစင်**

တရားသူကြီးလည်း လူပါပဲ။ လူသည် မှားတတ်သော သဘာဝရှိပါသည်။ မှားတတ်ပါသည်။ ခြောက်ပြစ်ကင်း သဲလဲစင် မဖြစ်နိုင်ပါ။ တတ်နိုင်သမျှ အကျင့်သီလစောင့်ထိန်းကြရမှာပါ။ ငါးခုံမတစ်ကောင်ကြောင့် တစ်လှေလုံးမပုပ်အောင်သာ ကြိုးပမ်းကြရမှာပါ။ အမှားနည်းအောင်၊ ကောင်းသထက်ကောင်းအောင်၊ အရည်သွေးပြည့်ဝသည်ထက် ပြည့်ဝအောင် ကြံဆောင်ကြရမှာပါ။ ဆက်စပ်အဖွဲ့ဌာနများနှင့် ညှိနှိုင်းပူးပေါင်းကြရမှာပါ။ ဒါ့ကြောင့်လည်း တရားရုံးသို့ လာရောက်သူများ၏ အကြံပြုချက်များ၊ စစ်တမ်းများကောက်ယူနေခြင်းပါ။ စစ်တမ်းများ၊ အကြံပြုချက်များကိုအခြေခံ၍ ကောင်းသထက်ကောင်းအောင်၊ တိုးတက်သထက်တိုးတက်အောင်၊ အဆိုးကိုပြင်၊ အကောင်းကိုတီထွင်ကြရမှာပါ။

**အိမ်သာတံခါးပိတ်ထားသည်ကအစ**

စစ်တမ်းကောက်သည့်အတွေ့အကြုံမေးကြည့်ရာ 'တရားရုံး အိမ်သာတံခါးသော့ခတ်ထားတာ ဖွင့်ပေးဖို့အကြံပြုချက်အတော်များသည်' ဟုပြောသည်။ ဟုတ်ပေသားပဲ။ အမှုသည်ပြည်သူတွေတရားရုံးလာရင်း အိမ်သာတက်ချင်ရင် ဘယ်ကိုသွားကြမည်လဲ။ 'တရားရုံးအဆောက်အအုံကြီးက ကြီးလှပေ့။ ကောင်းလှပေ့။ သို့သော်ငြား အိမ်သာတံခါးပိတ်ထား၊ သော့ခတ်ထားသည်။ တရားသူကြီးတွေက ဆင်းမစစ်ဘူးလား။ လူသားဆန်ပါခင်ဗျာ' ဟု အကြံပြုစာရေးသွားသည်-----တဲ့။

**အာမခံမရသေး**

အချို့အမှုသည်များကတော့ အကြံပေးချင်တာပေးနိုင်တယ်ဟုဆိုကာ "သူ့သားလေး အာမခံမရသေးဘူး၊ ချုပ်ရက်မည်မျှရှိပြီ၊ ဘယ်နေ့ ခံဝန်သူခေါ်လာရမလဲ" ဟု မေးလည်းမေး၊ ရေးလည်းရေး၊ အကြံပေးသည်ဟုဆိုသည်။ တရားခွင်စာရေးမ ဆက်ဆံရေးညံ့တာ။ လက်ဖက်ရည်ဖိုးမပေး၍ သူ့အမှုကို ရုံးဆင်းခါနီးမှခေါ်တာ။ ရှေ့နေဦးလောဘနှင့် တရားသူကြီး ဦးငွေယူတို့ ညနေရုံးဆင်းဘီယာဆိုင်မှာ ထိုင်တာတွေကအစ မကျေနပ်တာတွေအစုံရေးသည်။ အကြံပေးသည်။ အချုပ်ကားနောက်ကျတာ၊ ရဲအချုပ်ခန်းကျဉ်းတာ၊ ငါးပိကြော် ပုလင်းပေး၍မရတာ၊ အချုပ်သားလင်ယောကျ်ားနှင့် တွေ့ဆုံစကားပြောခွင့်မရတာ၊ ရှေ့နေနှင့်တရားခံ တွေ့ခွင့်မပေးသေးတာ စသည် စသည်ဖြင့်------။

**အဆင့်မြင့်သောအကြံပြုချက်များ**

စိတ်ကျေနပ်မှုရှိ မရှိ အဆင့်မြင့်မြင့်အကြံပြုချက်တွေ ပေးနိုင်ကြပါစေ။ တရားစီရင်ရေးတိုးတက်အောင်မြင်ဖို့၊ ရှေ့လုပ်ငန်းစဉ်တွေ၊ ရုံးချိန်မှန်မှန်ထိုင်ဖို့၊ လာသမျှ သက်သေများ အချိန်မီစစ်ဖို့၊ အချိန်မဖြုန်းဖို့၊ လိုတိုရှင်းမမေးသော ရှေ့နေများကို သတိပေးဖို့၊ တားဖို့၊ သက်သေခံဥပဒေနှင့် အညီ လိုက်နာဖို့၊ ရုံးထုတ်ချိန်မှန်ဖို့၊ ရဲနှင့်အကျဉ်းဦးစီးဌာန ညှိဖို့၊ တရားခံများတွေ့ခွင့်၊ စကားပြောခွင့်၊ ဥပဒေနှင့်အညီ ပေးဖို့၊ အမှုပွဲစားများပပျောက်ဖို့၊ လာဘ်ပေးလာဘ်ယူ ကင်းရှင်းဖို့၊ အမှုသည်များနားစရာကုလားထိုင်တွေ အလုံအလောက်ရှိဖို့၊ ကျန်းမာရေး၊ သန့်ရှင်းရေး (အများသုံး အိမ်သာမှအစ) တရားရုံးရှေ့ဈေးဆိုင်များ သေသေသပ်သပ်ဖြစ်ဖို့၊ ရှေ့နေနားနေခန်းထားပေးဖို့၊ တရားရုံးစာကြည့်တိုက်မှာ ဥပဒေစာအုပ်တွေအစုံအလင်ထားဖို့၊ တရားခွင်မှာ အငြင်းအခုံဖြစ်လျှင် ဥပဒေစာအုပ်စာတမ်းနှင့် ချက်ချင်းရှင်းနိုင်ဖို့၊ သက်သေခံပစ္စည်းများကို ဥပဒေနှင့်အညီပြန်ပေးဖို့ (ပြန်ပေးသင့်ပါလျက် မပေးသေး၊ ထိန်းသိမ်းထားရသည့် တာဝန်က ပို၍လေး မဖြစ်ဖို့)၊ ရုံးထိုင်ချိန် (အမှုစစ်ချိန်မှာ)အစည်းအဝေးမတက်ဖို့၊ အစည်းအဝေးမကျင်းပမိဖို့၊ မဖြစ်မနေအစည်းဝေးဆိုလျှင်လည်း အမှုသည်များဒုက္ခမရောက်အောင် စီမံခဲ့ဖို့၊ တရားခွင်စာရေး၊ အမှုပွဲစားများ၏ အခြေအနေ သတိမပြတ်စောင့်ကြည့်ဖို့၊ တရားသူကြီးကိုယ်တိုင်အကျင့်သီလမြဲဖို့၊ မိမိတရားရုံးဂုဏ်သတင်းကောင်းဖို့ စသည့်စသည့်အကြံပြုချက်များ။ အခြားအခြားသော အကြံပြုချက်များ------။

**ပြည်သူ့အသံ**

ပြည်သူ့အသံနှာခံသော "ကျွန်တော်၏ဥပဒေအတွေး" ဖြစ်ပါပေသည်။

## ရွှေ့ပြောင်းနေထိုင်သူများအား ပုံစံ ၆၆/၆ အိမ်ထောင်စုစာရင်းများထုတ်ပေး



**လှိုင်ကော် ဇူလိုင် ၁၄**

ကယားပြည်နယ် လွိုင်ကော်မြို့နယ် နမ့်ကွတ်ရပ်ကွက် မူလွန်ကျောင်း၌ ဇူလိုင်လပထမပတ်က အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကယားပြည်နယ် လွိုင်ကော်မြို့နယ် ဦးစီးမှူးရုံးနှင့် NRC အဖွဲ့တို့ပူးပေါင်း၍ ရက် ၁၀၀ စီမံချက်အရ ပြောင်းရွှေ့ အိမ်ထောင်စု ၄၅ စု၊ လူဦးရေ ၁၁၀ တို့အား အိမ်ထောင်စုစာရင်းများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါပေးအပ်ပွဲသို့ ကယားပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတင်မြင့်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကယားပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဝင်းခိုင်တို့က ကွင်းဆင်းဆောင်ရွက်မှုကို ရှင်းလင်းပြောကြားကာ အိမ်ထောင်စုစာရင်းများအား ကာယကံရှင်များလက်ဝယ်သို့ တစ်ဦးချင်း(အခမဲ့) ပေးအပ်ခဲ့ပြီး ဒေသခံများကိုယ်စား နမ့်ကွတ်ရပ်ကွက်အုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

ကိုမျိုး(ရွှေပေါက်ကံ)

# နည်းလမ်းမှန်စွာ ပျိုးထောင်ပေးရမည့် အော်တစ်ဇင်ကလေးများရဲ့ ဘဝ

## သူရလွင် (စီးပွားရေးတက္ကသိုလ်)

ဒီမနက်တော့ ကမ္ဘောဇအနာဂတ်အလင်းတန်းဖောင်ဒေးရှင်းနဲ့ မြန်မာနိုင်ငံ အော်တစ်ဇင်အသင်း(ရန်ကုန်)တို့ ပူးပေါင်းပြီး International Business Centre(IBC)မှာ ကျင်းပတဲ့ ဟောပြောပွဲတစ်ခုကို မှတ်တမ်းဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးရန် ရောက်ရှိခဲ့ပါတယ်။ ဟောပြောပွဲမှာ စိတ်ဝင်စားစရာ အကြောင်းအရာတွေကို နားထောင်ခဲ့ရပါတယ်။

'အော်တစ်ဇင်'ဆိုတာဘာလဲ။ အော်တစ်ဇင်ဆိုတာ ဘာကြောင့်ဖြစ်တာလဲ။ အော်တစ်ဇင်လက္ခဏာတွေက ဘာတွေလဲ။ အော်တစ်ဇင်ကို ဘယ်သူက စတင်တွေ့ရှိခဲ့တာလဲ၊ ကမ္ဘာပေါ်မှာ အော်တစ်ဇင်ဖြစ်နေတဲ့လူတွေ ဘယ်လောက်တောင်ရှိလဲ၊ လူတစ်ယောက်ဟာ အော်တစ်ဇင်ဖြစ်နေမှန်း ဘယ်လိုသိနိုင်သလဲ၊ အော်တစ်ဇင်နဲ့ပတ်သက်ပြီး သက်ရှိလောကကြီးမှာ ဘယ်လိုဆိုးကျိုးတွေ၊ ဘယ်လိုကောင်းကျိုးတွေ ရှိနိုင်မလဲစတဲ့ ခေါင်းစဉ်တွေအပေါ်မှာ စီးမျောသွားပြီး အစဉ်တစိုက် နားထောင်နေမိပါတယ်။

**၁။ အော်တစ်ဇင် ဆိုတာဘာလဲ**

အော်တစ်ဇင်ဆိုတာ ဦးနှောက်နှင့် အာရုံကြောဆိုင်ရာ ဖွံ့ဖြိုးမှု ပုံမမှန်ဖြစ်ခြင်းကြောင့် ဘဝတစ်လျှောက်လုံး စွမ်းဆောင်ရည်အချို့ ချို့ယွင်းခြင်းဖြင့် နေထိုင်ရသော အခြေအနေတစ်မျိုးဖြစ်ပါတယ်၊ သက်တန့်ရောင်စဉ် ပုံမမှန်ဖြစ်စဉ်(Autism Spectrum Disorder -ASD)အုပ်စုတွင် ပါဝင်ပါတယ်။ သက်တန့်ရောင်စဉ် အော်တစ်ဇင်များဟာ လူမှုဆက်ဆံရေး ချို့ယွင်းခြင်း၊ ဆက်သွယ်ပြောဆိုရေး ချို့ယွင်းအားနည်းခြင်း၊ အပြုအမူနှင့် စိတ်ဝင်စားမှု ချို့ယွင်းအားနည်းခြင်းစသည့် အခြေအနေများတွင် အနည်းနှင့်အများ ချို့ယွင်းမှုနှင့် ခက်ခဲမှုတွေ ရှိတယ်လို့ သိရပါတယ်။

**၂။ အော်တစ်ဇင် ဘာကြောင့်ဖြစ်တာလဲ**

စိတ်ဝင်စားစရာ ကောင်းတဲ့အချက်ဖြစ်ပါတယ်။ ယခုအချိန်ထိ အော်တစ်ဇင်ဖြစ်ရခြင်း အကြောင်းရင်းကို တိတိကျကျ ဖော်ပြနိုင်ခြင်းမရှိပါဘူး။ ဒါပေမယ့် ပညာရှင်များ သုတေသနပြုလုပ်ချက်အရတော့ ပတ်ဝန်းကျင်ညစ်ညမ်းမှုနဲ့ မျိုးရိုးဗီဇပြောင်းလဲခြင်း (Genetic Mutation)တို့ကြောင့် ဖြစ်တယ်လို့ အနီးစပ်ဆုံး သိရပါတယ် . . .

**၃။ အော်တစ်ဇင်တွေရဲ့ လက္ခဏာတွေက ဘာတွေလဲ**

ဒီမေးခွန်းရဲ့ အဖြေတွေကလဲ စိတ်ဝင်စားဖို့ကောင်းသလို လူလောကမှာ လူဖြစ်လာရပေမယ့် လူသားတစ်ယောက်လို အကြောင်းအကျိုး အကောင်းအဆိုးကို ဝေဖန်ပိုင်းခြားနိုင်ခြင်း အားနည်းချို့ယွင်းနေတဲ့ အော်တစ်ဇင် ဝေဒနာရှင်များကို များစွာ ကရုဏာဖြစ်မိစေပါတယ်။ လက္ခဏာတွေကတော့ အော်တစ်ဇင်ကလေးတစ်ယောက်ဟာ တခြားသောသူများနှင့် မျက်လုံးချင်းဆုံ၍ မကြည့်ခြင်း၊ အချိန်ကြာမြင့်စွာ ပုံမှန်မဟုတ်သော ကစားနည်းကို ကစားနေခြင်း၊ လုပ်နေကျအလုပ်မှ ပြောင်းလဲလုပ်ကိုင်ရန် ခက်ခဲခြင်း၊ ပစ္စည်းများပေါ်တွင် အစွဲကြီးခြင်း၊ အထိအတွေ့ကို ပုံမှန်မဟုတ်ဘဲ တုံ့ပြန်ခြင်း၊ ပစ္စည်းများကို ပုံမှန်မဟုတ်ဘဲ ကြိမ်ဖန်များစွာ လှည့်နေခြင်း၊ ပုံမှန်သင်ကြားမှုပုံစံတွေကို လက်မခံနိုင်ခြင်း၊ ပတ်ဝန်းကျင်ကို မထီမဲ့မြင်ပြုသကဲ့သို့ ပြုမူနေထိုင်ခြင်း၊ ပေါင်းသင်းဆက်ဆံရေးတွင် ခက်ခဲစေခြင်း၊ ယင်းတို့၏လိုအပ်ချက်များကို အမူအရာဖြင့်သာ ပြသပြောဆိုခြင်း၊ အကြားအာရုံချို့တဲ့သူများကဲ့သို့ မသိမဆိုင်သလို နေထိုင်ခြင်း၊ တခြားသူများပြောဆိုခြင်းကို သံယောင်လိုက်ခြင်း၊ အလွန်အမင်းလှုပ်ရှားခြင်း(သို့)



ငြိမ်သက်နေခြင်း၊ အန္တရာယ်အခြေအနေ ဖြစ်ပေါ်နေသည်ကိုပင်တုန်လှုပ်မှုကင်းစွာ အကြောက်အရွံ့မရှိခြင်း စသည့် လက္ခဏာများကို ဖြစ်ပေါ်စေပါတယ်။ သို့ပေမယ့် အချက်အားလုံး ဖြစ်ရမယ်လို့တော့မဟုတ်ပါဘူး။ ဖော်ပြပါအချက်များမှ တစ်ချက်သော်လည်းကောင်း၊ သုံးလေးချက်သော်လည်းကောင်း ဖြစ်ပေါ်နေပြီဆိုရင် ထိုဝေဒနာရှင်ဟာ အော်တစ်ဇင်ဖြစ်နေတယ်လို့ မှတ်သားရပါတယ်။

**၄။ အော်တစ်ဇင်ကို ဘယ်သူက စတင်တွေ့ရှိခဲ့တာလဲ**

၁၉၁၁ ခုနှစ်တွင် ဆွစ်ဇာလန်နိုင်ငံမှ စိတ်ရောဂါပညာရှင် Eugen Bleuler က စတင်တွေ့ရှိခဲ့ပြီး အထီးကျန်သူ(သို့) တစ်ဦးတည်းနေတတ်သူဟု အဓိပ္ပာယ်ရပါတယ်၊ ယင်း အော်တစ်ဇင်ဆိုတဲ့ ဝေါဟာရဟာ ဂရိဘာသာစကားမှ ဆင်းသက်လာသည်ဟုလည်း ဗဟုသုတရဖွယ် မှတ်သားရပါတယ်။

**၅။ ကမ္ဘာပေါ်မှာ အော်တစ်ဇင်ဖြစ်နေတဲ့ ဝေဒနာရှင်တွေ ဘယ်လောက်တောင်ရှိလဲ**

ပညာရှင်တွေရဲ့ လေ့လာဆန်းစစ်ချက်အရ တစ်ကမ္ဘာလုံးအနေဖြင့် ကလေးအယောက် ၁၀၀၀ မွေးတိုင်း အော်တစ်ဇင်ခြောက်ဦး ပါဝင်နေတယ်လို့လည်း ဝမ်းနည်းဖွယ်ရာ ကြားသိရပါတယ်။

**၆။ အော်တစ်ဇင်နဲ့ ပတ်သက်ပြီး ဘယ်လိုဆိုးကျိုးတွေ၊ ဘယ်လိုကောင်းကျိုးတွေ ရှိနိုင်မလဲ**

ဒီအချက်ကတော့ အရေးကြီးပြီး ဒီနေ့ဒီလို ကမ္ဘောဇအနာဂတ်အလင်းတန်းဖောင်ဒေးရှင်းက ဦးစီးပြီး ဟောပြောပွဲ ပြုလုပ်ရတဲ့ အဓိက အကြောင်းရင်းလည်း ဖြစ်ပါတယ်။

အော်တစ်ဇင်ကလေးတွေဟာ အလွန်ထူးခြားတဲ့ လက္ခဏာ၊ အင်္ဂါရပ်တွေနဲ့ သိပ္ပံပညာရပ်များပင် လိုက်မမီသော အချက်အလက်တွေကို ယနေ့တိုင် တွေ့ရှိနေရတယ်။ မိမိပတ်ဝန်းကျင်မှာ သို့မဟုတ် မိမိ မိသားစုထဲမှာ အော်တစ်ဇင်ကလေးတစ်ယောက် ရှိပြီဆိုတာနဲ့ မိသားစုဝင်များ ကြုံတွေ့ရမည့် စိတ်ဖိစီးမှုများ၊ အပြောင်းအလဲကာလ စိတ်ဖိစီးမှု၊ မိသားစုဘဝနှင့်ပတ်သက်၍ စိတ်ဖိစီးမှု၊ စိတ်လှုပ်ရှားခြင်းကြောင့် ကြုံတွေ့ရသော စိတ်ဖိစီးမှု၊ ပြုစုစောင့်ရှောက်စဉ် ကြုံတွေ့ရသော စိတ်ဖိစီးမှု၊ အကောင်းမမြင်တတ်သူ ကိုယ်ချင်းစာတရားမရှိသူများကြောင့် ကြုံတွေ့ရသော စိတ်ဖိစီးမှု စသည့်တို့အပြင် အော်တစ်ဇင်များကို ပတ်ဝန်းကျင်က လူရာမသွင်း အသိအမှတ်မပြုဘဲ လူ့အသိုင်းအဝန်းကနေ သွေဖည်ထားမည်ဆိုပါက ကမ္ဘာကြီးရဲ့လိုအပ်ချက်တွေ၊ ပြဿနာတွေကို ရင်ဆိုင်ဖြေရှင်းနေတဲ့ လူတော်လူကောင်းတွေ ဆုံးရှုံးနိုင်ပါတယ်။

ဘာကြောင့် ဒီလိုပြောရလဲဆိုရင် ကမ္ဘာကျော် ရူပဗေဒပညာရှင် အဲလ်ဘတ်အိုင်းစတိုင်း၊ အနောက်တိုင်းတေးဂီတဖခင်လို့တောင် တင်စားခြင်းခံရတဲ့ အာမေးဒီယပ်စ်မိုးဇတ်၊ သတ္တဗေဒပါရဂူ တင်ပယ်ဂရန်ဒင် စသည့်စသည့် ကမ္ဘာကျော်ပညာရှင်များဟာ အော်တစ်ဇင်များ ဖြစ်နေလို့ပါပဲ။ ကောင်းကျိုးတွေကတော့ အထက်ဖော်ပြပါနဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ အော်တစ်ဇင်ကလေးများရဲ့ သဘောသဘာဝကို သေချာစွာ လေ့လာသုံးသပ်ပြီး အနာနဲ့ဆေး တည့်အောင်ပေးဆိုသည့်အတိုင်း နည်းလမ်းမှန်စွာ ပြုစုပျိုးထောင်ပေးမည်ဆိုပါက အနာဂတ်မှာ ထွန်းလင်းတောက်ပလာမည့် ကြယ်ပွင့်လေးများ ဖြစ်လာနိုင်ပါတယ်။

ဒီလိုဖြစ်လာစေဖို့ရာကလည်း လူသားချင်းလူသားပီသစွာ ဆက်ဆံနိုင်စေဖို့၊ ရပ်တည်နိုင်စေဖို့ လိုအပ်တာကြောင့် ယခုလို ဟောပြောပွဲတွေကို ကမ္ဘောဇအနာဂတ်အလင်းတန်းဖောင်ဒေးရှင်းက စိတ်အားထက်သန်စွာ ကူညီပြုလုပ်ပေးနေတာဖြစ်ပါတယ်။ မြန်မာလူမျိုးများအတွက် အားမာန်ဖြစ်စေဖို့ အော်တစ်ဇင်ကလေးများအတွက် လိုအပ်သည့် အခန်းကဏ္ဍတိုင်းမှာ ကမ္ဘောဇ အနာဂတ်အလင်းတန်းဖောင်ဒေးရှင်းအနေနဲ့ ပါဝင်ကူညီသွားမည်ဟုလည်း ဝမ်းမြောက်ဖွယ် ကြားသိခဲ့ရပါတယ်။ ။

**ဘာကြောင့် ဒီလိုပြောရလဲဆိုရင် ကမ္ဘာကျော် ရူပဗေဒပညာရှင် အဲလ်ဘတ်အိုင်းစတိုင်း၊ အနောက်တိုင်း တေးဂီတဖခင်လို့တောင် တင်စားခြင်းခံရတဲ့ အာမေးဒီယပ်စ်မိုးဇတ်၊ သတ္တဗေဒပါရဂူ တင်ပယ်ဂရန်ဒင် စသည့် ကမ္ဘာကျော် ပညာရှင်များဟာ အော်တစ်ဇင်များ ဖြစ်နေလို့ပါပဲ။ ကောင်းကျိုးတွေကတော့ အထက်ဖော်ပြပါနဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ အော်တစ်ဇင်ကလေးများရဲ့ သဘောသဘာဝကို သေချာစွာ လေ့လာသုံးသပ်ပြီး အနာနဲ့ဆေး တည့်အောင်ပေးဆိုသည့်အတိုင်း နည်းလမ်းမှန်စွာ ပြုစုပျိုးထောင်ပေးမည်ဆိုပါက အနာဂတ်မှာ ထွန်းလင်းတောက်ပလာမည့် ကြယ်ပွင့်လေးများ ဖြစ်လာနိုင်ပါတယ်**



**ဒလမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၀ ရက်က ပြုလုပ်ခဲ့ရာ မြို့နယ်ပညာရေးမှူး ဦးအောင်နိုင်စိုးနှင့် ဆရာ ဆရာမများ စုပေါင်းစိုက်ပျိုးနေစဉ်။** သန်းဌေး(ဒလ)

# ရိဒ်ရေကန်သွားလမ်းတစ်လျှောက် အရိပ်ရပင်နှင့် ပန်းအလှပင်များ စုပေါင်းစိုက်ပျိုး

**ရိခေါဒါရ် ဇူလိုင် ၁၄**

ချင်းပြည်နယ် ရိခေါဒါရ်မြို့ရှိ အသည်းနှလုံးပုံသဏ္ဍာန် ရိဒ်ရေကန်သို့ သွားရာလမ်းတစ်လျှောက်၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၉ ရက်က ပြုလုပ်ခဲ့ပြီး အရိပ်ရအပင်နှင့် ပန်းအလှပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် မဲဇလီ ၈၀၊ ခါတော်မီ ၃၀၊ စွယ်တော် ၁၀၀ နှင့် ကျွန်း ၁၀ ပင် စုစုပေါင်း သစ်ပင် ၂၂၀ ကို ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ချင်းအမျိုးသားတပ်ဦးမှ ကိုယ်စားလှယ်များ၊ ရပ်ကွက်နေပြည်သူများ စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

ရိဒ်ရေကန်သို့ လာရောက်လည်ပတ်အပန်းဖြေသူများမှာ နေ့စဉ်နှင့်အမျှ များပြားလျက်ရှိကာ ပြည်ပဧည့်သည်က ပိုမိုများပြားကြောင်း၊ ယခု သစ်ပင်စိုက်ပျိုးသောလမ်းသည် လူနှင့် ယာဉ်အဝင်အထွက်များပြားသည့် လမ်းဖြစ်သည်နှင့်အညီ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းရန်ပုံငွေဖြင့် ကတ္တရာခင်းကျင်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ပြီး ယခု လမ်းဘေးဝဲယာတစ်လျှောက်တွင် အရိပ်ရအပင်နှင့် ပန်းအလှပင်များ စိုက်ပျိုးခြင်းဖြင့် ရိဒ်ရေကန် သာယာလှပရေး၊ ရေကန်ထိန်းသိမ်းရေးနှင့် လူအများအပန်းဖြေနားနေနိုင်မည့် နေရာဖြစ်လာရေးအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။ **နေစု(ချင်းရိုးမ)**



# အလကခွဲကျောင်းဆောင်ကို ခိုင်ခံ့တောင့်တင်းအောင် ပြန်လည်ဆောက်လုပ်ပေးရန် ဒေသခံများမျှော်လင့်

**ကသာ ဇူလိုင် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် အင်းရွာကျေးရွာအုပ်စု သပြေသာကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) အဆောက်အအုံမှာ ယိုယွင်းပျက်စီးနေသဖြင့် ကျောင်းသား ကျောင်းသူများ ဘေးအန္တရာယ်ကင်းရှင်းပြီး အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန် ဒေသခံပြည်သူများ မျှော်လင့်လျက်ရှိသည်။

"ကျွန်တော်တို့ သပြေသာကျေးရွာကျောင်းက အလက(ခွဲ)လို့ ဆိုပေမယ့် ကျောင်းဆောင်တစ်ဆောင်လုံးက တော်တော်လေးကို ယိုယွင်းပျက်စီးနေပါတယ်။ ကျောင်းသုံးပရိဘောဂပစ္စည်းတွေလည်း ကျောင်းမှာရှိတဲ့ ကျောင်းသားတွေအတွက် လောက်ငမရှိဘူး။ ကျောင်းခြံစည်းရိုးတွေကလည်း ပျက်စီးနေတော့ လုံခြုံမှုအတွက် အားနည်းနေတယ်။ ရေရှည်မှာ ရာသီဥတုအမျိုးမျိုးကြောင့် ကျောင်းသား ကျောင်းသူတွေရဲ့ ဘေးအန္တရာယ်အတွက် စိုးရိမ်ရပါတယ်။ ဒါကြောင့် ဒီကျောင်းကို နိုင်ငံတော်အစိုးရ တာဝန်ရှိသူတွေအနေနဲ့ ခိုင်မာတောင့်တင်းတဲ့ ကျောင်းဆောင်သစ်အဖြစ် ပြန်လည်ဆောက်လုပ် ပေးစေချင်ပါတယ်"ဟု ဒေသခံတစ်ဦးဖြစ်သူ ဦးဇော်ဝင်းအောင်က ပြောသည်။

သပြေသာကျေးရွာ အလကခွဲကျောင်းတွင် ကျောင်းအုပ်ကြီးအပါအဝင် ဆရာ ဆရာမ ကိုးဦးရှိပြီး ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၀၀ ကျော် ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။ **သတင်း-မောင်မွှေး၊ ဓာတ်ပုံ-ကိုဇော်ကြီး**



## သတင်းတိုများ

### အာဇာနည်နေ့အကြို ဟောပြောပွဲကျင်းပ

ချင်းရွှေဟော်မြို့ အထကကျောင်း၌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ (၆၉)နှစ်မြောက် အာဇာနည်နေ့အကြို ဟောပြောပွဲကို ဇူလိုင် ၈ ရက်က ကျင်းပခဲ့ရာ ကျောင်းသားကျောင်းသူများအား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးက အာဇာနည်နေ့ ပေါ်ပေါက်လာပုံနှင့် ဆရာမ ဒေါ်ဝင်းသီတာက အာဇာနည်နေ့ ဒို့မမေ့ခေါင်းစဉ်များဖြင့် ဟောပြောခဲ့သည်။
**(မြို့နယ် ပြန်/ဆက်)**

### နယ်လှည့်စာကြည့်တိုက်လုပ်ငန်းများ ဆောင်ရွက်

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်အတွင်းရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ် စာရင်းစစ်ရုံးနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးများ၌ နယ်လှည့်စာကြည့်တိုက်လုပ်ငန်းကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဇူလိုင် ၈ ရက်က သွားရောက်ဆောင်ရွက်ပေးခဲ့ပြီး ဝန်ထမ်းများအား သုတရသစာအုပ်များ ငှားရမ်းပေးခဲ့ကြောင်း သိရသည်။ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ စာကြည့်တိုက်သို့ လာရောက်နိုင်ခြင်းမရှိသော ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများအနေဖြင့် သုတရသ စာအုပ်ကောင်းများကို ဖတ်ရှုနိုင်ရန် နယ်လှည့်စာကြည့်တိုက်လုပ်ငန်းကို လှည့်လည်ဆောင်ရွက်ကာ အပတ်စဉ် စာအုပ်များ လဲလှယ်ငှားရမ်းပေးလျက်ရှိကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**

### ရခိုင်ရေဘေးအတွက် အလှူငွေများပေးအပ်

သံတွဲခရိုင် ကျောင်းထိုင်ဆရာတော်များ(ရန်ကုန်)မှ ဦးဆောင်၍ ရခိုင်ဒေသ ရေဘေး ကူညီရေးအဖွဲ့သို့ အလှူငွေပေးအပ်ပွဲကို ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗဟိုလမ်းရှိ သုခိတာရာမ ပရိယတ္တိစာသင်တိုက်၌ ဇူလိုင် ၁၁ ရက်က ကျင်းပခဲ့ပြီး ကျောင်းထိုင်ဆရာတော်များကိုယ်စား အလှူခံအဖွဲ့ခေါင်းဆောင် ဦးအေးသောင်းက အလှူခံရရှိငွေကျပ် ၁၄၆ သိန်းကျော်ကို သံတွဲခရိုင်အသင်းဥက္ကဋ္ဌ ဦးမြမောင်ထံ ပေးအပ်လှူဒါန်းခဲ့သည်။
**ကိုကြီးတင်**

### နိုင်ငံသားစိစစ်ရေးကတ်ပြားများဆောင်ရွက်ပေး

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်အတွင်းမှ ပြည်သူများအား နိုင်ငံသားစိစစ်ရေး ကတ်ပြားများနှင့် အိမ်ထောင်စုပုံစံ (၆၆/၆) များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက မြို့နယ်ရှိ ရပ်ကွက်ကျေးရွာများနှင့် အခြေခံပညာကျောင်းများသို့ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ပုဏ္ဏားကျွန်းမြို့နယ် ကွမ်းတောင်ကျေးရွာ အထက(ခွဲ)ရှိ ကျောင်းသား ကျောင်းသူ ၁၂၀ အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဇူလိုင် ၁၂ ရက်က သွားရောက်ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနကပြုလုပ်ပေးသော နိုင်ငံသားစိစစ်ရေးကတ်များကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းဌေးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့က ကျောင်းအုပ်ကြီးထံမှတစ်ဆင့် ကျောင်းသား ကျောင်းသူများထံ ပေးအပ်ခဲ့သည်။
**သူ(ပုဏ္ဏားမြို့)**



**စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်အတွင်း တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းစေရန်အတွက် မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးမောင်မောင်ခန့် ကြီးကြပ်ပြီး မြို့မရဲစခန်းမှူး ဒုတိယရဲမှူးမြင့်ဝင်းဦးဆောင်သည့် မြို့မရဲစခန်း လုံခြုံရေးတပ်ဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်နေသည်ကို ဇူလိုင် ၁၂ ရက်က တွေ့ရစဉ်။** (မြို့မရဲစခန်း လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မြို့နယ်ရဲတပ်ဖွဲ့နယ်မြေအတွင်း ဆိုင်ကယ် လှည့်ကင်းများဖြင့် နေ့ည ကင်းလှည့်နေသည့်အပြင် လိုအပ်သောနေရာများတွင် ရပ်ကင်းများချကာ လုံခြုံရေးတာဝန်များ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်)
**မျိုးဝင်းညို(ကျွန်းလှ)**

# မုံရွာမြို့တွင် မှုခင်းကျဆင်းရေးနှင့် ယာဉ်မတော်တဆမှု ကင်းရှင်းရေးအတွက် ခရိုင်ရဲတပ်ဖွဲ့က ဦးဆောင်ကာ ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိ

**မုံရွာ ဇူလိုင် ၁၄**
စစ်ကိုင်းတိုင်းဒေသကြီး၏ မြို့ကြီးတစ်မြို့ဖြစ်သည့် မုံရွာမြို့တွင် မှုခင်းကျဆင်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေးတို့အတွက် မုံရွာခရိုင်ရဲတပ်ဖွဲ့က ဦးစီးကာ သက်ဆိုင်ရာ ရဲတပ်ဖွဲ့များ ပူးပေါင်း၍ နေ့စဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မုံရွာမြို့တွင် မော်တော်ယာဉ်နှင့်ဆိုင်ကယ်များ အများအပြားရှိနေပြီး ယာဉ်အများစုမှာ စည်းကမ်းလိုက်နာမှု အားနည်းနေသေးကြောင်း၊ ယာဉ်စည်းကမ်းလိုက်နာရန် ပညာပေးအစီအစဉ်များ ပြုလုပ်ခဲ့ပြီးဖြစ်သော်လည်း လိုက်နာမှုအား အလွန်နည်းသောကြောင့် ဖမ်းဆီးအရေးယူခြင်းများကို မုံရွာခရိုင်ရဲတပ်ဖွဲ့နှင့် ယာဉ်ထိန်းတပ်ဖွဲ့တို့ ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိရာ နေ့စဉ်တစ်ရက်လျှင် စည်းကမ်းမဲ့ယာဉ် ၁၀ စီးနှင့်အထက် ဖမ်းဆီးအရေးယူနေရကြောင်း မုံရွာခရိုင်ရဲတပ်ဖွဲ့မှူး၏ ပြောကြားချက်အရ သိရသည်။

"မုံရွာခရိုင်အတွင်းက မုံရွာ၊ အရာတော်၊ ဘုတလင်နဲ့ ချောင်းဦး မြို့နယ်လေးခုက ဒေသခံတွေ၊ ကျောင်းသားကျောင်းသူစတဲ့ လူထုလူတန်းစားအလွှာပေါင်းစုံကို နှစ်လတာကာလအတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး ပညာပေးဟောပြောပွဲတွေနဲ့အတူ ဥပဒေအသိတွေ၊ ကျန်းမာရေးအသိတွေကိုပါ ပေးဝေခဲ့ပါတယ်။ ဒါပေမယ့် ယာဉ်စည်းကမ်းလိုက်နာမှု အားနည်းနေသေးတဲ့အတွက် ပညာပေးရင်း ဖမ်းဆီးအရေးယူတာတွေကို ဆောင်ရွက်နေပါတယ်"ဟု မုံရွာခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးချင်းစိန်ကပြောသည်။

မုံရွာခရိုင်အတွင်းရှိ မုံရွာမြို့မြို့မရဲစခန်းနှင့် နယ်မြေရဲစခန်းအပါအဝင် ချောင်းဦး၊ ဘုတလင်နှင့် အရာတော်မြို့မရဲစခန်းများ၌ နှစ်လခွဲကာလအတွင်း ပြစ်မှုများ ဖမ်းဆီးအရေးယူနိုင်မှုမှာ သစ်ဖမ်းဆီးရမိမှု ၁၁ မှု၊ ပို့သွင်းလိုင်စင်မဲ့ မော်တော်ယာဉ် ၂၄ စီး၊ လက်နက်မှု ၁၄ မှု၊ လောင်းကစား ၁၉ မှု၊ ပြည့်တန်ဆာ ၁၀ မှု၊ ခိုးမှုမသင်္ကာမှု(ကျင့်-၅၄) ၄၄ မှု၊ ယစ်မျိုးမှု ၁၂၄ မှု၊ ခြေချုပ်မှု ခုနစ်မှု၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာပြစ်မှု ခုနစ်မှု၊ မော်တော်ယာဉ်မှု ၆၁၂ မှုနှင့် ရဲဘက်မှု ၁၃၃ မှုရှိကြောင်း သိရသည်။

မုံရွာတက္ကသိုလ်နယ်မြေအတွင်း၌လည်း ကျောင်းသားအချင်းချင်း ခိုက်ရန်ဖြစ်ပွားမှုများနှင့် မူးယစ်ရမ်းကားမှုများ ဖြစ်နေသဖြင့် ခရိုင်ရဲတပ်ဖွဲ့က လှည့်ကင်းများချထား၍ မှုခင်းကျဆင်းရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**ကျောင်းသား ကျောင်းသူများ လမ်းကူးရာတွင် အန္တရာယ်ကင်းစေရန် ကူညီနေသည့် ရဲမေတစ်ဦး**

မုံရွာမြို့မှ မြို့မိမြို့ဖတစ်ဦးက "မုံရွာတက္ကသိုလ်နယ်မြေမှာရှိတဲ့ ပုဂ္ဂလိကအဆောင်တွေနား အနီးတစ်ဝိုက်မှာ တုတ်ဓားလက်နက်တွေကိုင်ပြီး အုပ်စုဖွဲ့ဂစ်တာတီး သီချင်းဆိုရာကနေ ခိုက်ရန်ဖြစ်ပွားပြီး လူသတ်မှုဖြစ်စဉ်တွေအထိ ဖြစ်ခဲ့တာတွေ ရှိပါတယ်။ ဇူလိုင် ၄ ရက်ညပိုင်းကလည်း ချမ်းမြဝတီရပ်ကွက် တက္ကသိုလ်နယ်မြေထဲမှာ အုပ်စုဖွဲ့ခိုက်ရန်ဖြစ်ခဲ့တဲ့အတွက် မုံရွာခရိုင် ရဲတပ်ဖွဲ့မှူးကြီး ဦးဆောင်ပြီး ရဲတပ်ဖွဲ့ဝင်တွေနဲ့အတူ သက်ဆိုင်ရာ ဆရာ ဆရာမတွေ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေနဲ့ အဆောင်တာဝန်ရှိသူတွေ စုပေါင်းပြီး မုံရွာတက္ကသိုလ်နယ်မြေအတွင်း လှည့်ကင်းချဆောင်ရွက်နေပါတယ်။ အဲဒီလိုဆောင်ရွက်နေတဲ့ကာလမှာပဲ မြဝတီရပ် ကျောက်ကာလမ်းပေါ်မှာ အရက်သေစာသောက်၊ တုတ်တွေကိုင်ပြီး ရမ်းကားနေတာကို ဇူလိုင် ၁၁ ရက် ညက တွေ့ရှိစိစစ်လိုက်တော့ မုံရွာတက္ကသိုလ်က ကျောင်းသားလေးဦးနဲ့ မုံရွာစီးပွားရေးတက္ကသိုလ်က ကျောင်းသားတစ်ဦးဖြစ်နေတာ တွေ့ရပါတယ်။ အဲဒီကျောင်းသားတွေကို နောက်နေ့မနက်မှာ မုံရွာတက္ကသိုလ်ပါမောက္ခချုပ်ဆီကို အကြောင်းကြားပြီး ကျောင်းသားငါးဦးကို ဥပဒေ အသိပညာပေးပြောကြားပြီး သက်ဆိုင်ရာ ဘာသာရပ်ကထိကတွေထံ လက်ရောက်အပ်နှံပေးခဲ့တာ တွေ့ရပါတယ်"ဟု ပြောသည်။

အဆိုပါ မူးယစ်သောက်စား ခိုက်ရန်ဖြစ်ပွားသည့်ဖြစ်စဉ်များ အဓိကဖြစ်စေသောအချက်မှာ စည်းကမ်းမဲ့နှင့် တရားမဝင် ဖွင့်လှစ်စီးပွားရှာနေသော စားသောက်ဆိုင်နှင့် ကာရာအိုကေဆိုင်များကြောင့်ဖြစ်ကြောင်း ဒေသခံများ၏ ပြောကြားချက်အရ သိရသည်။ ထို့ကြောင့် စားသောက်ဆိုင်နှင့် ကာရာအိုကေဆိုင်များ အနေဖြင့် မုံရွာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ထုတ်ပြန်ထားသော ဒေသန္တရအမိန့်များကို လိုက်နာဆောင်ရွက်မှုမရှိကြောင်း စိစစ်တွေ့ရှိရပါက မုံရွာခရိုင်ရဲတပ်ဖွဲ့မှူးဦးဆောင်သော ပူးပေါင်းအဖွဲ့က ပြတ်သားစွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဇူလိုင် ၁၃ ရက်တွင် နောက်ဆုံးအကြိမ်အဖြစ် သတိပေးထားသည်။

ထို့အပြင် မုံရွာမြို့ ချင်းတွင်းမြစ်ကမ်းတစ်လျှောက်တွင်လည်း ချင်းတွင်းမြစ်ရေသည် စိုးရိမ်ရေမှတ်အထက်သို့ ရောက်ရှိနေလျက်ရှိရာ ရေတက်သည်ကို အခွင့်ကောင်းယူကာ မြစ်ကြောင်းတစ်လျှောက်တွင် ခိုးဆိုးလုယက်မှုများ မရှိစေရန်နှင့် မြစ်ရေအခြေအနေများကို မြို့လူထုအား ကြိုတင်အသိပေးနိုင်ရန်အတွက် မုံရွာတာရိုးတစ်လျှောက်ရှိ ရေကင်း ၂၄ ကင်းတွင် ရဲတပ်ဖွဲ့ဝင်အင်အား တိုးမြှင့်ချထားသလို အရန်အင်အား ၅၀ ကျော်ကိုလည်း ထားရှိထားကြောင်း မုံရွာခရိုင် ရဲတပ်ဖွဲ့မှူး၏ ပြောကြားချက်အရ သိရသည်။
**မျိုးဝင်းထွန်း(မုံရွာ)**

# နယ်လှည့်စာကြည့်တိုက်များ ကွင်းဆင်းဖွင့်လှစ်ပေး

**ကြို့ပင်ကောက် ဇူလိုင် ၁၄**
ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် ကြံတောစုကျေးရွာ (အမက)ကျောင်းနှင့် ခွန်နှစ်ရွာကျေးရွာ အမကကျောင်းများ၌ ကျောင်းသား ကျောင်းသူများ စာဖတ်သည့်အလေ့အထ ရရှိစေရန်အတွက် နယ်လှည့်စာကြည့်တိုက်များကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဇူလိုင် ၁၂ ရက်က သွားရောက်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ကြံတောစုကျေးရွာ(အမက)ကျောင်းတွင် ကျောင်းသား ကျောင်းသူ ၃၇ ဦးနှင့် ခွန်နှစ်ရွာ (အမက)ကျောင်းတွင် ကျောင်းသား ကျောင်းသူ ၃၁ ဦးတို့အား စာဖတ်ခြင်းကို စိတ်ပါဝင်စားမှုရှိလာရန် စာကြည့်တိုက်မှူး ဒေါ်တင်တင်ဝင်းက ပုံပြောခြင်းအစီအစဉ်၊ စက္ကူပြဇာတ်ပြသခြင်းအစီအစဉ်များဖြင့် ဆောင်ရွက်ခဲ့ပြီး ဆက်လက်၍ ရှန်တီ(SVA)အဖွဲ့မှ ထောက်ပံ့ထားသော ကလေးဖတ် စာပေများနှင့် မြို့နယ်ရုံးမှ ကလေးဖတ် စာပေများကို ကလေးငယ်များအား ဖတ်ရှုလေ့လာစေခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



## ကျေးရွာကွန်ကရစ်တံတား တည်ဆောက်ပြီးစီး၍ သွားလာရေး အဆင်ပြေ

**ရေး ဇူလိုင် ၁၄**
မွန်ပြည်နယ် ရေးမြို့နယ် တူးမြောင်းကျေးရွာအုပ်စု ကျုံပေါ်သစ်သားတံတားကို ကွန်ကရစ်တံတားအဖြစ် အစားထိုးတည်ဆောက်ခဲ့ရာ ယခုအခါ တည်ဆောက်မှုများ ရာနှုန်းပြည့် ပြီးစီးသွားပြီဖြစ်၍ ဒေသခံပြည်သူများ သွားလာရေး လွယ်ကူချောမွေ့လျက်ရှိကြောင်း သိရသည်။

အဆိုပါ တံတားသည် ကျေးရွာပေါင်းကိုးရွာမှ ပြည်သူများ နေ့စဉ်ဖြတ်သန်းသွားလာနေကြရသည့် အရေးပါသော တံတားတစ်စင်းဖြစ်ကြောင်း၊ မူလသစ်သားတံတားမှာ ပျက်စီးယိုယွင်းလာသဖြင့် အရှည် ပေ ၄၀၊ အကျယ် ၁၄ ပေရှိ ကွန်ကရစ်တံတားသစ်ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရက် ၁၀၀ စီမံချက်အတွင်း တည်ဆောက်ခဲ့ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၂၈ သန်း အကုန်ကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ တံတားတည်ဆောက်မှု ရာနှုန်းပြည့် ပြီးစီးပြီဖြစ်၍ ဒေသခံပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေးနှင့် ဒေသထွက်ကုန်များ ပို့ဆောင်ရောင်းဝယ်ရေးတို့အတွက် အဆင်ပြေချောမွေ့လျက်ရှိကြောင်း သိရသည်။
**နေမျိုးထွဋ်(ရေး)**

# ရာသီသစ်မှာ သရဲနီနဲ့အတူ စောင့်ကြည့်ရမယ့် မီခီတာရန်

**အောင်က**




**မန်ယူအသင်းဟာ ပြီးခဲ့တဲ့ရက်ပိုင်းက ဒေါ့မွန်အသင်းရဲ့ကွင်းလယ်ကစားသမား မီခီတာရန်ကို ပေါင် ၂၆ဒသမ၃သန်း နဲ့ ခေါ်ယူထားခဲ့ပါတယ်။ မန်ယူအသင်းအနေနဲ့ မီခီတာရန်ကို လေးနှစ်စာချုပ်နဲ့သာခေါ်ယူထားတာဖြစ်ပေမယ့် နောက်ထပ်တစ်နှစ်စာချုပ်သက်တမ်းတိုးဖို့ကိုလည်းထည့်သွင်းချုပ်ဆိုထားခဲ့ပါတယ်။ ဒီခေါ်ယူမှုဟာ မန်ယူအသင်းမန်နေဂျာ မော်ရင်ညိုရဲ့ ဒီနှစ်နွေရာသီမှာတော့ တတိယမြောက်ခေါ်ယူမှုဖြစ်ပါတယ်။ မီခီတာရန်ဟာ မန်ယူအသင်းကို ပထမဦးဆုံးရောက်ရှိလာခဲ့တဲ့ အယ်မေးနီးယားလူမျိုးကစားသမားတစ်ဦးဖြစ်သလို ပရီမီယာလိဂ်သမိုင်းမှာလည်း ပထမဦးဆုံး အယ်မေးနီးယားကစားသမားဖြစ်ပါတယ်။ ဒါကြောင့် ကွင်းလယ်ကစားသမား မီခီတာရန်အနေနဲ့ ပရီမီယာလိဂ်မှာအသားကျပြီး အကောင်းဆုံးကစားနိုင်မလားဆိုတာကလည်း လူတိုင်းအတွက် စိတ်ဝင်စားစရာမေးခွန်းအဖြစ်ရှိနေခဲ့ပါတယ်။ ဒါပေမယ့် မီခီတာရန်ရဲ့ဖြတ်သန်းလာခဲ့တဲ့ နောက်ခံအကြောင်းတရားတွေနဲ့ ခြေစွမ်းတွေကို ကြည့်မယ်ဆိုရင်တော့ မီခီတာရန်ရဲ့ပါရမီတွေနဲ့ ခြေစွမ်းတွေကို သံသယဖြစ်စရာတောင် မလိုအပ်ပါဘူး။**

**ဘောလုံးမျိုးရိုးရှိသူ**

မီခီတာရန်ရဲ့ဖခင်ဖြစ်သူဟမ်လက်ဟာ အယ်မေးနီးယားတိုက်စစ်မှူးတစ်ဦးဖြစ်ပြီး ပြင်သစ်ဒုတိယတန်းလိဂ်မှာကစားခဲ့ဖူးသူဖြစ်ပါတယ်။ သူဟာ အယ်မေးနီးယားအသင်းနဲ့ နှစ်ပွဲသာပါဝင်ကစားခွင့်ရရှိခဲ့ပြီး သူ့ရဲ့ ကစားသမားဘဝကတော့ တိုတောင်းပြီး ဦးနှောက်ကင်ဆာနဲ့စောစီးစွာဘဝနိဂုံးချုပ်ခဲ့ရသူဖြစ်ပါတယ်။ သူဟာ ၁၉၉၅ခုနှစ်မှာ မွေးရပ်မြေအယ်မေးနီးယားကိုပြန်လာခဲ့ပြီး နောက်တစ်နှစ်အကြာမှာပဲ သေဆုံးခဲ့တာကြောင့် မီခီတာရန်အနေနဲ့စောစီးစွာနဲ့ဖခင်ရင်ခွင်နဲ့ ဝေးကွာခဲ့ရတာဖြစ်ပါတယ်။



မီခီတာရန်ရဲ့အစ်မဖြစ်သူမိုနီကာဟာ ယူအီးအက်ဖ်အေမှာ အလုပ်လုပ်နေခဲ့တာဖြစ်ပြီး ယခင်ဥက္ကဋ္ဌဟောင်း ပလာတီနီရဲ့ လက်ထောက်တစ်ဦး ဖြစ်ပါတယ်။ သူ့ရဲ့မိခင်ဖြစ်သူ မာရီနာကတော့ အယ်မေးနီးယားဘောလုံးအဖွဲ့ချုပ်ရဲ့ ဒါရိုက်တာတစ်ဦးဖြစ်ပါတယ်။ သူဟာ ငယ်စဉ်ကတည်းက ပြင်သစ်စာကိုသင်ယူနေခဲ့သလို အင်္ဂလိပ်စာကိုလည်း လေ့လာနေခဲ့သူ ဖြစ်ပါတယ်။ ဒါ့အပြင် သူဟာ အသက် ၁၄ နှစ်အရွယ်က ဘရာဇီးမှာ နေခဲ့ဖူးတာကြောင့် ပေါ်တူဂီစကားလည်းပြောဆိုနိုင်သူ ဖြစ်ပါတယ်။ ဒါတင်မကပါဘူး သူ့ရဲ့အဖွားဟာ ရုရှားဖြစ်ပြီး သူ့ရဲ့ မိခင်ဘာသာစကားကတော့ အာမေးနီးယား ဖြစ်ပါတယ်။ ဒေါ့မွန်အသင်းမှာကစားခဲ့တာကြောင့် ဂျာမန်စကားကိုလည်း ပြောတက်လာခဲ့တဲ့သူ ဖြစ်ပါတယ်။

**ဇီဒန်းကိုစံပြထားသူ**

မီခီတာရန်ဟာ အသက် ခုနစ်နှစ်အရွယ်မှာ ပြင်သစ်ကနေ အာမေးနီးယားကို ပြန်ခဲ့ရတာကြောင့် ပြင်သစ်ဘောလုံးလောကနဲ့တော့အလှမ်းဝေးသွားခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ဒါပေမယ့် ၁၉၉၈ ကမ္ဘာ့ဖလားမှာ ဇီဒန်းခြေစွမ်းပြကစားခဲ့တဲ့ မှတ်တမ်းတင်အခွေကို အထပ်ထပ်အခါခါကြည့်ပြီးတဲ့နောက်မှာတော့ ဇီဒန်းဟာ မီခီတာရန်ရဲ့စံပြကစားသမားဖြစ်လာခဲ့ပါတယ်။ အဲ့ဒါနဲ့ပတ်သက်ပြီး မီခီတာရန်က “ကျွန်တော်ဟာ ပြင်သစ်ချန်ပီယံဖြစ်ခဲ့တဲ့ ၁၉၉၈ ကမ္ဘာ့ဖလားမှတ်တမ်းတွေကို အကြိမ်ကြိမ်အခါခါ ကြည့်ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဇီဒန်းကို နှစ်သက်ခဲ့တာပါ။ အဲ့ဒီအခွေကို ကြည့်ပြီး ကျွန်တော်ဟာ ပရိုကစားသမားဘဝကိုလည်း များစွာလေ့လာခွင့်ရရှိခဲ့ပါတယ်” ဟု ပြောဆိုခဲ့ပါတယ်။

**နည်းပြတူခဲလ်၏လက်အောက်တွင် အကောင်းဆုံးတိုးတက်လာသူ**

မီခီတာရန်ကို ဂျာဂျင်ကလော့က ၂၀၁၃ခုနှစ်က ရှက်တာဒိုးနက်အသင်းကနေ ယူရို၂၇ ဒသမ၅ခေါ်ယူခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့် မီခီတာရန်ဟာ ဒေါ့မွန်အသင်းနည်းပြ တူခဲလ်ကိုင်တွယ်တဲ့ ပြီးခဲ့တဲ့ရာသီမှာမှ ခြေစွမ်းပြကစားနိုင်ခဲ့တယ်လို့ ပြောရမှာဖြစ်ပါတယ်။ ဒါကြောင့်လည်းသူဟာ ပြီးခဲ့တဲ့ရာသီ က အသင်းမှာ ၄၉ပွဲပါဝင်ကစားပြီး ၁၉ ဂိုးသွင်းယူနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ သူဟာ ယုံကြည်မှုတွေကိုအကောင်းဆုံးတည်ဆောက်နိုင်ခဲ့သလို နည်းပြ တူခဲလ်ကလည်း သူ့ကိုဒေါ့မွန်အသင်းရဲ့အဓိကကစားသမားအဖြစ် ထားကစားခဲ့ပါတယ်။ ဒါကြောင့်မို့လည်း သူဟာ ပြီးခဲ့တဲ့ရာသီမှာ အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့ပြီး ဒေါ့မွန်အသင်းကို ဘွန်ဒက်စ်လီဂါ အမှတ်ပေးဇယားရဲ့အဆင့် ၂နေရာမှာ ရပ်တည်အောင်စွမ်းဆောင်နိုင်ခဲ့သလို ဘွန်ဒက်လီဂါရဲ့တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုရရှိခဲ့တာဖြစ်ပါတယ်။

**နေရာစုံကစားနိုင်သူ**

မီခီတာရန်ဟာ ညာသန်ကစား သမားတစ်ဦးဖြစ်ပေမယ့် ခြေနှစ်ဖက်စလုံးနဲ့ ပေးပို့မှုတွေ၊ ဂိုးပေါက်ကန်သွင်းနိုင်မှုတွေ အကောင်းဆုံးလုပ်ဆောင်နိုင်စွမ်းရှိတဲ့သူဖြစ်ပါတယ်။ သူဟာ ပြီးခဲ့တဲ့ရာသီက ဘွန်ဒက်စ်လီဂါမှာ ဘယ်ခြေနဲ့ ခြောက်ဂိုး၊ ညာခြေနဲ့လေးဂိုးသွင်းယူပေးပြီး ခေါင်းတိုက်ပြီး တစ်ဂိုးသွင်းယူနိုင်ခဲ့သူဖြစ်ပါတယ်။

သူဟာ ကွင်းလယ် တိုက်စစ်၊ ညာတောင်ပံ၊ ဘယ်တောင်ပံ သာမက ကွင်းလယ်နဲ့တိုက်စစ်ကိုဘယ်လိုနေရာမဆိုကစားနိုင်စွမ်းရှိတဲ့သူ ဖြစ်တာကြောင့် နည်းပြတိုင်းကတော့ သူ့ကိုနှစ်သက်မှုရှိပါတယ်။ မီခီတာရန်ဟာ ဘောလုံးပေးပို့မှု၊ ဆွဲပြေးနိုင်မှု၊ ဖြတ်တင်ပေးပို့မှုတွေမှာတော့ သူမတူအောင် ကောင်းမွန်မှုရှိတဲ့ကစားသမားတစ်ဦးလည်းဖြစ်တာကြောင့် ဘွန်ဒက်စ်လီဂါရဲ့ အကောင်းဆုံးကစားသမားအဖြစ် သတ်မှတ်ခြင်းခံခဲ့ရတာလည်း ဖြစ်ပါတယ်။

ဒါကြောင့်လည်း လာမည့်ပရီမီယာလိဂ်ရာသီသစ်မှာတော့ မန်ယူအသင်းရဲ့မန်နေဂျာသစ်မော်ရင်ညိုရဲ့လက်အောက်မှာ ကစားခွင့်ရတော့မယ့် မီခီတာရန်အနေနဲ့ ပရီမီယာလိဂ်မှာ အကောင်းဆုံးခြေစွမ်းပြကာ မန်ယူအသင်းအတွက်ဂိုးတွေသွင်းယူကာ ဆုဖလားတွေ ရယူပေးနိုင်မလားဆိုတာကတော့ စောင့်ကြည့်ရဦးမှာ ဖြစ်ပါတယ်။

■

## ပေါ့ဂ်ဘာက ၎င်း၏အနာဂတ်နှင့် ပတ်သက်၍ လာမည့်ရက်ပိုင်းအတွင်း ဆုံးဖြတ်မည်ဟုပြော

ပြင်သစ်နှင့် ဂျူဗင်တပ်စ်အသင်း ကွင်းလယ်ကစားသမား ပေါလ်ပေါ့ဂ်ဘာသည် သူ၏ အနာဂတ်နှင့် ပတ်သက်၍ လာမည့်ရက်ပိုင်းအတွင်း ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

အသက် ၂၃ နှစ်အရွယ်ရှိ ကွင်းလယ်တိုက်စစ်ကစားသမား ပေါ့ဂ်ဘာအား မန်ယူနှင့် ရီးရဲမက်ဒရစ်အသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားနေသည်။ မန်ယူမန်နေဂျာ မော်ရင်ညိုက ပေါ့ဂ်ဘာအား ခေါ်ယူနိုင်ရေးအတွက် ရီးရဲမက်ဒရစ်အသင်းက ပေါ့ဂ်ဘာအား ကမ်းလှမ်းမည့် ပြောင်းရွှေ့ကြေးပမာဏထက် ပေါင် ငါးသန်း ပိုမိုကမ်းလှမ်းသွားရန် ရည်ရွယ်ထားကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။ ပေါ့ဂ်ဘာအနေဖြင့် ယခုနွေရာသီအတွင်း ဂျူဗင်တပ်စ်မှ ထွက်ခွာရန် ဆုံးဖြတ်ခဲ့ပါက ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့သည့်ကစားသမားဖြစ်လာရန် အလားအလာများနေသူဖြစ်သည်။ ပြီးခဲ့သည့် ရက်ပိုင်းအတွင်း ထွက်ပေါ်ခဲ့သည့် သတင်းများ၌ ရီးရဲမက်ဒရစ်အသင်းသည် ပေါ့ဂ်ဘာအား ခေါ်ယူရေးကြိုးပမ်းမှုကို လက်လျှော့သွားပြီဖြစ်သည်ဟု ဖော်ပြခဲ့သည်။

သို့သော်လည်း သတင်းအရင်းအမြစ်တစ်ခုကမူ ရီးရဲအသင်းအနေဖြင့် ပေါ့ဂ်ဘာကို ခေါ်ယူရန် စိတ်ဝင်စားမှု ရှိနေဆဲဖြစ်ကြောင်း ပြောဆိုခဲ့သည်။ ပေါ့ဂ်ဘာကိုယ်တိုင်ကလည်း ရီးရဲမက်ဒရစ်အသင်းထံသို့ ပြောင်းရွှေ့ရန် ပိုမို စိတ်အားထက်သန်မှုရှိနေကြောင်း၊ သို့သော်လည်း မန်ယူအသင်း ကမ်းလှမ်းမည့် ငွေကြေးပမာဏသည် ပေါ့ဂ်ဘာ၏ ဆုံးဖြတ်ချက်အပေါ် လွှမ်းမိုးမှုရှိနိုင်သည်ဟု ဆိုသည်။

## ဘိုင်ယန်နှင့်အတူ သမိုင်းကောင်း ရေးထိုးလိုသည်ဟု အန်ဆယ်လော့တီ ဖွင့်ဟ

ဘိုင်ယန်မြူးနစ်အသင်း နည်းပြသစ် အန်ဆယ်လော့တီက ဘိုင်ယန်နှင့်အတူ သမိုင်းကောင်း ရေးထိုးလိုကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

အီတလီလူမျိုးနည်းပြ အန်ဆယ်လော့တီ (၅၇နှစ်) သည် ဘိုင်ယန်မြူးနစ် အသင်းနည်းပြအဖြစ် ၂၀၁၆-၁၇ ခုနှစ် ဘောလုံးရာသီမှစတင်ကာ တာဝန်ယူ ရန် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်တွင် ဘိုင်ယန်အသင်းနှင့် သုံးနှစ်သက်တမ်းရှိ စာချုပ်ချုပ်ဆိုခဲ့သူဖြစ်သည်။ နည်းပြ အန်ဆယ်လော့တီသည် ၁၉၉၆ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ ဘိုင်ယန်မြူးနစ်အသင်းနည်းပြအဖြစ် တာဝန်ယူခဲ့သူ ထရာပက်တိုနီပြီးနောက် ဘိုင်ယန်အသင်းကို တာဝန်ယူခွင့်ရရှိသည့် ဒုတိယမြောက် အီတလီလူမျိုးနည်းပြဖြစ်သည်။




“ကျွန်တော်ဟာ ဘိုင်ယန်မြူးနစ် အသင်းနည်းပြတာဝန်ကို ထရာပက်တိုနီပြီးတဲ့နောက် တာဝန်ယူခွင့်ရတဲ့ အီတလီလူမျိုးနည်းပြပါ။ ထရာပတ်တိုနီဟာ ဂန္ထဝင်နည်းပြတစ်ဦးပါ။ ကျွန်တော့်အနေနဲ့လည်း ဘိုင်ယန်အသင်းမှာ ထရာပက်တိုနီလို အောင်မြင်မှုရရှိအောင် စွမ်းဆောင်ချင်ပါတယ်။ ကျွန်တော့်ရဲ့ အလုပ်ကို ကျွန်တော်နှစ်သက်ပြီး အကောင်းဆုံးဖြစ်အောင်လည်း ကြိုးစားသွားမှာပါ။ ဘိုင်ယန်မြူးနစ်အသင်းဟာ ဘွန်ဒက်စ်လီဂါပြိုင်ပွဲမှာ ကောင်းမွန်တဲ့ သမိုင်းကြောင်းရှိတယ်ဆိုတာကို သိပါတယ်။ ကျွန်တော်တို့အနေနဲ့ ပြိုင်ပွဲအားလုံးမှာ ပါဝင်ယှဉ်ပြိုင်ခွင့်ရတာမျိုးလိုချင်ပါတယ်။ မန်နေဂျာတစ်ဦးအနေနဲ့ အသင်းရဲ့ ရလဒ်ပိုင်းကလွဲလို့ ကျန်အရာအားလုံးအပေါ်မှာ ထိန်းချုပ်နိုင်ပါတယ်။ တကယ်လို့ ရလဒ်အပေါ်မှာပါ ထိန်းချုပ်နိုင်မယ်ဆိုရင် ကျွန်တော်က မှော်ဆရာတစ်ဦးဖြစ်နေမှာပေါ့။ ဒါပေမယ့် ကျွန်တော်က မန်နေဂျာတစ်ဦးသာ ဖြစ်ပါတယ်” ဟု နည်းပြ အန်ဆယ်လော့တီက ပြောဆိုခဲ့သည်။

ထရာပက်တိုနီသည် ဘိုင်ယန်အား ဘွန်ဒက်စ်လီဂါ၊ ဂျာမန်ပိုကယ်ဖလားနှင့် လီဂါပိုကယ်ဖလားတို့ကို တစ်ကြိမ်စီ ရရှိစေရန် ဦးဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။



# နာမည်ကြီးများ ခြေမြုပ်တဲ့ပွဲ

ဝေမိုးဆက်

**ယူရို ၂၀၁၆ ပြိုင်ပွဲကပြီးဆုံးသွားခဲ့ပြီ။ မထင်မှတ်တဲ့ပေါ်တူဂီဗိုလ်စွဲမှုနဲ့အတူ မထင်မှတ်တဲ့ရလဒ်တွေလည်းအ တော်လေးထွက်ခဲ့တယ်။ နာမည်ကြီးအင်္ဂလန်ကို မထင်မရှား အိုက်စလန်ကနိုင်တယ်။ စပိန်က ၁၆ သင်းအဆင့်နဲ့ တင်ထွက်ရတယ်။ ဝေလလိုယူရိုပြိုင်ပွဲကို ပထမဆုံးအကြိမ်ဝင်ပြိုင်ခွင့်ရလာတဲ့အသင်းက ဆီမီးဖိုင်နယ်အထိတက်လာသလို ဘယ်သူမှထင်မထားတဲ့ ပေါ်တူဂီက ဗိုလ်လုပွဲအထိတက်လာနိုင်တယ်။**

အရှင်းဆုံးပြောရရင်တော့ ယူရိုပွဲတော်ဟာ ထင်မထားတဲ့ အကြောင်းခြင်းရာများစွာနဲ့အတူ ပရိသတ်အတွက် စိတ်လှုပ်ရှားမှုတွေ၊ စိတ်ဝင်စားမှုတွေ အများအပြားပေးအပ်ခဲ့ကာ ပြီးဆုံးသွားခဲ့ပြီ ဖြစ်တယ်။ ဒီတော့ အဲဒီလို အကြောင်းခြင်းရာတွေနဲ့ပတ်သတ်ပြီး ဘာများ ပြောစရာရှိမလဲ။ ကျွမ်းကျင်သူအများစုကတော့ ပြီးဆုံးသွားတဲ့ဒီယူရိုပွဲတော်မှာ နာမည်ကြီးကစားသမား အများစုရဲ့ ခြေစွမ်းတိမ်မြုပ်ခဲ့မှုကလည်း တစ်နည်းတစ်ဖုံ ဆွေးနွေးချင်စရာကောင်းတဲ့ အကြောင်းခြင်းရာတစ်ခု ဖြစ်ခဲ့ပါတယ်လို့ ထောက်ပြလာကြတယ်။

ပြောမယ်ဆိုရင်ပေါ့။ ဒီယူရိုပွဲတော်ဟာ အသင်းအရေအတွက် တိုးမြှင့်ခဲ့မှုနဲ့အတူ နာမည်ကြီး ကစားသမားတွေလည်းအတော် များများပါဝင်လာခဲ့တယ်။ အီဘရာဟီမိုဗစ်၊ လီဝမ်ဒေါစကီး၊ ပေါ့ဂ်ဘာ၊ ရော်နယ်ဒို၊ ဘေးလ်၊ ဂရစ်ဇ်မန်း၊ ဟယ်ရီကိန်း၊ ဖာဘရီဂက်စ်၊ မန်ဇူကစ်၊ ဟာဇက်၊ မူလာတို့လို ထိပ်တန်းကစားသမားတွေ အပြင် ကိုးလ်မန်း၊ မာတီရယ်၊ ရှက်ဖို့ဒ်၊ လူးကပ်ဇက်စကွက်တို့လို ခြေရည်ခြေသွေးကောင်းမွန်တဲ့ လူငယ်ဘောလုံးသမားကောင်းလေးတွေလည်း အများအပြားပါဝင်လာမှုနဲ့အတူ ဒီပြီးဆုံးသွားတဲ့ယူရိုပွဲတော်ဟာ တစ်ဦးချင်းအရည် အသွေးပိုင်းအားပြိုင်မှုတွေနဲ့အတူရင်ခုန် စိတ်လှုပ်ရှားစရာ သိပ်ကောင်းနိုင်ပါတယ်လို့ ယူဆခဲ့သော်ငြား လက်တွေ့မှာ ထင်မှတ်ထားသလိုဖြစ်မလာခဲ့ဘူး။

ပြောမယ်ဆိုရင် ထိပ်တန်းကစားသမားတွေ အထဲမှာတောင်မှ ပုံမှန် ခြေစွမ်းပြသနိုင်မှုနဲ့အတူ ပရိသတ်ကို ဆွဲဆောင် နိုင်တဲ့သူက အတော်လေး နည်းလွန်းခဲ့တယ်။ ဘေးလ်၊ ဂရစ်ဇ်မန်းတို့လို ကစားသမားတွေက သူတို့ရဲ့ခြေစွမ်းခြေကောင်း မွန်မှုတွေကိုထုတ်ပြကာ ပရိသတ်ကို ဆွဲဆောင် နိုင်ခဲ့တယ်ဆိုသော်ငြား အခြားထိပ်တန်းကစား သမားတွေဖြစ်တဲ့ လီဝမ်ဒေါစကီး၊ အီဘရာဟီမိုဗစ်၊ မူလာ၊ ဟာဇက်၊ ဖာဘရီဂက်စ်၊ ရော်နယ်ဒို၊ ပေါ့ဂ်ဘာ၊ မန်ဇူကစ်တို့ကအစ မျှော်လင့်ထား သလောက် ခြေစွမ်းပြသနိုင်မှု မရှိခဲ့ဘူးဆိုတော့။ ပြီးဆုံးခဲ့ပြီဖြစ်တဲ့ အဆိုပါ ယူရိုပွဲတော်ကို ကျွမ်းကျင်သူတိုင်းက နာမည်ကြီးတွေခြေမြုပ်တဲ့ပွဲရယ်လို့ ခေါင်းစဉ်တပ်လာကြတယ်။

အထူးသဖြင့် ပိုလန်တိုက်စစ်မှူး လီဝမ်ဒေါစကီးဆိုရင် ဒီယူရိုခြေစစ်ပွဲတွေတုန်းကတောင်မှ ၁၃ ဂိုးသွင်းယူပြီး ခြေစစ်ပွဲအတွင်း ဂိုးသွင်းအများဆုံးကစားသမားအဖြစ်တောင် ရပ်တည်နိုင်ခဲ့သော်ငြား ယူရိုပွဲတော်အတွင်းမှာတော့ ဂိုးတစ်ဂိုးသွင်းယူနိုင်ဖို့ကိုတောင်မှ ခက်ခက်ခဲခဲရုန်းကန်ခဲ့ရတဲ့အထိခြေစွမ်းတိမ်မြုပ်ခဲ့ရတယ်။ ပြောမယ်ဆိုရင်ပေါ့။ လီဝမ်ဒေါစကီးဟာ ဒီယူရိုပွဲတော်မှာ ငါးပွဲတိတိ ကစားခွင့်ရခဲ့ပေမယ့် ကွာတားအဆင့်မှာ ပေါ်တူဂီဘက်ကိုသွင်းယူနိုင်ခဲ့တဲ့တစ်ဂိုးတည်းသာ သွင်းယူနိုင်ခဲ့တယ်။

အရှင်းဆုံးပြောရရင် လီဝမ်ဒေါစကီးဟာ ဂိုးသွင်းယူနိုင်မှုခြေစွမ်းတစ်ခုတည်းတင် ကျဆင်းခဲ့တာမျိုးမဟုတ်ဘူး။ အဆိုပါ ငါးပွဲမှာပြိုင်ဘက် အသင်းတွေရဲ့ ဂိုးပေါက်ကို ခြိမ်းခြောက်နိုင်မှုကအစ ကျဆင်းခဲ့ကာ အဆိုပါ ငါးပွဲမှာ လီဝမ်ဒေါစကီးဟာ ပြိုင်ဘက်တွေရဲ့ ဂိုးပေါက်ကို ကိုးကြိမ်သာ ကန်သွင်းနိုင်ခဲ့တယ်။ ဒါ့အပြင် လီဝမ်ဒေါစကီးရဲ့ကလပ်အသင်းကစားဖော် မူလာဆိုရင်လည်း ဒီယူရိုပွဲတော်မှာ ခြောက်ပွဲတိတိ ကစားခဲ့ရပေမယ့် သွင်းဂိုးတစ်ဂိုးတောင်မှ သွင်းယူနိုင်မှု မရှိခဲ့ဘူး။

ပြောမယ်ဆိုရင်ပေါ့။ မူလာဟာ ဂျာမနီအတွက် အဓိကဂိုးသွင်းရှင်ဖြစ်လာနိုင်တယ်လို့ ကောက်ချက်ဆွဲခံခဲ့ရသူ ဖြစ်သော်ငြား ဒီယူရိုပွဲတော်မှာ ဂိုးလုံးဝသွင်းယူနိုင်မှုမရှိခဲ့တဲ့အပြင် ဂိုးပေါက်တည့်အောင် ကန်သွင်းသွင်းနိုင်မှုမှာပါ ၃၅ ရာခိုင်နှုန်းသာရှိခဲ့တဲ့အထိ ခြေစွမ်းကျဆင်းခဲ့ရတယ်။ အရှင်းဆုံးပြောရရင် မူလာဟာ အဆိုပါခြောက်ပွဲမှာပြိုင်ဘက်အသင်းတွေရဲ့ ဂိုးပေါက်ကို ၁၇ကြိမ်တိတိ ကန်သွင်းရာမှာ ခြောက်ကြိမ်သာ ဂိုးပေါက်တည့်ခဲ့သလို အီတလီနဲ့ပွဲမှာ ပယ်နယ်တီအဆုံးအဖြတ်ကန်သွင်းရာမှာလည်းဂိုး ဝင်အောင်တောင်သွင်းယူနိုင်မှုမရှိခဲ့ဘူးဆိုတော့ မူလာရဲ့ ခြေစွမ်းကျဆင်းမှုက လီဝမ်ဒေါစကီးထက် တောင်မှ ပိုမိုထင်ရှားခဲ့ရတယ်။

ဒါ့အပြင် မန်ဇူကစ်နဲ့ အီဘရာဟီမိုဗစ်တို့ ဆိုရင်လည်း ခရိုအေးရှားနဲ့ ဆွီဒင်တို့ရဲ့အဓိက တိုက်စစ်မှူးတွေအဖြစ် သတ်မှတ်ခံခဲ့ရသော်ငြား ဒီယူရိုပြိုင်ပွဲမှာ တစ်ဂိုးစီတောင်သွင်းယူနိုင်မှုမရှိခဲ့တဲ့အထိ ခြေစွမ်းပိုင်းတွေကျဆင်းခဲ့ရတယ်။ အီဘရာဟီမိုဗစ်ဆိုရင် ခြေစစ်ပွဲတွေတုန်းကအသင်းအတွက် ဂိုးအများဆုံး သွင်းယူနိုင်ခဲ့သူဖြစ်ပေမယ့် ဒီယူရိုပွဲတော်မှာ ပြိုင်ဘက်ဂိုးပေါက်ကို ရှစ်ကြိမ်ကန်သွင်းရာမှာ တစ်ကြိမ်သာ ဂိုးပေါက်တည့်တဲ့အထိခြေစွမ်းပိုင်းကအားနည်းခဲ့ရတယ်။မန်ဇူကစ်ဆိုရင်လည်း အုပ်စုတွင်း သုံးပွဲမှာ တစ်ဂိုးမှသွင်းယူနိုင်မှုမရှိခဲ့တဲ့အပြင် ပြိုင်ဘက်ဂိုးပေါက်ကို ခြောက်ကြိမ်သာ ကန်သွင်းနိုင်ခဲ့သလို ဂိုးရနိုင်လောက်တဲ့အခွင့်အရေးဖန်တီးပေးနိုင်မှုကလည်း နှစ်ကြိမ်သာရှိခဲ့တဲ့အထိ ခြေစွမ်းပိုင်းကကျဆင်းခဲ့ရတယ်။

ပြောမယ်ဆိုရင်ပေါ့။ ဖာဘရီဂက်စ်ဆိုရင် ဇာဗီမရှိတော့တဲ့နောက်ပိုင်းမှာ စပိန်အသင်းရဲ့ အဓိကကစားကွက်ဖန်တီးရှင်အဖြစ် သတ်မှတ်စောင့်ကြည့်ခဲ့ကြပေမယ့် လက်တွေ့မှာ ဖာဘရီဂက်စ်ဟာ စပိန်ရဲ့ကွင်းလယ်ကို အကောင်းဆုံး ဦးဆောင်နိုင်မှုမရှိခဲ့ဘူး။ ဖာဘရီဂက်စ်ဟာ ဘောလုံးပေးပို့မှု ရာခိုင်နှုန်းအရ ၉၁ ရာခိုင်နှုန်းအထိ ကောင်းမွန်ခဲ့ပေမယ့် အများစုက အနီးကပ်ပေးပို့မှုတွေသာရှိခဲ့ပြီး အဝေးဘောပေးပို့မှုနဲ့ဖြတ်တင်ဘောပေးပို့မှုတွေမှာ အင်မတန်နည်းပါးခဲ့ရတဲ့အထိ နေရာလွတ်တွေကိုရှာဖွေကာ အခွင့်အလမ်းဖန်တီးပေးနိုင်မှုအားနည်းခဲ့ရတယ်။ ဟာဇက်ဆိုရင်လည်း ဘယ်လ်ဂျီယံရဲ့ အဓိကမောင်းနှင်အားအဖြစ်သတ်မှတ်ခံခဲ့ရပေမယ့်လည်း ဒီပြိုင်ပွဲမှာ ထင်တားသလောက် ခြေစွမ်းမပြနိုင်ခဲ့ဘူး။

ဟာဇက်ဟာ ဒီယူရိုပြိုင်ပွဲမှာ ငါးပွဲ ကစားခဲ့ရပေမယ့် တစ်ဂိုးသာသွင်းယူနိုင်ခဲ့သလို ပြိုင်ဘက်ဂိုးပေါက်ကိုလည်း ခြောက်ကြိမ်သာ ကန်သွင်းနိုင်ခဲ့ကာ တောင်ပံကနေဖြတ်တင်ဘောပေးပို့မှုတွေ၊ တိုက်ရိုက်ဖန်တီးပေးနိုင်မှုတွေကအစ အားနည်းခဲ့ရသလို အင်္ဂလန်တိုက်စစ်မှူး ဟယ်ရီကိန်းဆိုရင်လည်း ပြိုင်ပွဲမတိုင်ခင်တုန်း က အင်္ဂလန်ရဲ့တိုက်စစ်အခက်အခဲကို ဖြေရှင်းပေးနိုင်သူအဖြစ် သတ်မှတ်ခဲ့ကြပေမယ့် လက်တွေ့မှာတစ်ဂိုးမှ သွင်းယူနိုင်မှုမရှိခဲ့သလို ပြိုင်ဘက်ဂိုးပေါက်ကို ၁၀ ကြိမ်ကန်သွင်းရာမှာတောင် လေးကြိမ်သာ ဂိုးပေါက်တည့်တဲ့အထိခြေစွမ်းပိုင်းကျဆင်းခဲ့ရတယ်။

အထူးသဖြင့် ရော်နယ်ဒိုတောင်မှ ပေါ်တူဂီကို ချန်ပီယံဆုရယူပေးနိုင်ခဲ့လို့ သူ့ရဲ့ခြေစွမ်း ကျဆင်းမှုက မသိသာခဲ့ပေမယ့် အုပ်စုတွင်းပွဲစဉ်တွေမှာ ခြေစွမ်းလုံးဝပြသနိုင်မှုမရှိခဲ့သလို ပြိုင်ပွဲတစ်ခုလုံးမှာလည်း ဂိုးပေါက်ကန်သွင်းမှု ၂၈ ကြိမ်ရှိတဲ့အနက် ၁၁ ကြိမ်သာ ဂိုးပေါက်တည့်ခဲ့မှုတွေအရ ရော်နယ်ဒိုတောင်မှ သူ့ရဲ့ပင်ကိုခြေစွမ်းမရခဲ့ဘူးလို့ဆိုနိုင်တဲ့အခါ ဒီယူရိုပွဲတော်ဟာ နာမည်ကြီးတွေခြေမြုပ်တဲ့ပွဲဆိုတာ ထင်ရှားလွန်းသလို ဒါဟာဘာကြောင့်ဖြစ်သလဲဆိုတာကပါ မေးစရာဖြစ်လာရတယ်။

ကျွမ်းကျင်သူအများစုကတော့ ဒါဟာ အဆိုပါကစားသမားတွေအနေနဲ့ ကလပ်အသင်းတွေနဲ့အတူ ပွဲပန်းမှုတွေ ဖိအားတွေကြောင့် စိတ်ပိုင်းဆိုင်ရာနွမ်းနယ်မှုတွေကြောင့် ခြေစွမ်းပိုင်းကျဆင်းကြရခြင်းဖြစ်သလို သူတို့ဟာ ပြိုင်ဘက်ကစားသမားတွေရဲ့ အဓိကထားထိန်းချုပ်မှုတွေခံခဲ့ရတဲ့အပြင် ပရိသတ်ရဲ့အဓိကထားစောင့်ကြည့်မှုတွေ၊ အသင်းရဲ့အဓိကထား မျှော်လင့်ခြင်းခံရမှုတွေကြောင့် ဖိအားဒဏ်ခံရကာ အခုလိုခြေစွမ်းပိုင်းကျဆင်းရခြင်းသာဖြစ်တယ်လို့ ကောက်ချက်စွဲကြသလို အဆိုပါကစားသမားတွေအနေနဲ့ သက်ဆိုင်ရာကလပ်အသင်းတွေဆီ ပြန်ရောက်တဲ့အခါအဆိုပါ ယူရိုဂယက်နဲ့အတူ သူတို့ရဲ့ ပုံမှန်ခြေစွမ်းကို အလျင် အမြန်ပြန်လည်ရရှိနိုင်ပါ့မလားဆိုတာကပါ စောင့်ကြည့်ချင်စရာ သိပ်ကောင်းနေတယ်လို့ပဲ ဆိုချင်မိပါတယ်။




## အီကာဒီအား ရောင်းချမည်ဆိုသည့် သတင်းများကို အင်တာမီလန်အသင်း ငြင်းဆို

ထက်အောင်

အင်တာမီလန်အသင်းသည် တိုက်စစ်မှူး အီကာဒီအား အရောင်းစာရင်းသွင်းထားသည်ဟု သတင်းများ ထွက်ပေါ်နေခြင်းကို အင်တာအသင်းအားကစားဒါရိုက်တာ အူဆီလီယိုက ငြင်းဆိုလိုက်သည်။

အင်တာမီလန်သည်အသင်း၏ ကပ္ပတိန်ဖြစ်သူ အာဂျင်တီးနား တိုက်စစ်မှူး အီကာဒီအား ရောင်းချသွားရန် စီစဉ်ထားကြောင်း ပြီးခဲ့သည့် သီတင်းပတ်အတွင်းတွင် အီကာဒီ၏ ဇနီးနှင့် အေးဂျင့်ဖြစ်သူ ဝန်ဒါနာရာက ပြောဆိုခဲ့ခြင်းကို အားကစားဒါရိုက်တာ အူဆီလီယိုက ငြင်းချက်ထုတ်ခဲ့ခြင်းဖြစ်သည်။

ဝန်ဒါနာရာ၏ ပြောဆိုမှုနှင့် ပတ်သက်၍ မေးမြန်းမှုကို အားကစားဒါရိုက်တာ အူလီလီယိုက "ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော် ဒေါသမဖြစ်ပါဘူး။ ပွင့်ပွင့်လင်းလင်းပြောရရင် ဒီသတင်းကြောင့် ကျွန်တော်ရယ်မောမိတယ်။ တိုက်စစ်မှူး အီကာဒီဟာ အင်တာမီလန်အသင်းရဲ့ ကပ္ပတိန်ဖြစ်ပြီး ပြီးခဲ့တဲ့ နှစ်အတွင်းမှာ အသင်းနဲ့ စာချုပ်သစ်ချုပ်ဆိုထားသူပါ။ အီကာဒီနဲ့ပတ်သက်ပြီး အခုလို သတင်းတွေ ထွက်ပေါ်နေပေမယ့် သူဟာ အင်တာမီလန်အသင်းက ရောင်းချမယ့်ကစားသမား မဟုတ်ပါဘူး"ဟု ဖြေဆိုသွားသည်။

အင်တာမီလန်အသင်းအနေဖြင့် ယခုနွေရာသီဈေးကွက်ကာလအတွင်းတွင် ပေါ်တူဂီနှင့် စပို့တင်းလစ္စဘွန်းအသင်း ကွင်းလယ်ကစားသမား ဂျာအိုမာရီယိုအား ခေါ်ယူရန် စိတ်ဝင်စားမှုရှိနေကြောင်း ဆက်လက်ပြောဆိုခဲ့သည်။

အသက် ၂၃ နှစ်အရွယ်ရှိ တိုက်စစ်မှူး အီကာဒီသည် ၂၀၁၅-၁၆ ခုနှစ် ဘောလုံးရာသီတွင် အင်တာမီလန် အတွက် စုစုပေါင်း ၁၆ ဂိုး သွင်းယူခဲ့ကာ ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့သူဖြစ်သည်။




"တိုက်စစ်မှူး အီကာဒီသည် ၂၀၁၅-၁၆ ခုနှစ် ဘောလုံးရာသီတွင် အင်တာမီလန်အတွက် စုစုပေါင်း ၁၆ ဂိုး သွင်းယူခဲ့ကာ ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့သူဖြစ်"

# တောင်တွင်းကြီးမြို့ ဗိုလ်ချုပ်ကြေးရုပ်အနီးတွင် စိုက်ထူမည့် အာဇာနည်ရှစ်ဦး၏ ကြေးသွန်းရုပ်တုများ ရောက်ရှိ

**တောင်တွင်းကြီး ဇူလိုင် ၁၄**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ ဗိုလ်ချုပ်ပန်းခြံရှိ ဗိုလ်ချုပ်ကြေးရုပ်အနီးတွင် စိုက်ထူမည့် အာဇာနည် ရှစ်ဦး၏ ကြေးသွန်းရုပ်တုများကို အမရပူရမြို့နယ်မှ သယ်ယူခဲ့ရာ ဇူလိုင် ၁၂ ရက် ညနေပိုင်းက တောင်တွင်းကြီးမြို့သို့ ရောက်ရှိလာပြီဖြစ်ကြောင်း သိရသည်။



ရုပ်တုများကို ဗိုလ်ချုပ်ကြေးရုပ်သယ်ယူရေး ဆပ်ကော်မတီ အဖွဲ့ခေါင်းဆောင် ဒေါက်တာသန်းနိုင်နှင့် အဖွဲ့ဝင် ၆၀ တို့က ဇူလိုင် ၁၁ ရက် နံနက်ပိုင်းတွင် ယာဉ် ၁၈ စီးဖြင့် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ချမ်းသာအောင်ကြေးသွန်းလုပ်ငန်းမှ သွားရောက် သယ်ယူခဲ့ခြင်းဖြစ်ကာ ဇူလိုင် ၁၂ ရက် ညနေ ၆နာရီ ၄၅ မိနစ် အချိန်တွင် တောင်တွင်းကြီးမြို့သို့ ရောက်ရှိခဲ့ခြင်းဖြစ်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် ဒေသခံပြည်သူများက မော်တော်ယာဉ်များ၊ ဆိုင်ကယ်များဖြင့် သွားရောက်ကြိုဆိုခဲ့ကြသည်။

ဖွင့်လှစ်မည့် ဗိုလ်ချုပ်ကြေးသွန်းရုပ်တုမှာ ရုပ်လျက်အမြင့် ၁၀ ပေရှိကာ ကြေးပိဿာချိန် ၃၆၀၊ ကျပ်သိန်း ၁၅၀ ကုန်ကျကြောင်း၊ အာဇာနည် ရှစ်ဦး၏ ကြေးသွန်းရုပ်တုများမှာ အမြင့်မှာ သုံးပေစီရှိ၍ အလေးချိန်မှာ ပိဿာ ၆၀ နှင့် ၉၀ ကြားစီရှိပြီး ရုပ်တုတစ်ခုလျှင် ကျပ်သိန်း ၄၀ နှုန်းဖြင့် ကျပ်သိန်း ၃၂၀ ကုန်ကျကြောင်း ဗိုလ်ချုပ်ကြေးရုပ်ဖြစ်မြောက်ရေး ကော်မတီဝင်တစ်ဦးထံမှ သိရသည်။ အာဇာနည်ခေါင်းဆောင်များ၏ ကြေးသွန်းရုပ်တုများကို ဇူလိုင် ၁၉ ရက်တွင်ကျရောက်မည့် (၆၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် ဗိုလ်ချုပ်ကြေးရုပ်ဖြစ်မြောက်ရေးကော်မတီက စိုက်ထူဖွင့်လှစ်သွားမည်ဖြစ်သည်။

**(ဝ၈၅)**

## အာဇာနည်နေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကျင်းပ

**တနင်္သာရီ ဇူလိုင် ၁၄**

ဇူလိုင် ၁၉ ရက်တွင်ကျရောက်မည့် (၆၉)နှစ်မြောက် အာဇာနည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စာစီစာကုံးပြိုင်ပွဲကို တနင်္သာရီမြို့နယ် ညောင်ပင်ကွင်းရွာ အထကနှင့် ညောင်ပင်ကွင်းအနောက်ရွာ အလက(ခွဲ)ကျောင်းများတွင် ဇူလိုင် ၁၂ ရက်က ကျင်းပခဲ့သည်။ အထက်တန်းအဆင့်ပြိုင်ပွဲတွင် မေ့မရနိုင်သော အာဇာနည်နေ့ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူ ၁၅ ဦးကလည်းကောင်း၊ အလယ်တန်းအဆင့် ပြိုင်ပွဲတွင် အာဇာနည်နေ့ ဒို့မမေ့ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူ ၂၀ ကလည်းကောင်း၊ မူလတန်းအဆင့်ပြိုင်ပွဲတွင် ၁၉ ဇူလိုင် ဒို့မမေ့နိုင်ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူ ၃၀ ကလည်းကောင်း ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆုရကျောင်းသား ကျောင်းသူများကို ဇူလိုင် ၁၉ ရက်တွင် ကျင်းပမည့် အာဇာနည်နေ့အခမ်းအနားတွင် ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(မြန်ဆက်)**

# ရက် ၁၀၀ စီမံချက်အရ ဆောင်ရွက်သော မှုခင်းကျဆင်းရေးလုပ်ငန်းများ အရှိန်အဟုန်ကျဆင်းသွားခြင်းမရှိစေရန် ညှိနှိုင်းဆွေးနွေး

**မိတ္ထီလာ ဇူလိုင် ၁၄**

မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့နယ်မြေအတွင်း ရက် ၁၀၀ စီမံချက်အရ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေး လုပ်ငန်းဆောင်ရွက်မှုများ အရှိန်အဟုန် မကျဆင်းစေရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့မှူးရုံး၌ဇူလိုင် ၈ ရက်က ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် ယာယီခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးရဲထွဋ်က ရက် ၁၀၀ စီမံချက်ပါ အပိုင်းကြီး လေးပိုင်းဖြစ်သည့် မှုခင်းကျဆင်းရေး ဆောင်ရွက်ခြင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ဆောင်ရွက်ခြင်း၊ နိုင်ငံရေးဆက်နွှယ်ပြီး အမှုရင်ဆိုင်နေကြသူများနှင့် စပ်လျဉ်းသည့်အမှုများကို ရုပ်သိမ်း၊ ပိတ်သိမ်းနိုင်ရေး ဆောင်ရွက်ခြင်းနှင့် ပြည်သူ့ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းစနစ်သို့ အသွင်သဏ္ဌာန် ပြောင်းလဲခြင်းနှင့် အနှစ်သာရတိုးတက်အောင် မြှင့်တင်ဆောင်ရွက်ခြင်းများကိုလည်းကောင်း၊ မှုခင်းကျဆင်းရေး လုပ်ငန်းစဉ်ငါးရပ်ဖြစ်သည့် အသိပညာပေးခြင်း၊ ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်ခြင်း၊ အရေးယူဆောင်ရွက်ခြင်း၊ စဉ်ဆက်မပြတ် အကဲဖြတ်ဆန်းစစ်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများကိုလည်းကောင်း အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ရဲတပ်ဖွဲ့နယ်မြေအတွင်း မေ ၁ ရက်မှ ဇူလိုင် ၇ ရက်အထိ ကာလအတွင်း ဖော်ထုတ်အရေးယူနိုင်ခဲ့သော အမှုကြီး ၁၁ မှု၊ အခြားအမှု ၁၃၆ မှုနှင့် ကြိုတင်ကာကွယ်နိုင်ခဲ့သော အမှု ၂၄၈ မှုအကြောင်းကို ရှင်းလင်းပြောကြားကာ စီမံချက်အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို မြို့နယ်များအလိုက် အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားနိုင်ရန် ဆွေးနွေးပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် စခန်းမှူးများက မြို့နယ်အလိုက်နှင့် ရဲစခန်းအလိုက် ရက် ၁၀၀ စီမံချက် အကောင်အထည်ဖော် ဆောင်ရွက်နေခဲ့သည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခဲ့သည်။

မိတ္ထီလာမြို့တွင် လုံခြုံရေးအတွက် လိုအပ်သည့်နေရာများတွင် လှည့်ကင်း၊ ဝပ်ကင်းများကို အင်အားတိုးမြှင့် ဆောင်ရွက်လျက်ရှိရာ ယခင်က စက်မှုဇုန်ရဲကင်းတွင် အရာရှိတစ်ဦးနှင့် ရဲတပ်ဖွဲ့ဝင် ခုနစ်ဦးထားရာမှ ယခု အရာရှိ နှစ်ဦးနှင့် ရဲတပ်ဖွဲ့ဝင် ၁၉ ဦး တိုးမြှင့်ချထားပြီး စီးပွားရေးတက္ကသိုလ်နယ်မြေတွင်လည်း လုံခြုံရေးအတွက် ရဲတပ်ဖွဲ့ဝင်များနှင့် ရပ်ကျေးအုပ်ချုပ်ရေးမှူးများ ပူးပေါင်းကာ နေ့ညမပျက် လှည့်ကင်း၊ ဝပ်ကင်း၊ ရပ်ကင်းများဖြင့် နယ်မြေလုံခြုံရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**

# ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍ ပြည်သူ့အသံနားထောင်ဆွေးနွေးပွဲပြုလုပ်

**ကျောက်ပန်းတောင်း ဇူလိုင် ၁၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်ကျန်းမာရေးဦးစီးဌာနက မြို့ပေါ်ရှိ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်အသီးသီးရှိ လူမှုရေးအသင်းအဖွဲ့များ၊ ဆေးရုံတွင် လက်ရှိတက်ရောက် ကုသမှုခံယူနေရသည့် လူနာစောင့်များနှင့် တွေ့ဆုံ၍ ပြည်သူ့အသံနားထောင်ဆန်းစစ်ခြင်းနှင့် ဆွေးနွေးပွဲကို မြို့နယ်ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ဇူလိုင် ၁၂ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုးစိုးနိုင်က ကျောက်ပန်းတောင်းမြို့နယ် ခုတင်(၅၀) ဆံ့ဆေးရုံ၏ ဝန်ထမ်းဖွဲ့စည်းပုံ၊ လက်ရှိ ဝန်ထမ်းခန့်အပ်ထားနိုင်မှုနှင့် လစ်လပ်မှုအခြေအနေများ၊ ဆေးရုံတက်ရောက်ကုသသူ လူနာများအား ဆေးဝါးထောက်ပံ့နိုင်မှု အခြေအနေများနှင့် တစ်နှစ်ကျော်ကာလအတွင်း လူနာများတက်ရောက်ကုသမှု ပိုမိုများပြားလာသည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဆေးရုံအပေါ်တွင် ဆွေးနွေးပွဲတက်ရောက်လာသူများ၏ အမြင်များနှင့် လိုအပ်ချက်များကို ထောက်ပြဆွေးနွေးရန် ဖိတ်ခေါ်သည်။

ထို့နောက် ဆွေးနွေးပွဲတက်ရောက်လာသည့် မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် လူငယ်အဖွဲ့ကိုယ်စားလှယ်များက ဆေးရုံဝန်ထမ်းများက လူနာများ လူနာစောင့်များအပေါ်တွင် နွေးထွေးစွာဆက်ဆံရေး၊ ပြည်သူ့အသံကို အမှန်တကယ်နားထောင်ပြီး ပြည်သူ့လိုအပ်ချက်များကိုလည်း အစိုးရအဖွဲ့အစည်းအဆင့်ဆင့် သိရှိအောင် တင်ပြပေးနိုင်ရေးနှင့် မြို့နယ်ဆေးရုံ၏ ဝန်ဆောင်မှုများ ပို၍ကောင်းမွန်ရေး လိုအပ်ချက်များကို ဆွေးနွေးခဲ့ကြသည်။

တင်ပြဆွေးနွေးချက်များနှင့်ပတ်သက်၍ ကျောက်ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးခိုင်၊ မန္တလေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းနိုင်၊ တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဒေါ်သန်းသန်းမြင့်၊ လက်ထောက်ညွှန်ကြားရေးမှူး (သူနာပြု)ဒေါ်စန်းစန်းယဉ်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးတို့က ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံသည် ဖွဲ့စည်းပုံအားဖြင့် ခုတင်(၅၀)ဆံ့ဖြစ်သော်လည်း အဆောက်အအုံနှင့် နေရာထိုင်ခင်းအခြေအနေအရ လစဉ်ခုတင်(၈၀)ကျော်မျှ ကုသမှုပေးနေရကြောင်း၊ ဝန်ထမ်းဖွဲ့စည်းပုံ ပြည့်မီခြင်းမရှိသော်လည်း ပြည်သူလူထု ကျန်းမာရေး ဝန်ဆောင်မှုများကို ရှိသည့်အင်အားဖြင့်ပင် အတတ်နိုင်ဆုံး ဖြည့်စွမ်းပေးနေကြောင်းနှင့် လူနာအတွက် လိုအပ်သည့်ဆေးဝါးများကိုလည်း အားလုံးအခမဲ့ပေးနိုင်ခြင်းမရှိသည့်တိုင် လိုအပ်မှု၏ ၈၀ ရာခိုင်နှုန်းကို ပံ့ပိုးပေးလျက်ရှိကြောင်း၊ လက်ရှိအခြေအနေတွင် မြို့နယ်ဆေးရုံကို အဆင့်မြှင့်တင်နိုင်ရေးအတွက် ခုတင်(၁၀၀) ဆံ့ဆေးရုံအဖြစ် ဖွဲ့စည်းပုံတိုးမြှင့်ရရှိရေး တင်ပြထားပါကြောင်း စသည်ဖြင့် ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

**နေအောင်(iprd)**

## ရုပ်ရှင်ရုံ ၁၀၀ စီမံကိန်းအတွက် ပရိုဂျက်တာများ ထောက်ပံ့ပေးရန်သဘောတူလက်မှတ်ရေးထိုး

**ရန်ကုန် ဇူလိုင် ၁၄**

မြန်မာနိုင်ငံအနှံ့တွင် MAZE ကုမ္ပဏီလီမိတက်က အကောင်အထည်ဖော်သွားမည့် ရုပ်ရှင်ရုံ ၁၀၀ စီမံကိန်းအတွက် လိုအပ်သော ပရိုဂျက်တာများနှင့် ဒစ်ဂျစ်တယ်ရုပ်ရှင်ရုံအတွက် လိုအပ်သောပစ္စည်းများကို ထောက်ပံ့ပေးရန် ပရိုဂျက်တာများတင်သွင်းသည့် Clover Solutions Myanmar နှင့် MAZE ကုမ္ပဏီလီမိတက်တို့ ဇူလိုင် ၁၁ ရက်က သဘောတူလက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

လက်မှတ်ရေးထိုးပွဲတွင် Clover Solutions မှ မန်နေဂျင်းဒါရိုက်တာ ဦးဇင်အောင်စိုးနှင့် MAZE ကုမ္ပဏီလီမိတက်၏ ဥက္ကဋ္ဌ ဦးလွင်မိုးတို့ ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသည်။ "ရုပ်ရှင်ရုံ ၁၀၀ စီမံကိန်းဟာ ရုပ်ရှင်အနုပညာကို မြန်မာနိုင်ငံ တစ်ဝန်းလုံး အထူးသဖြင့် ရုပ်ရှင်ရုံမရှိသေးတဲ့ မြို့နယ်များနဲ့ မြို့များကို ဖြန့်ကြက်နိုင်ရန်ရည်ရွယ်ချက်ဖြင့် အကောင်အထည်ဖော်နေခြင်းဖြစ်ပါတယ်။ Barco ဒစ်ဂျစ်တယ် ပရိုဂျက်တာများကို တင်သွင်းတဲ့ ကျွန်တော်တို့ Clover အနေနဲ့ ဒီပရောဂျက်မှာ ခေတ်အမီဆုံးနဲ့ အကောင်းမွန်ဆုံး နည်းပညာများကို အသုံးပြုနိုင်ရန် အလေးထားဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ဦးဇင်အောင်စိုးက ပြောသည်။

ဦးလွင်မိုးက "ဒီရုပ်ရှင်ရုံ ၁၀၀ စီမံကိန်းဟာ မြန်မာနိုင်ငံက ရုပ်ရှင်ချစ်ပရိသတ်တွေအတွက် ပြည်တွင်း၊ ပြည်ပက ရုပ်ရှင်ဇာတ်ကားပေါင်းများစွာကို ရုပ်ရှင်ရုံမှာ ကျကျနန ကြည့်ရှုစေနိုင်မှာ ဖြစ်ပါတယ်။ ဒီစီမံကိန်း စတင်နိုင်အောင် အဘက်ဘက်က ဝိုင်းဝန်းကူညီကြတဲ့ ဌာနအသီးသီး၊ ကုမ္ပဏီအသီးသီးမှ ပုဂ္ဂိုလ်များကိုလည်း ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

ရုပ်ရှင်ရုံ ၁၀၀ စီမံကိန်းအတွက် ငွေကြေးပိုင်းဆိုင်ရာကို ကမ္ဘောဇကုမ္ပဏီက ပံ့ပိုးကူညီမည်ဖြစ်ကာ အနုပညာရှင်အချို့လည်း ရှယ်ယာပါဝင်မည်ဖြစ်ကြောင်း၊ ရုပ်ရှင်ရုံ ၁၀၀ ကို လာမည့် လအနည်းငယ်အတွင်း တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ရုပ်ရှင်ရုံမြေနေရာများကို ငှားရမ်းလုပ်ဆောင်မည်ဖြစ်ပြီး အောင်ပန်းနှင့် တိုက်ကြီးမြို့များတွင် ပထမဆုံးဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သွန်းဝသန်**

# ကန့်ဘလူမြို့နယ်တွင် မိုးမြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**ကန့်ဘလူ ဇူလိုင် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ မိုးသီးနှံအဖြစ် စိုက်ပျိုးထားသော မြေပဲစိုက်ခင်းများအောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး မြေပဲအထွက်နှုန်းကောင်းနိုင်ကာ အကျိုးအမြတ်များနိုင်ကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

မိုးမြေပဲ စိုက်ပျိုးရာတွင် တစ်ဧကလျှင် မျိုးတစ်တင်းခွဲ စိုက်ရပြီး မျိုးစရိတ်၊ အလုပ်သမားခများ၊ မြေသြဇာနှင့် ပိုးသတ်ဆေးဖိုးများ အပါအဝင် စုစုပေါင်း ကျပ် ၁၈၀၀၀၀ ခန့်ကုန်ကျကြောင်း၊ ကဆုန်လက စတင်စိုက်ပျိုးခဲ့ပြီး ဝါခေါင်၊ တော်သလင်းလတွင် နုတ်သိမ်းမည်ဖြစ်ကာ တစ်ဧကလျှင် မြေပဲ တင်း ၃၀ မှ ၄၀ခန့်အထိ ထွက်ရှိနိုင်ကြောင်း၊ ယခုနှစ်တွင် မြေပဲဆန်တစ်တင်းလျှင် ကျပ် ၃၂၀၀၀ ကျော် ဈေးရှိနေ၍ တောင်သူများ အကျိုးအမြတ်များနိုင်ကြောင်း မြေပဲနှစ်ဧကစိုက်ပျိုးထားသူ လိတ္တူကျေးရွာမှ တောင်သူဦးဝေဖြိုးအောင်ကပြောသည်။

ကန့်ဘလူမြို့နယ်အတွင်း ရွက်ကြမ်း၊ ပိုးဇာကုန်း၊ မုန်သာ၊ အင်းလယ်ကြီး၊ ဂါထာ၊ ဆည်ကြီး၊ ကာဘို၊ အောင်ချမ်းသာ၊ ယင်းတိုက်၊ လိတ္တူ၊ ကိုင်းတော၊ အင်ကြင်းစု၊ အလယ်ခုံ၊မယ်ဇတော၊မလယ်၊ ကျေးတောစသည့် ကျေးရွာများတွင် မိုးသီးနှံအဖြစ် မြေပဲကို အဓိက စိုက်ပျိုးခဲ့ကြပြီး ကျန်ကျေးရွာများတွင်လည်း အများအပြား စိုက်ပျိုးခဲ့ကြကြောင်း၊ ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံမြေပဲကို ၃၅၉၇ ဧက စိုက်ပျိုးရန် လျာထားခဲ့ပြီး ၃၆၃၆၁ ဧက စိုက်ပျိုးနိုင်ခဲ့သဖြင့် လျာထားဧကထက် ၇၆၄ ဧက ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကာ ယခင်နှစ် ကာလတူမှ စိုက်ပျိုးဧကထက် ၁၄၉ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ် ပတ်ဝန်းကျင်သည် မိုးကောင်းသောက်လယ်ယာမြေများဖြစ်ပြီး စပါးနှင့် ယာသီးနှံဖြစ်သည့် နှမ်း၊ပြောင်း၊ပဲစင်းငုံ၊ပဲအမျိုးမျိုးကို အဓိကထား စိုက်ပျိုးကြကာ မိုးမြေပဲ ဆောင်းမြေပဲများကိုလည်း ရာသီအလိုက်စိုက်ပျိုးကြသည်။ မြန်မာနိုင်ငံတွင် မြေပဲသီးနှံသည် ဆီထွက်သီးနှံများအနက် စိုက်ဧရိယာ ဒုတိယအများဆုံးဖြစ်ပြီး ဆီထွက်သီးနှံစိုက်ဧရိယာ ဧက ၇ ဒသမ ၉ သန်းတွင် မြေပဲစိုက်ဧကသည် ၁ ဒသမ ၉ သန်းရှိ၍ မိုးရာသီတွင် စိုက်ဧရိယာ ဧက ၀ ဒသမ ၈ သန်းခန့်နှင့် ဆောင်းရာသီတွင် ဧက ၁ ဒသမ ၀၄ သန်းခန့် စိုက်ပျိုးကြောင်း၊ မြေအမျိုးအစားအနေဖြင့် မြေပဲပင်သည် ရေဝပ်မှုကို ကြာရှည်မခံနိုင်ခြင်းကြောင့် ရေသွင်းရေထုတ်လွယ်ကူသော နုန်းမြေ၊ မြေနီသဲဝန်း၊ သဲနုန်းမြေ၊ နုန်းစနယ်မြေများမှာ စိုက်ပျိုးရန် အသင့်တော်ဆုံးဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန ကွင်းဝန်ထမ်းတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



# အထက်မြန်မာပြည်ဓာတ်ပုံအသင်း (၄၄)ကြိမ်မြောက် နှစ်ပတ်လည်ဆုပေးပွဲကျင်းပ

**မန္တလေး ဇူလိုင် ၁၄**

အထက်မြန်မာပြည် ဓာတ်ပုံအသင်း၏ (၄၄)ကြိမ်မြောက် နှစ်ပတ်လည်ဆုပေးပွဲ အခမ်းအနားကို ဇူလိုင် ၁၁ ရက်က မန္တလေးမြို့ ၆၄ လမ်းနှင့် ၂၇ လမ်းထောင့် Oriental House ခန်းမ၌ ကျင်းပရာ အသင်းနာယကအဖွဲ့ဝင် ဦးဘသန်း(ခတ္တိယ)က အမှာစကား ပြောကြားသည်။

ယင်းနောက် အထက်မြန်မာပြည် ဓာတ်ပုံအသင်းမှ ဦးစိုးမင်း(အောင်သီဟ)က ရှေ့ဆက်ပြီး အသင်းကြီးတည်တံ့ခိုင်မြဲအောင် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်ပြောကြားပြီး အသင်းအတွင်းရေးမှူး ဦးစစ်သွေးကျော်က အထက်မြန်မာပြည် ဓာတ်ပုံအသင်း၏ နှစ်ပတ်လည်အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။




ဆက်လက်၍ ၂၀၁၅ ခုနှစ် လပတ်တံခွန်စိုက်ဓာတ်ပုံပြိုင်ပွဲ (လူသစ်တန်း)၊ ၂၀၁၅ ခုနှစ် လပတ်တံခွန်စိုက်ဓာတ်ပုံပြိုင်ပွဲ(အကြီးတန်း )၊ ၂၀၁၅ ခုနှစ် Onlineဓာတ်ပုံပြိုင်ပွဲ၊ (၄၃)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ နှစ်ပတ်လည် ဓာတ်ပုံပြိုင်ပွဲ Photo Essay၊ မိသားစုရောင်စုံကဏ္ဍ၊ စိတ်ကြိုက်ဒစ်ဂျစ်တယ်ကဏ္ဍ၊ လူပုံကာလာကဏ္ဍ၊ ရှုချင်စဖွယ်အဖြူအမည်းကဏ္ဍ၊ ရှုချင်စဖွယ်ကာလာကဏ္ဍတို့တွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိကြသူများနှင့် ၂၀၁၅ ခုနှစ် အကောင်းဆုံးဓာတ်ပုံပညာရှင်ဆုရရှိသူ ကျော်ဇေယျ (Steel Boy ) တို့အား ဦးစိုးမင်း (အောင်သီဟ) နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၉၄) စက်မှုလယ်ယာစခန်းမှ ဇူလိုင် ၁၀ ရက်က သဲကုန်းမြို့နယ် ပေါက်တောကွင်း ကွင်းအမှတ် ၉၈၅ စီ၊ ဦးပိုင်အမှတ် ၁၁၀-၁၁၆ တွင် တောင်သူများ မိုးစပါး အချိန်မီ စိုက်ပျိုးပြီးစီးနိုင်ရေးအတွက် ထွန်ယက်ရေးသရုပ်ပြပွဲကို လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ တောင်သူများ လေ့လာကြည့်ရှုစဉ်။ (မြို့နယ် ပြန်/ဆက်)

# ရှစ်မြို့နယ် အေရိုးဗစ်ပြိုင်ပွဲ ဝင်ရန်အတွက် လေ့ကျင့်သင်ကြားပေး

**နတ်တလင်း ဇူလိုင် ၁၄**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်တွင် သာယာဝတီခရိုင် ရှစ်မြို့နယ် အေရိုးဗစ်ပြိုင်ပွဲကျင်းပရာသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် အားကစားသမားများအား လေ့ကျင့်ဆောင်ရွက်ပေးခြင်းကို နတ်တလင်းမြို့နယ် မြို့မအထက်တန်းကျောင်း၌ ဇူလိုင် ၁၂ ရက်မှစတင်၍ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် အေရိုးဗစ်နည်းပြဆရာမတို့က သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

အေရိုးဗစ်လေ့ကျင့်သင်ကြားနေမှုတွင် ကျောင်းသူများအား ညနေကျောင်းဆင်းချိန်ပြီးမှ နေ့စဉ် ညနေ ၃ နာရီခွဲမှ ၄ နာရီခွဲအတွင်း ကျောင်းပညာရေး စာသင်ကြားမှုကို မထိခိုက်စေဘဲ သင်တန်းပို့ချခြင်းဖြစ်ပြီး သင်တန်းမှာတစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမြင့်(ပြန်/ဆက်)**

# တာမွေမြို့နယ်၌ ရှေးဦးသူနာပြု ကြက်ခြေနီသင်တန်းဖွင့်

**ရန်ကုန် ဇူလိုင် ၁၄**

အရေးပေါ်လူနာများအား အချိန်နှင့်တစ်ပြေးညီကူညီပြုစုနိုင်ရန် ရည်ရွယ်ကာ အခြေခံရှေးဦးသူနာပြု ကြက်ခြေနီသင်တန်းကို ဇူလိုင် ၉ ရက်က ရန်ကုန်မြို့ တာမွေမြို့နယ် အမှတ်(၃) အခြေခံပညာ မူလတန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ရန်ကုန် အရှေ့ပိုင်းခရိုင် ကြက်ခြေနီသူနာပြု တပ်ခွဲခရိုင်ဦးစီးမှူး (ဒုတိယတန်း) ဦးကျော်ဇောနှင့် တာမွေမြို့နယ် အရိုးကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးညွန့်ရှိန်တို့က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်တို့ကို ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ အရှေ့ပိုင်းခရိုင်အတွင်းရှိ ရပ်ကွက်များ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ကြပြီး သင်တန်းကို ဇူလိုင်လကုန်အထိ အပတ်စဉ်စနေနှင့် တနင်္ဂနွေနေ့တိုင်း မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီထိ ရှေးဦးသူနာပြုစုခြင်းကို စာတွေ့လက်တွေ့ပြသသွားမည် ဖြစ်ကြောင်း သိရသည်။

**ကိုချစ်**

# သာသနာ့နွယ်ဝင် သီလရှင်များအား သီပေါ၌ ဆွမ်းဆန်စိမ်းလောင်းလှူ

**သီပေါ ဇူလိုင် ၁၄**

ရှမ်းပြည်နယ် သီပေါမြို့နယ်သူ မြို့နယ်သားများ၊ ဌာနဆိုင်ရာများနှင့် စေတနာရှင်များ စုပေါင်း၍ အဌမအကြိမ်မြောက် သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီး၊ ဆရာလေးများအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဇူလိုင် ၁၂ ရက် မွန်းလွဲ ၂ နာရီက မဟာသာသနာ့ဗိမာန်တော် မြို့လယ်ဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တမိလိန္ဒအရှင်သူမြတ်ထံမှ ဩဝါဒကထာနှင့် ငါးပါးသီလခံယူဆောက် တည်ကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်လှိုင်က သာသနာရေးဆိုင်ရာများ လျှောက်ထားကာ လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး အမှူးပြုသော စေတနာရှင်၊ အလှူရှင်များက ဝါဆိုဝါကပ်တော်မူကြမည့် ကျောင်းတိုက် ၁၈ ကျောင်းတို့မှ သာသနာ့နွယ်ဝင်သီလရှင် ၄၁၆ ပါးတို့အား ငွေကျပ်သိန်းတစ်ရာကျော် တန်ဖိုးရှိ ဆန်၊ ဆီ၊ ဆေး၊ ဆားနှင့် သီလရှင်ဝတ်စုံများကို ပေးအပ်လှူဒါန်းကြသည်။

**စိုင်း(သီပေါ)**

# မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးဆွေးနွေး

**ရန်ကုန် ဇူလိုင် ၁၄**

ကမာရွတ်မြို့နယ်၌ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်အသိပညာပေးဆွေးနွေးပွဲကို အမှတ်(၆)ရပ်ကွက်ပြည်ရိပ်မွန်အိမ်ရာ ဇေယျသုခဘုန်းတော်ကြီးကျောင်း၌ ဇူလိုင်လပထမပတ်က ကျင်းပရာမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်ထွန်းက အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်သတင်းစာဆရာများအသင်းဥက္ကဋ္ဌ ဦးခင်မောင်သော်က မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် တွေ့ကြုံရသော အကျိုးဆက်များကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်စိမ်းလဲ့နှင့်အဖွဲ့ဝင်များ၊ အမှတ်(၆)ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ လူငယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခင်မောင်သော် (ကမာရွတ်)**

# ငါ့သရောက်မြစ်ရေတင်မှုဇူလိုင် ၁၅ ရက်က ပျိုးထောင်ရေစတင်ပေးဝေပြီး စပါးအပါအဝင် ၁၆၀၅ ဧက စိုက်ပျိုး

**ညောင်ဦး ဇူလိုင် ၁၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ငါ့သရောက်လျှပ်စစ်မြစ်ရေတင်မှ ဇူလိုင် ၁၅ ရက်တွင် ပျိုးထောင်ရေစတင်ပေးဝေပြီး မိုးစပါးအပါအဝင် အခြားမိုးသီးနှံများ အောင်ရေရသည်အထိ စိုက်ပျိုးရေပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။



"မိုးစပါးစိုက်ပျိုးရာသီအတွက် ငါ့သရောက်မြစ်ရေတင် ရေသောက်ဧရိယာမှာ မိုးစပါး ၆၈၆ ဧကအခြားသီးနှံ ၉၁၉ ဧက စုစုပေါင်း ၁၆၀၅ ဧကစိုက်ပျိုးရန်လျာထားပါတယ်။ ပျိုးထောင်ချိန်ကစလို့ ရိတ်သိမ်းချိန်အထိ နည်းပညာဓာတ်မြေဩဇာနဲ့ သဘာဝမြေဩဇာအချိုးကျရောစပ်ပြီး အချိန်ကိုက်အချိုးညီ သုံးစွဲဖို့ ပိုးမွှားရောဂါကြိုတင်ကာကွယ်ဖို့ အလေအလွင့်မရှိအောင် ရိတ်သိမ်းခြွေလှေ့ဖို့စတာတွေနဲ့ ပတ်သက်ပြီး ကျွန်မတို့ဌာနက ကွင်းတာဝန်ခံဝန်ထမ်းများအနေနဲ့ စိုက်ကွင်းအရောက်သွားရောက်ဆောင်ရွက်ဖို့အတွက်ပါ။ ကြိုတင်စီမံဆောင်ရွက်ထားပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်ခင်ဌေးရီက ပြောသည်။

ဆက်လက်၍ ညောင်ဦးမြို့နယ် ငါ့သရောက်မြစ်ရေတင်မှ ဦးစီးအရာရှိကလည်း "စိုက်ပျိုးရာသီမှာ ဒေသခံတောင်သူများကို ဖြစ်ထွန်းအောင်မြင်စွာစိုက်ပျိုးနိုင်ဖို့ ဇူလိုင် ၁၅ ရက်ကစပြီး ပျိုးထောင်ရေစတင်ပေးမှာဖြစ်ပါတယ်။ ဒီဒေသကမိုးရေချိန်အလွန်နည်းတဲ့ဒေသဖြစ်ပါတယ်။ မိုးရေကို အားကိုးစိုက်ပျိုးလို့မရပါဘူး။ ဒါကြောင့် ပျိုးထောင်ရေကစပြီးအောင်ရေအထိ ပေးခြင်းဖြစ်ပါတယ်"ဟုငါ့သရောက်လျှပ်စစ်မြစ်ရေတင်မှ ဦးစီးအရာရှိ ဦးအောင်အောင်က ပြောသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၌ ၂၀၁၆ ခုနှစ်တွင် ကျင်းပမည့် တတိယအကြိမ် Computer Based Test (CBT)စနစ်ဖြင့် ကိုရီးယားဘာသာအရည်အချင်းစစ် အထူးသီးသန့်စာမေးပွဲကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ၊ အလုပ်အကိုင်နှင့် အလုပ်သမားဝန်ကြီးဌာနတို့သည် နှစ်နိုင်ငံသဘောတူညီမှုစာချွန်လွှာအရ နိုင်ငံခြားသားလုပ်သားခေါ်ယူမှုစနစ်ဖြင့် ကိုရီးယားသမ္မတနိုင်ငံတွင် အလုပ်လုပ်ကိုင်ရန်ဆန္ဒရှိသော မြန်မာလုပ်သားများအတွက် အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီမှ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ယခုအခါ ကိုရီးယားသမ္မတနိုင်ငံတွင် အနိမ့်ဆုံး(၃)နှစ်ထက်ပို၍ တရားဝင်ကောင်းမွန်စွာနေထိုင် အလုပ်လုပ်ကိုင်ခဲ့ပြီး မြန်မာနိုင်ငံသို့ ၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလနောက်ပိုင်း ပြန်လည်ရောက်ရှိခဲ့သော မြန်မာအလုပ်သမားများအတွက် ထပ်မံသွားရောက်အလုပ်လုပ်ကိုင်နိုင်ရေးရည်ရွယ်ပြီး Computer Based Test(CBT)စနစ်ဖြင့် သီးသန့်ပြုလုပ်ပေးသော ကိုရီးယားဘာသာအရည်အချင်းစစ် အထူးစာမေးပွဲဖြစ်ပါသည်။ ထိုစာမေးပွဲအောင်မြင်သူများသာလျှင် နိုင်ငံခြားသားလုပ်သားခေါ်ယူမှုစနစ်အရ အလုပ်လျှောက်လွှာတင်ခြင်း လုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

၁။ **စာမေးပွဲကျင်းပမည့်ရက်၊ အချိန်**

(က) ၁၆-၈-၂၀၁၆ရက်မှ စတင်ကျင်းပမည်။

(ခ) ၁၀း၀၀နာရီမှ ၁၁း၁၀နာရီထိ (ပထမပိုင်း)၊ ၁၃း၀၀နာရီမှ ၁၄း၁၀နာရီထိ (ဒုတိယပိုင်း)နှင့် ၁၅း၃၀မှ ၁၆း၄၀ထိ (တတိယပိုင်း)သုံးကြိမ်ခွဲ၍ တစ်ကြိမ်လျှင် လုပ်သား(၃၀)ဦး စစ်ဆေးပါမည်။

- စာမေးပွဲဖြေဆိုသူများအား အသိပညာပေးခြင်းရှိပါသဖြင့် ပထမပိုင်းဖြေဆိုမည့်သူများသည် ၀၉း၀၀နာရီတွင်လည်းကောင်း၊ ဒုတိယပိုင်းဖြေဆိုမည့်သူများသည် ၁၂း၀၀နာရီတွင်လည်းကောင်း၊ တတိယပိုင်းဖြေဆိုမည့်သူများသည် ၁၄း၃၀နာရီတွင်လည်းကောင်း သက်ဆိုင်ရာစာမေးပွဲခန်းများတွင် နေရာယူပြီးဖြစ်ရပါမည်။

၂။ **စာမေးပွဲကျင်းပမည့်နေရာ**

- CBT Center ၊အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ၊အမှတ်၈/၁၊နဂါးရုံဘုရားလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

၃။ **ခေါ်ယူမည့်လုပ်ငန်းအမျိုးအစား**

| လုပ်ငန်းအမျိုးအစား | အောင်စာရင်းသတ်မှတ်ချက် |
|---|---|
| ကုန်ထုတ်လုပ်ငန်း<br>ဆောက်လုပ်ရေးလုပ်ငန်း<br>စိုက်ပျိုး၊မွေးမြူရေးလုပ်ငန်း | အမှတ်ပြည့် (၂၀၀)ရှိသည့်အနက် အမှတ်(၈၀)အထက်ရရှိသူများအား အမှတ်အနည်း/အများအလိုက် သတ်မှတ်အရေအတွက်သာ အောင်မြင်ခွင့် |

၄။ **သတ်မှတ်ချက်များ**

(က) အသက်(၁၈)နှစ်မှ (၃၉)နှစ်အတွင်း

**(၁၉၇၆ ခုနှစ် ဇူလိုင် ၂၃ ရက်မှ ၁၉၉၈ ခုနှစ် ဇူလိုင် ၂၆ရက်အတွင်း မွေးဖွားသူ)**

(ခ) ထောင်ဒဏ်အပြစ်ကျခံဖူးခြင်းမရှိသူ/မိခင်နိုင်ငံမှ ပြည်ပသို့ထွက်ခွာရန် တားမြစ်ခြင်းမခံရသူ

(ဂ) ကိုရီးယားသမ္မတနိုင်ငံမှ နှင်ထုတ်ထားခြင်း/ပြန်ပို့ခြင်းမခံရသူ(တရားမဝင်နေထိုင်ခဲ့ဖူးခြင်းမရှိသူဖြစ်ရမည်)

(ဃ) ကျန်းမာရေးကောင်းမွန်သူ (ကျန်းမာရေးအတွက် ဆေးစစ်ခြင်းပြုလုပ်ပါမည်)

၅။ **စာမေးပွဲလျှောက်လွှာတင်သွင်းခြင်း**

(က) **လျှောက်လွှာထုတ်ပေး/လက်ခံမည့်ရက်** - ၂၂-၇-၂၀၁၆ ရက်မှ ၂၇-၇-၂၀၁၆ရက်အတွင်း နေ့စဉ် ၀၉း၃၀နာရီမှ ၁၆း၃၀နာရီအထိ

(ခ) **လျှောက်လွှာထုတ်ပေး/လက်ခံဌာန** - အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ၊အမှတ်၈/၁၊နဂါးရုံဘုရားလမ်း၊(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

(ဂ) **လျှောက်လွှာတင်ရမည့်နည်းလမ်း** - လျှောက်ထားသူကိုယ်တိုင် လာရောက်တင်ရမည်။

(ဃ) **လိုအပ်သည့်စာရွက်စာတမ်းများ**

(၁) စာမေးပွဲလျှောက်လွှာ (စာမေးပွဲခုံနံပါတ်ပါရှိပြီးဖြစ်ပါ၍ တစ်ဦးလျှင်တစ်စောင်သာ ထုတ်ပေးမည်။)

(၂) နိုင်ငံကူးလက်မှတ်မူရင်းနှင့် မိတ္တူတစ်စောင်၊ (မှတ်ချက်။ကိုရီးယားသမ္မတနိုင်ငံမှ ထွက်ခွာခဲ့စဉ်က ကိုင်ဆောင်သည့် နိုင်ငံကူးလက်မှတ်/မိတ္တူ)စာမေးပွဲလျှောက်လွှာတွင် သက်တမ်းရှိသော နိုင်ငံကူးလက်မှတ်မိတ္တူအား ကပ်ပေးရပါမည်။

(၃) (၃.၅စမ×၄.၅စမ) ပတ်စ်ပို့ဓာတ်ပုံ(၂)ပုံ (၆လအတွင်း ရိုက်ကူးထားသောဓာတ်ပုံ)

(၄) စာမေးပွဲဖြေဆိုခ ပေးသွင်းထားသည့်ငွေရပြေစာ

(၅) စာမေးပွဲဖြေဆိုခ - အမေရိကန်ဒေါ်လာ -၂၄(သို့မဟုတ်)ညီမျှသော မြန်မာကျပ်ငွေ

- လျှောက်ထားသူများသည် အကြောင်းအမျိုးမျိုးကြောင့် လျှောက်လွှာပယ်ဖျက်လိုလျှင် လျှောက်လွှာလက်ခံသည့် ကာလအတွင်း လျှောက်ထားလာပါက ပယ်ဖျက်ပေးမည့်အပြင် စာမေးပွဲကြေးအား ပြန်လည်ထုတ်ပေးပါမည်။

၆။ **စာမေးပွဲဖြေဆိုရန်နေ့ရက်၊ အချိန်ဇယားထုတ်ပြန်ကြေညာခြင်း**

(က) ၁၀-၈-၂၀၁၆ ရက်တွင် ထုတ်ပြန်ကြေညာမည်ဖြစ်ပါသည်။

၇။ **စာမေးပွဲအောင်စာရင်းထုတ်ပြန်ကြေညာမည့်ရက်**

(က) ကြေညာမည့်ရက် (၁၉-၉-၂၀၁၆)ရက်

(ခ) ကြေညာမည့်နည်းလမ်း

(၁) အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီရုံး၊ ကြော်ငြာသင်ပုန်း

(၂) ကိုရီးယားသမ္မတနိုင်ငံ၊ နိုင်ငံခြားသားလုပ်သားခေါ်ယူမှုစနစ်/ ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲ (EPS-TOPIK) နှင့် ကိုရီးယားလူ့စွမ်းအား ဖွံ့ဖြိုးမှုအဖွဲ့အစည်းတို့၏ Homepage (http;//www.eps.go.kr), (http;//epstopik.hrdkorea.or.kr), (http;//www.hrdkorea. go.kr)

(၃) စာမေးပွဲသက်တမ်း ၁၉-၉-၂၀၁၆ မှ ၁၈-၉-၂၀၁၈ (အောင်စာရင်းထုတ်ပြန် ကြေညာသည့်ရက်မှ (၂)နှစ်တာ)

၈။ **စာမေးပွဲမေးခွန်းပုံစံနှင့် အမှတ်ပေးစည်းမျဉ်း**

| မေးခွန်းပုံစံ | မေးခွန်းအရေအတွက် | အမှတ်ပေါင်း | ဖြေဆိုချိန် | မှတ်ချက် |
|---|---|---|---|---|
| အဖတ်စွမ်းရည် (Reading) | ၂၅ပုဒ်<br>လုပ်ငန်းဆိုင်ရာ(၁၀)ပုဒ်၊<br>အထွေထွေ(၁၅)ပုဒ် | ၁၀၀ | ၄၀မိနစ် | အဖတ်စွမ်းရည် စာမေးပွဲနှင့် အကြားစွမ်းရည် စာမေးပွဲအား တစ်ဆက်တည်း ဖြေဆိုရမည် |
| အကြားစွမ်းရည် (Listening) | ၂၅ပုဒ် | ၁၀၀ | ၃၀မိနစ် | |
| စုစုပေါင်း | ၅၀ပုဒ် | ၂၀၀ | ၇၀မိနစ် | |

**မှတ်ချက်။** စာမေးပွဲမေးခွန်းများသည် "The Standard Textbook for EPS-TOPIK"စာအုပ်ကို အခြေခံ၍ မေးမြန်းရန်ရှိပါသဖြင့် အောက်ပါ Webpage များတွင် ဝင်ရောက်ကြည့်ရှုအခမဲ့ download ရယူနိုင်ပါသည်။
Homepage(http;//eps.hrdkorea.or.kr),(http;//www.hrdkorea.or.kr)

၉။ စာမေးပွဲဖြေဆိုသည့်ရက်တွင် ဖြေဆိုသူယူဆောင်လာရမည့်စာရွက်စာတမ်းများ

(က) ဖြေဆိုခွင့်ကတ်ပြား

(ခ) နိုင်ငံကူးလက်မှတ် (စာမေးပွဲလျှောက်လွှာတွင် ကပ်ထားခဲ့သော နိုင်ငံကူးလက်မှတ်)မူရင်း

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြား

အထက်အပိုဒ် (က)၊ (ခ)၊ (ဂ)ပါ အထောက်အထားများယူဆောင်လာခြင်းမရှိပါက စာမေးပွဲအား ဝင်ရောက်ဖြေဆိုခွင့်မရှိပါ။

၁၀။ **သတိပြုရန်အချက်များ**

(က) စာမေးပွဲအောင်သူများ၏အမှတ်စာရင်းအား ၁၉-၉-၂၀၁၆ ရက်မှစ၍ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီမှ ကြေညာပေးပါမည်။

(ခ) စာမေးပွဲဖြေဆိုချိန်တွင် မမှန်ကန်သည့်နည်းလမ်းဖြင့် ပြုလုပ်နိုင်သည့် စက်ပစ္စည်းများ (လက်ကိုင်ဖုန်း၊ ကက်ဆက်၊ MP3၊ လျှပ်စစ်လက်ကိုင်အဘိဓာန်စသည်များ)အား ယူဆောင်လာခွင့်မရှိပါ။

(ဂ) စာမေးပွဲအတွင်း မမှန်ကန်သည့်အပြုအမူများလုပ်ဆောင်ခဲ့လျှင် ဖြေဆိုခွင့်အား (၂)နှစ်ကြာ ပိတ်ပင်ခြင်းခံရမည် ဖြစ်ပါသည်။

(ဃ) ကိုရီးယားသမ္မတနိုင်ငံ၊ အင်ချွန်းလေဆိပ်ရောက်ရှိပြီးမှ တရားမဝင်ထွက်ပြေးခြင်း၊ သက်ဆိုင်ရာလုပ်ငန်းခွင်ရောက်ရှိပြီး နောက်တွင်လည်း တရားဝင်ခွင့်ပြုချက်ဖြင့် အလုပ်ပြောင်းခြင်းမဟုတ်ဘဲ လုပ်ငန်းခွင်မှ ထွက်ပြေးခြင်း၊ အလုပ်အကိုင်စာချုပ်ပါ အချိန်ကာလပြည့်ဝပြီးနောက် ကိုရီးယားသမ္မတနိုင်ငံတွင် တရားမဝင်ဆက်လက်နေထိုင်လုပ်ကိုင်ခြင်းများ တစ်စတစ်စ တိုးပွားလာရာ နှစ်နိုင်ငံအလုပ်သမားပေးပို့ခြင်းဆိုင်ရာ သဘောတူညီချက် (MoU)ကို ထိခိုက်လာနိုင်ပြီး ယင်း(MoU)အား ရပ်ဆိုင်းခံရသည့် အခြေအနေမျိုးထိ ဖြစ်ပေါ်လာနိုင်ပါသည်။ ယင်းအခြေအနေမျိုးမှ ကာကွယ်တားဆီးနိုင်ရန် ကြိုတင်အာမခံကြေး ငွေအဖြစ် ၁၅၀၀၀၀၀ိ/-(ကျပ်တစ်ဆယ့်ငါးသိန်းတိတိ)ကို မြန်မာနိုင်ငံမှမထွက်ခွာမီ မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ငွေစာရင်းအမှတ် (MD-010840)သို့ ပေးသွင်း၍ ကျပ်သိန်း ၃၀တန် စာချုပ်ချုပ်ဆို ဆောင်ရွက်ရပါမည်။ အလုပ်အကိုင်စာချုပ်ကို သဘောတူလက်ခံပြီးနောက် အထက်ဖော်ပြပါအချက်များကို ဖောက်ဖျက်ခဲ့လျှင် ကြိုတင်အာမခံကြေးငွေဆုံးရှုံးခံရမည်ဖြစ်ပြီး ခံဝန်စာချုပ်အရ ကျန် ကျပ် ၁၅သိန်း အာမခံထားသူ(၂)ဦးမှ ပေးလျော်ရမည် ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ**
**အလုပ်သမားညွှန်ကြားရေးဦးစီးဌာန**
**အမှတ်(၈/၁)၊ နဂါးရုံဘုရားလမ်း၊ ၅ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ဖုန်း-၀၁-၆၆၇၇၅၄၊ ၀၁-၆၅၆၈၄၃**

## အသိပေးကြေညာခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင် မြန်မာ့ရေပိုင်နက်မျဉ်း၏ အပြင်ဘက်၊ သီးသန့်စီးပွားရေးဇုန်အတွင်း နိုင်ငံခြားငါးဖမ်းရေယာဉ်များအား ကျူနာငါးမျှားတန်းစနစ်ဖြင့် ငါးဖမ်းဆီးခြင်းကို မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီ၏ တာဝန်ယူမှုဖြင့် သတ်မှတ်ထားသော ကျူနာငါးမျှားတန်းစနစ်ဖြင့် ငါးဖမ်းဆီးခွင့်ပြုခြင်းဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ ခွင့်ပြုဆောင်ရွက်ပေးသွားပါမည်။

၂။ နိုင်ငံခြား ကျူနာငါးမျှားတန်း ငါးဖမ်းရေယာဉ်များဖြင့်လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လိုသော နိုင်ငံသားပိုင်ကုမ္ပဏီများအနေဖြင့် လုပ်ငန်းလုပ်ကိုင်ခွင့်အဆိုပြုလွှာများကို ၃၁-၇-၂၀၁၆ရက်နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ရုံးအမှတ်(၃၆)၊ ပဏ္ဍိတလမ်း၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၈၅၃၀၊ ၀၆၇-၄၀၈၄၇၇**

## ပညာရေးဝန်ကြီးဌာန
## စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
## ကွန်ပျူတာတက္ကသိုလ် (တောင်ငူ)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)တွင် အသုံးပြုရန် မြန်မာကျပ်ငွေဖြင့် အောက်ဖော်ပြပါပစ္စည်းများဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ (၃၃ မျိုး)

(ခ) Hardware Lab ပစ္စည်းများ (၁၇ မျိုး)

(ဂ) မီးစက်များနှင့် ရုံးသုံးစက်ပစ္စည်းများ (၁၄ မျိုး)

(ဃ) ပရိဘောဂများ

၂။ အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက် - ၁၈-၇-၂၀၁၆ရက်(ရုံးချိန်အတွင်း)
တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက် - ၁၀-၈-၂၀၁၆ရက်၊(ညနေ၄း၀၀နာရီ)
တင်ဒါရောင်းချ - ငွေစာရင်းဌာန၊
တင်သွင်းရမည့်နေရာ ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၉-၃၃၆၀၆၀၇၇တွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**
**ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)**

## စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)နှင့်စပ်လျဉ်း၍ လုပ်ငန်းများရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရန်စိတ်ဝင်စားသူများအား Expression of Interest (EOI) ဖိတ်ခေါ်ခြင်း

စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)နှင့်စပ်လျဉ်း၍ အောက်ပါအစီအစဉ်ကဏ္ဍ(၄)ရပ် အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်လိုသော ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများကို ဖိတ်ခေါ်သွားပါမည်-

(က) စက်ရုံ၏လက်ရှိကုန်ထုတ်လုပ်မှုစက်စွမ်းအား Capacity အား UP Grade မြှင့်တင်ခြင်း၊

(ခ) စက်ရုံ၏ထုတ်လုပ်မှုနှင့် စွမ်းအင်စီမံမှုအတွက် ကုန်ကြမ်းစိုက်ခင်းများ ထူထောင်ခြင်း၊

(ဂ) စက္ကူနှင့်ပျော့ဖတ်ထုတ်လုပ်မှုလုပ်ငန်းစဉ်နှင့် ဆက်စပ်သော တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများထုတ်လုပ်ခြင်း၊

(ဃ) စက်ရုံစုနယ်မြေတစ်ခုလုံးအတွက် လုံလောက်သော လျှပ်စစ်ဓာတ်အား၊ ရေ၊ ရေနွေးငွေ့ စသည်များကို ဖြန့်ဖြူးပေးမည့် Biomass Power Plant ထူထောင်ခြင်း၊

စိတ်ပါဝင်စားသည့် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်လိုသော ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများသည် ဆောင်ရွက်လိုသည့် အစီအစဉ်ကဏ္ဍများအား တင်ပြထားသော အဆိုပြုလွှာမူကြမ်းကို နည်းပညာဖွံ့ဖြိုးရေးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ လိပ်မူ၍ ၂၀၁၆ခုနှစ်၊ စက်တင်ဘာ ၁၅ရက် ညနေ ၄း၀၀နာရီ (မြန်မာစံတော်ချိန်)အရောက်ပေးပို့တင်ပြရမည်ဖြစ်ပါသည်။

စက်ရုံဆိုင်ရာအခြေခံ အချက်အလက်များအား အထက်ပါလိပ်စာတွင်ရယူနိုင်ပြီး ရင်းနှီးမြှုပ်နှံလိုသည့်အဖွဲ့အစည်းများသည် အဆိုပြုတင်ပြလွှာမူကြမ်းများကို မိမိတို့၏ ကုမ္ပဏီဆိုင်ရာ အထောက်အထားများ ယူဆောင်ပြသလျက် ၁၅-၇-၂၀၁၆ရက်မှစ၍ လာရောက်ပေးပို့နိုင်ပါသည်။

ကုမ္ပဏီဆိုင်ရာအထောက်အထား

- သက်တမ်းရှိကုမ္ပဏီမှတ်ပုံတင်
- ကုမ္ပဏီသင်းဖွဲ့စည်းမျဉ်း/စည်းကမ်း
- နည်းပညာပူးပေါင်းဆောင်ရွက်မည့် နိုင်ငံခြားကုမ္ပဏီ(ပြည်တွင်းကုမ္ပဏီဖြစ်ခဲ့လျှင်)

အသေးစိတ်သိရှိလိုပါက ဆက်သွယ်ရန် ဖုန်း-၉၅၆၇၄၀၈၃၃၅၊ ၄၀၈၁၂၉

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတွင် အသုံးပြုရန်လိုအပ်သော (က) Anfloxacin Injection (100 ml) -(၁၂၆၉)လုံး၊ (ခ)Penstrep Injection (100 ml) -(၁၂၆၉)လုံး၊ (ဂ) Oxytetracycline 10% Injection (100 ml) -(၁၂၆၉)လုံး၊ (ဃ) Vitamin Injection (100 ml) - (၁၂၆၉)လုံး၊ (င) Amino acid Injection (100 ml) -(၁၂၆၉)လုံး၊ (စ) Iodine spray (500 ml) - (၁၂၆၉)လုံး၊ (ဆ) Analgesin Injection (100 ml) -(၁၂၆၉)လုံး၊ (ဇ) Dexamethasone Injection(100 ml) -(၁၂၆၉)လုံး၊ (ဈ) Levamisole Injection (100 ml) -(၁၂၆၉)လုံး၊ (ည)ကျွဲ၊ နွားလျှာပွတ်ဆေး (၁၀ထုပ်/၁ပါကင်)-(၁၂၆၉)ပါကင်၊ (ဋ) နွားစာ (အစာနှစ်စာ)- (၂၀၅)တန် စုစုပေါင်း ပစ္စည်းအမယ်(၁၁)မျိုးကို ဝယ်ယူလိုပါ၍ မြန်မာကျပ်ငွေဖြင့် ဈေးနှုန်း အဆိုပြုလွှာ တင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

၂။ ဈေးနှုန်းအဆိုပြုလွှာများကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဌာနခွဲ၊ ရုံးအမှတ်(၃၆)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၂၂-၇-၂၀၁၆ရက်တွင် တင်ဒါပုံစံများကို ပိတ်သိမ်းမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၀၂၀၊ ၀၆၇-၄၀၈၁၇၅တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

## စက်မှုဝန်ကြီးဌာန
## စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
## တည်ဆောက်ရေးလုပ်ငန်းများအတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေး၄ရေးဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ တိုင်းဒေသကြီး/ပြည်နယ်/ပြည်ထောင်စုနယ်မြေ နေပြည်တော်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံးများတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်ရှိပါသဖြင့် တိုင်းရင်းသားလုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန်ဖိတ်ခေါ်အပ်ပါသည်။

| Item | လုပ်ငန်းတည်နေရာ | လုပ်ငန်းအမည် |
|---|---|---|
| Lot.1 | ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံး၊ ဟားခါးမြို့၊ ချင်းပြည်နယ် | ဝန်ထမ်းအိမ်ရာ(လေး)ခန်းတွဲ RC (၁)ထပ်၊ (၈၀'×၃၀'×၁၂') |
| Lot.2 | ပဲခူးခရိုင်၊စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံး၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး | ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း RC(၃)ထပ် (၁)လုံး (၉၆'×၃၆'×၃၂') |
| Lot.3 | ပြည်နယ်၊စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံး၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ် | ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း (၄)ခန်းတွဲ RC (၁)ထပ် (၁)လုံး (၁၂၀'×၃၀'×၁၂') |
| Lot.4 | လွိုင်လင်ခရိုင်၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေး၊ ဦးစီးဌာနရုံး၊ လွိုင်လင်မြို့၊ ရှမ်းပြည်နယ် | အမှုထမ်းနေအိမ်ဆောက်လုပ်ခြင်း (၁၂၀'×၃၀'×၂၂') RC ခြောက်ခန်းတွဲ (၂)ထပ် (၁)လုံး |
| Lot.5 | တိုင်းဒေသကြီး၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံး၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး | အမှုထမ်းအိမ်ရာဆောက်လုပ်ခြင်း (၁၄၄'×၃၅'×၁၀')RC ခြောက်ခန်းတွဲ (၂)လုံး |

(က) **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၁၅-၇-၂၀၁၆ ရက် နံနက် ၀၉း၀၀မှ ၁၆း၃၀နာရီအထိ

(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၉-၇-၂၀၁၆ ရက် နံနက် ၀၉း၀၀ မှ ၁၆း၃၀နာရီထိ

(ဂ) **တင်ဒါပေးသွင်းရမည့်နေရာ** - ရုံးအမှတ်(၃၀)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်

၂။ လုပ်ငန်းမြန်ဆန်ပြီးမြောက်ရေးအတွက် ငွေကြေးတန်ဖိုးချင်းတူပါက သက်ဆိုင်ရာပြည်နယ်ဒေသခံကုမ္ပဏီများကို ဦးစားပေးယှဉ်ပြိုင်စေမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

၃။ စည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို ဖော်ပြပါလိပ်စာ၌ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုသိလိုပါက စုံစမ်းနိုင်ပါသည်။

**စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန**
**ရုံးအမှတ်(၄၁)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၈၂၉၁၊ ၀၆၇-၄၀၈၄၄၅**

## အမည်ပြောင်း

အောင်လံမြို့၊ အထက(၁)၊ နဝမတန်း(A)မှ မခန့်ဖြိုးလတ်အား မဆုမြတ်အိမ်စည်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**ဦးမာန်စွမ်းမုန်-ဒေါ်ခင်ထားနွယ်**

## ဖခင်အမည်မှန်

အောင်လံမြို့နယ်၊ မောက်တင်ကျေးရွာ အထက(ခွဲ)၊ အဌမတန်းမှ မောင်အောင်ပြည့်ဦး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဗိုလ်ငွေးဖြစ်ပါသည်။

**ဦးဗိုလ်ငွေး**

## အမည်ပြောင်း

မန်စီမြို့နယ်၊ ခမရ (၃၁၉)နေ ဦးသန်းအောင် ၁/မစန(နိုင်)၀၁၅၆၉၈၏သမီး မမီမီအောင်အား ယနေ့မှစ၍ မအေးမီမီအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မအေးမီမီအောင်**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးခင်မောင်စန်း ပိုင်ဆိုင်သော သံ-၀၄၂ CB တွဲ လုပ်ငန်းလိုင်စင်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဖုန်း-၀၉-၄၉၃၂၀၂၉၃ သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

## နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲတော်ဆိုင်ခန်းများ မဲနှိုက်မည်

ပြန်ကြားရေးဝန်ကြီးဌာနက ဦးဆောင်ကျင်းပသော နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲကို ဇူလိုင် ၂၉ ရက်မှ ၃၁ ရက်အထိ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန(PPD)ဗဟိုပုံနှိပ်စက်ရုံဝင်းတွင် သုံးရက်တိုင် ကျင်းပမည်ဖြစ်ပါသည်။ စာအုပ်ဆိုင် ဖွင့်လှစ်ရောင်းချရန် စာရင်းပေးသွင်းထားသူများအနေဖြင့် ၁၅-၇-၂၀၁၆ရက် (သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ဗဟိုပုံနှိပ်စက်ရုံဝင်း၌ ဆိုင်ခန်းနေရာများ မဲနှိုက်ရွေးချယ်ပေးမည်ဖြစ်ပါသဖြင့် ဆိုင်ခန်းခတစ်ခန်းလျှင်(၃၀၀၀၀/-)ကျပ် တစ်ပါတည်းယူဆောင်လာပါရန် အကြောင်းကြားအပ်ပါသည်။

**မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်း**
**ဖုန်း-၀၉-၃၀၀၀၂၃၁၁**

## ဈေးပြိုင်လေလံလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)၏ သတင်းစာပုံနှိပ်လုပ်ငန်းမှ ဘေးထွက်ပစ္စည်း (၄)မျိုးအား ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချသွားမည် ဖြစ်ပါသည်။
၂။ ဈေးပြိုင်လေလံ လျှောက်လွှာပုံစံနှင့် လေလံစည်းကမ်းများကို ၁၈-၇-၂၀၁၆ ရက်မှ ၂၁-၇-၂၀၁၆ ရက်အထိ နေ့စဉ် ၀၉:၃၀နာရီမှ ၁၆:၀၀နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။
၃။ ဈေးပြိုင်လေလံ လျှောက်လွှာပုံစံများကို ၂၂-၇-၂၀၁၆ရက် ၁၂:၀၀နာရီ မတိုင်မီ ကိုယ်ပွားသတင်းစာတိုက်၊ မန္တလေးရှိ လေလံအဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက်ပေးပို့ရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ထက်ကျော်လွန်သော ဈေးပြိုင်လေလံလျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၄။ ၂၂-၇-၂၀၁၆ရက် ၁၄:၀၀နာရီတွင် ဈေးပြိုင်လေလံဖွင့်လှစ်မည်ဖြစ်ပါသည်။
၅။ အဆိုပါဘေးထွက်ပစ္စည်း အမျိုးအမည်၊ အရေအတွက်ပစ္စည်း မျက်မြင်အခြေအနေ ကြည့်ရှုလိုသူများနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)သို့ သွားရောက်ကြည့်ရှုနိုင်ပြီး ဖုန်း-၀၂-၃၂၇၂၉၊ ၀၂-၇၃၂၁၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးပြိုင်လေလံခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**
**ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)**
**ပုလဲငွေရောင်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန၊ မြို့တော်ဂေါက်ကွင်းတွင် အသုံးပြုမည့် Green သဲဖြန့်စက် (Top-Dresser)(၁)စီး ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ **တင်ဒါပုံစံစတင်ထုတ်ယူရမည့်ရက်** - ၁၈-၇-၂၀၁၆ ရက်
၃။ **တင်ဒါပုံစံတင်သွင်းရမည့်နောက်ဆုံးရက်** - ၃၀-၇-၂၀၁၆ ရက်
၄။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်းထုတ်ယူနိုင်ပါသည်။

**ပန်းဥယျာဉ်အားကစားကွင်းများဌာန ဖုန်း-၀၆၇-၄၃၂၄၉၁**
**မြို့တော်ဂေါက်ကွင်း ဖုန်း-၀၆၇-၄၁၀၀၀၀၊ ၀၆၇-၄၁၀၂၂၁**

## အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်ကြော်ငြာခြင်း

၁။ ချင်းပြည်နယ်၊ ဟားခါးခရိုင်၊ လမ်းဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု/ပြည်နယ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် Guard Rail တည်ဆောက်ခြင်းနှင့် စက်/ယန္တရားကိုဒေါင်အပေါ်ထည် Steel Structure (အမိုးပါ)လုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါကို အောက်ပါအတိုင်း ဖွင့်မည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၀-၇-၂၀၁၆ ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၈-၇-၂၀၁၆ရက် ညနေ ၄:၃၀နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၉-၇-၂၀၁၆ရက် နံနက် ၁၀:၀၀နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို လမ်းဦးစီးဌာန၊ ဟားခါးခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ ဖုန်း-၀၇၀-၂၁၁၄၃**

## တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ အမှတ်(၂၁)အကြီးစားစက်ရုံ (သထုံ)၊ ရော်ဘာပစ္စည်းစက်ရုံခွဲ (သဃ်န်းကျွန်း) တွင် အောက်ပါကုန်ကြမ်းပစ္စည်း ၂ မျိုးကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ကုန်ကြမ်းအမျိုးအစား | အရေအတွက် (ပေါင်) |
|---|---|---|
| (က) | နိုင်ငံခြားကော်စေ့ | ၁၉၂,၅၀၀ |
| (ခ) | နိုင်ငံခြားဆိုးဆေးဆီ | ၅,၅၀၀ |

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၅-၇-၂၀၁၆ ရက်မှ ၂၅-၇-၂၀၁၆ ရက်အတွင်း အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူ တင်သွင်းနိုင်ပါသည်-

**စီမံရေးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ်(၄၁)၊ စက်မှုဝန်ကြီးဌာန**
**ဖုန်း-၀၆၇-၄၀၈၂၉၈၊ ၀၆၇-၄၀၈၄၀၇**

## လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါ ပစ္စည်းများအား DDP (At Site) အရောက် မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

| | | |
|---|---|---|
| Tender No. 06/EPGE/16-17 | (1) 10" Gas Pipe- | 132 Nos |
| | (2) 10", 90˚Bend- | 2 Nos |
| | (3) 10", 45˚Bend- | 2 Nos |
| | (4) 6"x4" Reducer- | 3 Nos |

၂။ Tender No-06 ၏ တင်ဒါပိတ်ရက်မှာ ၁၁-၈-၂၀၁၆ရက်ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း**
**ရုံးအမှတ်(၂၇)၊ နေပြည်တော် ဖုန်း-၀၆၇-၈၁၀၄၂၇၈ နှင့် ၈၁၀၄၂၇၉**

## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားတည်ဆောက်ရေးအဖွဲ့(၂)၊ တံတားအထူးအဖွဲ့(၆) နေပြည်တော်မှ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အပ်ငွေဖြင့် ဆောင်ရွက်နေသော နေပြည်တော် ပျဉ်းမနားမြို့လယ် ရန်ကုန်-မန္တလေးလမ်းပေါ်ရှိ ငလိုက်ချောင်းတံတား (ပျဉ်းမနား)(၄လမ်းသွား)တည်ဆောက်ခြင်းလုပ်ငန်းအတွက် လုပ်ငန်းသုံးတည်ဆောက်ရေးပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူ/သယ်ယူခြင်းအတွက် တင်ဒါပေးသွင်းလိုသူများနှင့် Bored Pileတူးဖော်ခြင်းလုပ်ငန်းကို စက်/ယာဉ်များဖြင့် လုပ်ငန်းဆောင်ရွက်နိုင်မည့်ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါစနစ်(မြန်မာကျပ်ငွေ)ဖြင့်ငှားရမ်းပြီး လုပ်ငန်းဆောင်ရွက်လိုပါ၍ တင်ဒါပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၁။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၃-၇-၂၀၁၆ရက်
၂။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၆-၇-၂၀၁၆ရက် ၁၆:၀၀နာရီ
၃။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၇-၇-၂၀၁၆ရက် ၁၀နာရီ
၄။ **တင်ဒါ/တင်သွင်းစိစစ်ရွေးချယ်မည့်နေရာ** - ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာနပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ပျဉ်းမနားမြို့

တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို တံတားအထူးအဖွဲ့(၆)နေပြည်တော်၊ ဒုတိယညွှန်ကြားရေးမှူးရုံးတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၅၅၀၁၀၃**

## လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ ပင်မဓာတ်အားခွဲရုံများအတွက် လိုအပ်သော Ciamp and Fitting များကို D.D.P(Ygn) နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုပါသည်။
၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၄-၇-၂၀၁၆ ရက်
**တင်ဒါပိတ်မည့်ရက်** - ၁၅-၈-၂၀၁၆ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄:၀၀ နာရီ

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၀၆၇-၄၁၀၂၈၂**

## စက်မှုဝန်ကြီးဌာန
## စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊စက်နှင့်စက်ပစ္စည်းများအတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ တိုင်းဒေသကြီး/ပြည်နယ်/ပြည်ထောင်စုနယ်မြေ နေပြည်တော် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံးများတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါ ရုံးသုံးစက်ပစ္စည်းကိရိယာတန်ဆာပလာများနှင့် ရုံးသုံးပစ္စည်းများအား (ကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) အိတ်ဖွင့်တင်ဒါအမှတ်စဉ်၊ 02-DISI (ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ)
(ခ) အိတ်ဖွင့်တင်ဒါအမှတ်စဉ်၊ 03-DISI (ရုံးသုံးပရိဘောဂများ)
(ဂ) အိတ်ဖွင့်တင်ဒါအမှတ်စဉ်၊ 04-DISI (Network Infrastructure Installation)
(ဃ) အိတ်ဖွင့်တင်ဒါအမှတ်စဉ်၊ 05-DISI (Online Registration System Software for SMEs)
(င) အိတ်ဖွင့်တင်ဒါအမှတ်စဉ်၊ 06-DISI (Database System Software for SMEs)
(စ) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၅-၇-၂၀၁၆ ရက် နံနက် ၀၉:၀၀နာရီမှ ၁၆:၃၀နာရီထိ
(ဆ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၅-၈-၂၀၁၆ ရက် နံနက် ၀၉:၀၀နာရီမှ ၁၆:၃၀နာရီထိ
(ဇ) **တင်ဒါပေးသွင်းရမည့်နေရာ** - ရုံးအမှတ်(၃၀)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်

၂။ စည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ရုံးအမှတ်(၄၁)၊ နေပြည်တော်၌ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ ဖုန်း-၀၆၇-၄၀၈၂၉၁၊ ၀၆၇-၄၀၈၄၄၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ဖမ်းဆီးရမိသော သစ်/ခွဲသား/မီးသွေးများ ရောင်းချရန်လေလံကြော်ငြာ

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ထီးချိုင့်၊ ဝန်းသို၊ အင်းတော်မြို့နယ်ရှိ ဖမ်းဆီးရမိသော အောက်ဖော်ပြပါ သစ်/ခွဲသား/မီးသွေးများကို **"တိုင်းကျော်သယ်ယူခွင့်မပြုဘဲ"** ကသာမြို့၊ သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၌ ၂၅-၇-၂၀၁၆ ရက် နံနက် ၁၀:၀၀ နာရီတွင် လက်ရှိ မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

| စဉ် | သစ်မျိုး | ထီးချိုင့်(တန်) | ဝန်းသို(တန်) | အင်းတော် |
|---|---|---|---|---|
| ၁ | ကျွန်းသစ် | ၂၅၇.၃၁၁ | | |
| ၂ | ကျွန်းဘီတင်ချောင်း | ၁၂.၀၁၂၀ | | |
| ၃ | အုပ်စု(၁)သစ် | | ၆၃.၆၉၂ | |
| ၄ | အုပ်စု(၁)ခွဲသား | | ၂.၂၃၆၆ | |
| ၅ | မီးသွေး | | | ၁၁၆.၁၆ |

၂။ လေလံတင်လျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ကသာမြို့၊ သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ၁၈-၇-၂၀၁၆ ရက်မှ ၂၂-၇-၂၀၁၆ ရက်အတွင်း ဝယ်ယူနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ကသာခရိုင် သစ်တောဦးစီးဌာန၊ ဖုန်း-၀၇၅-၂၅၀၈၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဥက္ကဋ္ဌ**
**လေလံတင်ရောင်းချရေးကော်မတီ**

## ပညာရေးဝန်ကြီးဌာန
## စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
## နည်းပညာတက္ကသိုလ်(တောင်ကြီး/ပင်လုံ/ကျိုင်းတုံ)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာတက္ကသိုလ် (တောင်ကြီး/ပင်လုံ/ကျိုင်းတုံ)တို့တွင် အသုံးပြုရန်အတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့်-

**EP, EC သင်ထောက်ကူပစ္စည်းများ** ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **အိတ်ဖွင့်တင်ဒါရောင်းချမည့်ရက်** - ၁၈-၇-၂၀၁၆ ရက်
**တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၁၇-၈-၂၀၁၆ ရက် ညနေ ၄:၀၀ နာရီ
**တင်ဒါရောင်းချတင်သွင်းရမည့်နေရာ** - နည်းပညာတက္ကသိုလ် (တောင်ကြီး/ပင်လုံ/ကျိုင်းတုံ)

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက နည်းပညာတက္ကသိုလ် (တောင်ကြီး) ဖုန်း-၀၉-၄၂၈၃၃၅၄၁၈၊ နည်းပညာတက္ကသိုလ်(ပင်လုံ) ဖုန်း-၀၉-၄၀၃၇၃၄၇၅၄၊ နည်းပညာတက္ကသိုလ်(ကျိုင်းတုံ) ဖုန်း-၀၉-၂၆၅၅၁၄၆၃၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**နည်းပညာတက္ကသိုလ်(တောင်ကြီး/ပင်လုံ/ကျိုင်းတုံ)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန- ပြည်နယ်ဦးစီးမှူးရုံး
## ရှမ်းပြည်နယ်-တောင်ကြီးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနရှိ အောက်ဖော်ပြပါ မြို့နယ်များတွင် ပြည်နယ်ရန်ပုံငွေဖြင့် တည်ဆောက်ရေးလုပ်ငန်းများ၊ ဝယ်ယူရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | လုပ်ငန်းအမျိုးအစား | အတိုင်းအတာ | လုပ်ငန်းတည်နေရာ |
|---|---|---|---|
| ၁ | ခရိုင်ဦးစီးမှူးရုံး | ၄၅'×၃၅'×၁၂' | ဟိုပန်မြို့ |
| ၂ | ခရိုင်ဦးစီးမှူးရုံး | ၄၀'×၃၀'×၁၂' | မိုးမိတ်မြို့ |
| ၃ | ခရိုင်ဦးစီးမှူးရုံး | ၄၀'×၃၀'×၁၂' | ကျောက်မဲမြို့ |
| ၄ | ခရိုင်ဦးစီးမှူးရုံး(နံကပ်) | ၄၀'×၃၀'×၁၂' | မိုင်းဆတ် |
| ၅ | ပြည်နယ်ဦးစီးမှူးရုံး RC(၃)ထပ် | ၁၁၀'×၄၀'×၁၂' | တောင်ကြီး(ပြည်နယ်) |
| ၆ | ဘိန်းအစားထိုးသိုလှောင်ရုံ RC (၂)ထပ် | ၈၀'×၂၅'×၁၂' | လောက်ကိုင်ခရိုင် |
| ၇ | ဧည့်ရိပ်သာ | ၄၀'×၂၇'×၁၀' | တောင်ကြီး(ပြည်နယ်) |
| ၈ | မျိုးစေ့သန့်စင်စက် | ၂ လုံး | ရှမ်းပြည်နယ်မြောက်ပိုင်း၊ အရှေ့ပိုင်း |
| ၉ | ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ | | တောင်ကြီး(ပြည်နယ်) |
| ၁၀ | ပရိဘောဂပစ္စည်းများ | | တောင်ကြီး(ပြည်နယ်) |
| ၁၁ | အုတ်တံတိုင်းကာရံခြင်း | | တောင်ကြီး၊ ကျောက်မဲ |
| ၁၂ | စက်ရေတွင်းနှင့်ရေကန်တည်ဆောက်ခြင်း | | တောင်ကြီး |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ကြော်ငြာပါရှိသည့်ရက်မှစ၍ ရောင်းချပြီး ၃၁-၇-၂၀၁၆ ရက်တွင် နောက်ဆုံးထားတင်သွင်းရန် ဖြစ်ပါသည်။
၃။ တင်ဒါတင်သွင်းလိုသူများသည် သက်ဆိုင်ရာလုပ်ငန်းများ သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရမည်။
၄။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ အောက်ပါအတိုင်းဖြစ်ပါသည်။
ပြည်နယ်ဦးစီးမှူးရုံး၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့
အသေးစိတ်သိရှိလိုပါက ဖုန်း-၀၈၁-၂၁၂၅၅၀၁၊ ၂၁၂၅၅၀၂၊ ၂၁၂၅၅၀၃၊ ၂၁၂၅၅၀၄ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန-ပြည်နယ်ဦးစီးမှူးရုံး
## ရှမ်းပြည်နယ်-တောင်ကြီးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနရှိ အောက်ဖော်ပြပါ မြို့နယ်များတွင် ပြည်ထောင်စုရန်ပုံငွေဖြင့် တည်ဆောက်ရေးလုပ်ငန်းများ၊ ဝယ်ယူရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | လုပ်ငန်းအမျိုးအစား | အတိုင်းအတာ | လုပ်ငန်းတည်နေရာ |
|---|---|---|---|
| ၁ | ဝန်ထမ်းအိမ်ရာ(၂)ခန်းတွဲ၊ သွပ်၊ အုတ်၊ ကွန်ကရစ် | ၄၀'×၂၇'×၁၀' | နောင်လင်းပိုးစာခြံ |
| ၂ | ဝန်ထမ်းအိမ်ရာ(၂)ခန်းတွဲ သွပ်၊ အုတ်၊ ကွန်ကရစ် | ၄၀'×၂၇'×၁၀' | ဆင်တဲခြံ |
| ၃ | ပိုးမွေးရုံတည်ဆောက်ခြင်း (၁)လုံး | ၄၀'×၂၀'×၁၂' | နောင်လင်းပိုးစာခြံ |
| ၄ | ပိုးမွေးရုံတည်ဆောက်ခြင်း (၂)လုံး | ၄၀'×၂၀'×၁၂' | ကွမ်းလုံပိုးဇာခြံ |
| ၅ | ပြောင်းချွေစက် (၁)လုံး | | ကျောက်နီစိုက်ကွင်း |
| ၆ | ပြောင်းအစေ့ချစက် (၁)လုံး | | နမ့်စန်စိုက်ကွင်း |
| ၇ | ထော်လာဂျီအင်ဂျင်ပါ (၁)လုံး | | ဘန်ဘွေးခြံ |
| ၈ | အခြောက်ခံတလင်း | ၁၂၀'×၁၂၀' | ချောင်းကွေ့၊ ကော်ဖီခြံ |
| ၉ | လျှပ်စစ်မီးရရှိရေး 11KV(33') 11x04KV 100KVA (Transformer) (400V) ၃၀၀၀' တည်ဆောက်ခြင်း | | ကျောက်နီစိုက်ကွင်း |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ကြော်ငြာပါရှိသည့်ရက်မှစ၍ ရောင်းချပြီး ၃၁-၇-၂၀၁၆ ရက်တွင် နောက်ဆုံးထားတင်သွင်းရန်ဖြစ်ပါသည်။
၃။ တင်ဒါတင်သွင်းလိုသူများသည် သက်ဆိုင်ရာလုပ်ငန်းများ သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရမည်။
၄။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ အောက်ပါအတိုင်းဖြစ်ပါသည်။
ပြည်နယ်ဦးစီးမှူးရုံး၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊
အသေးစိတ်သိရှိလိုပါက ဖုန်း-၀၈၁-၂၁၂၅၅၀၁၊ ၂၁၂၅၅၀၂၊ ၂၁၂၅၅၀၃၊ ၂၁၂၅၅၀၄ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ၊ စိုက်ပျိုးရေးဦးစီးဌာန**
**ရှမ်းပြည်နယ်၊ တောင်ကြီးမြို့**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၈ဟ/၄၆၄၃ Dayang-200 သုံးဘီးယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဆန်း ၈/ရနခ(နိုင်)၀၉၆၁၁၃ က (ကမ-၃)ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်တွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းရုံး(မကွေး)**

# " ကြံ့နှစ်ကောင်ဘိလပ်မြေ " ခဲခြစ်ကံစမ်းမဲ(၂၆.၆.၂၀၁၆ မှ ၉.၇.၂၀၁၆ အထိ) ကံထူးရှင်များ


City Light (ဘုရင့်နောင်)
42.5ဘိလပ်မြေ(၁၂)ဘီးကားတစ်စီး


စိန်ဟင်း(ပဲခူး)
42.5ဘိလပ်မြေ(၁၂)ဘီးကားတစ်စီး


မိဘမေတ္တာ (မြင်းခြံ)
ရွှေဒင်္ဂါးတစ်ကျပ်သားဆု


ရွှေမိသားစု(မော်ဘီ)
ရွှေဒင်္ဂါးငါးမူးသားဆု


ကိုရဲဝင်းနောင် (ကျောက်ဆည်)
ရွှေဒင်္ဂါးငါးမူးသားဆု


မဝါဝါသင်း(နေပြည်တော်)
ရွှေဒင်္ဂါးငါးမူးသားဆု


လထက်အေး(သာယာဝတီ)
ရွှေဒင်္ဂါးငါးမူးသားဆု



ကိုရွှေလင်း(အုတ်ဖို)
ရွှေဒင်္ဂါးငါးမူးသားဆု


သိန်းကျော်သူ(ဒဂုံဆိပ်ကမ်း)
ရွှေဒင်္ဂါးငါးမူးသားဆု


လေးသုံးလုံး(တောင်ဥက္ကလာပ)
ကျပ်ငါးသိန်းဆု


ရတနာဟိန်း(မုံရွာ)
ကျပ်ငါးသိန်းဆု


Royal Nay Nan Taw Co.,Ltd(ပုန်းတော်)
ကျပ်တစ်သိန်းဆု


ရန်ကြီးအောင် (မော်ဘီ)
ကျပ်တစ်သိန်းဆု


စိန်နန်းတော်(စော်ဘွားကြီးကုန်း)
ကျပ်တစ်သိန်းဆု


ဦးမြင့်အောင် (ပုပ္ပါး)
ကျပ်ငါးသောင်းဆု

" ကြံ့နှစ်ကောင်ဘိလပ်မြေ " ကို ဝယ်ယူအားပေးမှုအတွက် အထူးကျေးဇူးတင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း .....

---

**အောင်သရဖူ**
အိမ်ပြောင်း၊ အိမ်ရွှေ့
ဝန်ဆောင်မှုလုပ်ငန်း
လူကြီးမင်းတို့၏ အိမ်ခန်း၊ ရုံးခန်းများ ပြောင်းရွှေ့ခြင်း
အတွက် အလုပ်သမား နှင့် ကား စီစဉ်ပေးသည်။
အမှတ်-၁၈၃၊ မြေယာမဲ့အိမ်ရာ၊ လေးထောင့်ကန်လမ်း၊
Ph: 09254009334,
09254009335,
09254009336

---

**လုံခြုံရေးကုမ္ပဏီတွင်တာဝန်ထမ်းဆောင်ရန်ဝန်ထမ်းအမြန်အလိုရှိသည်**
လုံခြုံရေးဝန်ထမ်း (ကျား) (၁၅၀,၀၀၀) ကျပ် + (၃၀,၀၀၀) ကျပ်
ကြီးကြပ်ရေးမှူး (ကျား) (၂၀၀,၀၀၀) ကျပ် + (၃၀,၀၀၀) ကျပ်
ရုံးဝန်ထမ်း (မ - ကွန်ပျူတာကျွမ်းကျင်) (၂၀၀,၀၀၀) ကျပ် + (၃၀,၀၀၀) ကျပ်
*အသက် ၂၀ နှစ် နှင့် ၄၅ နှစ်ကြား ၊ အင်္ဂလိပ်စကားပြောဆိုနိုင်ရမည်
Phaung Phaung Services , Ph : 09 - 7320 7848, 09 - 508 797 1,
09 - 45 508 7971 , Email : phaungphaung.vacancy@gmail.com

---

**ဒေါ်မြင့်မြင့်သွယ် ၏ (ဆေးကမ္ဘာ)**
ဗိုက်ချပ်စေလျှင် သတိရပါ။
အဆီကျဆေးပြား၊ အဆီကျဆေးမှုန့်
ဗိုက်ချပ်လိမ်းဆေး၊ နှလုံးသွေးဆေး
ဒေါ်မြင့်မြင့်သွယ် (ဆေးကမ္ဘာ) ဆေးတိုက် (၂၇၉)၊ အလယ်ရွှေဂုံတိုင်လမ်း၊
ဘာဒံပင်မှတ်တိုင်အနီး၊ ဗဟန်းမြို့နယ်။ ဖုန်း-၀၉ ၄၄၈၀၂၆၂၅၄၊ ၀၉-၃၁၂၄၈၆၆၉


---

native speaker အသံသွင်း CD ခွေပါ စာအုပ်များ
**နေ့စဉ်ပြောကြား အင်္ဂလိပ်စကား**
**Open Your Mouth to Speak**
**လျှပ်တစ်ပြက် အင်္ဂလိပ်စကားပြော**
**Speak Up, Speak Out**
ဆရာချမ်းဇော်ထက်
ချမ်းဇော်ထက်စာပေ ၀၉ ၇၃၁၀၉၄၄၆ ၈ တစ်ပြည်လုံး ဖြန့်ချိပါသည်

---

**EVER ENGLISH** July-August
မြန်မာ့ပထမဆုံး DVD ခွေပါ 5 Skills မဂ္ဂဇင်း
အသံဖိုင်နှင့် ရုပ်သံဖိုင် (၅၀)ကျော် ပါရှိသည်
**ကောင်းလိုက်တဲ့ အတွေး လှလိုက်တဲ့ အရေး**
**Essays for High-Flyers** ဆရာချမ်းဇော်ထက်
native speaker အသံသွင်း CD ပါ အင်္ဂလိပ်စာအုပ်များ
ချမ်းဇော်ထက်စာပေ ၀၉ ၇၃၁၀၉၄၄၆ ၈ တစ်ပြည်လုံး ဖြန့်ချိပါသည်

---



# ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးရေး လက်တွေ့လုပ်ဆောင်ချက်ဖြင့် သက်သေပြရန်လို

**နေပြည်တော် ဇူလိုင် ၁၄**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက နိုင်ငံတော် သမ္မတအိမ်တော်ရှိ အစည်းအဝေးခန်းမ၌ကျင်းပရာ **(ယာပုံ)** ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် လက်တွေ့ လုပ်ဆောင်ချက်များဖြင့် သက်သေပြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တာဝန်ရှိ၍ လုပ်ဆောင်နေရခြင်း ဖြစ်ကြောင်း၊ နိုင်ငံသားစိစစ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပါဝင်သူများ၏ ယုံကြည်မှု၊ ဒေသခံပြည်သူများ၏ ယုံကြည်မှု၊ နိုင်ငံသူ နိုင်ငံသားများ၏ ယုံကြည်မှုနှင့်

*စာမျက်နှာ ၅ ကော်လံ ၁* ✻



# ဒေသခံများ စိုးရိမ်ပူပန်မှုဖြစ်နေရသည့် မြေပြိုဆည် ကျိုးပေါက်သွားခဲ့ကြောင်း ဆည်မြောင်းဦးစီးဌာနက အတည်ပြုပြောကြား



သဘာဝအတိုင်းဖြစ်ပေါ်နေသည့် မြေပြိုဆည်

**သတင်း - မင်းသစ် (သတင်းစဉ်)**
**ဓာတ်ပုံ - ဆည်မြောင်း**

**ကလေး ဇူလိုင် ၁၄**

ကလေးမြို့နှင့်အနီးဝန်းကျင် ကျေးရွာများမှ ဒေသခံများ စိုးရိမ်ပူပန်မှုဖြစ်နေရသည့် ချင်းပြည်နယ် တွန်းဇံမြို့နယ်အတွင်း သဘာဝအတိုင်း ဖြစ်ပေါ်နေသည့် မြေပြိုဆည်သည် ဇူလိုင် ၃ ရက်က ကျိုးပေါက်သွားခဲ့ကြောင်း ဆည်မြောင်းဦးစီးဌာနက ယနေ့ ညနေပိုင်းတွင် မြန်မာ့သတင်းစဉ်သို့ အတည်ပြုပြောကြားသည်။

“မြေပြိုဆည် ကျိုးပေါက်သွားတဲ့အတွက် အန္တရာယ်မရှိတော့ဘူး။ ဇူလိုင် ၃ ရက် ကတည်းက ပေါက်သွားတာ။ ဒီနေ့မှ သိရတာ။ တပ်မတော်သားတွေရယ်၊ ရဲတပ်ဖွဲ့ဝင်တွေရယ်၊ မီးသတ်တပ်ဖွဲ့ဝင်တွေရယ်၊ ဆည်မြောင်းက ဝန်ထမ်းတွေရယ် ဒီနေ့သွားကြည့်တာ။

*စာမျက်နှာ ၉ ကော်လံ ၅* ❐

# MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၈) ယနေ့ကျင်းပမည်

**ညီမြတ်သော်တာ**

**ရန်ကုန် ဇူလိုင် ၁၄**

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၈)ကို ဇူလိုင် ၁၅ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပွဲစဉ် (၁၇)တွင် ချန်ပီယံဖြစ်ခွင့် ဆုံးရှုံးခဲ့သည့် ရတနာပုံအသင်း အိမ်ကွင်း၌ ချန်ပီယံအဖြစ် အောင်ပွဲခံနိုင်ခြင်း ရှိ၊ မရှိ စောင့်ကြည့်ရမည်ဖြစ်သည်။

ပွဲစဉ် (၁၈) အဖြစ် ဇူလိုင် ၁၅ ရက်တွင် သုဝဏ္ဏကွင်း၌ ချင်းယူနိုက်တက်နှင့် ရှမ်းယူနိုက်တက်၊ ဇူလိုင် ၁၆ ရက်တွင် မကွေးနှင့် ဇေယျာရွှေမြေ၊ အောင်ဆန်းကွင်း၌ Horizon နှင့် ရောဝတီ၊ ဇူလိုင် ၁၇ ရက်တွင် ဗထူးကွင်း၌ ရတနာပုံအသင်းနှင့် ဇွဲကပင်၊ အောင်ဆန်းကွင်း၌ ရခိုင်နှင့် ရန်ကုန်၊ သုဝဏ္ဏကွင်း၌ ဟံသာဝတီနှင့် Southern အသင်းတို့ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ထိပ်ဆုံးမှ ဦးဆောင်နေသည့် ရတနာပုံအသင်းသည် ပွဲစဉ်(၁၇)ကတည်းက ချန်ပီယံဖြစ်နိုင်ခြေရှိခဲ့သော်လည်း ဇေယျာရွှေမြေကို အဝေးကွင်း၌ မထင်မှတ်ဘဲ ရှုံးနိမ့်ခဲ့သောကြောင့် စောစီးစွာ ချန်ပီယံဖြစ်ခွင့်ဆုံးရှုံးခဲ့ခြင်းဖြစ်သည်။ ရတနာပုံအသင်းသည် လက်ကျန်ပွဲစဉ်များတွင် သုံးမှတ်ရရုံဖြင့် ချန်ပီယံဆုရယူနိုင်မည်ဖြစ်ရာ ယခုတစ်ပတ် ယှဉ်ပြိုင်ရမည့် ဇွဲကပင်ပွဲတွင် နိုင်ပွဲရယူပြီး အိမ်ကွင်းပရိသတ်ရှေ့မှောက်၌ အောင်ပွဲခံနိုင်မလားဆိုသည်မှာ စိတ်ဝင်စားစရာ ကောင်းနေသည်။ ဒုတိယနေရာမှ မကွေးအသင်းသည် ဇေယျာရွှေမြေနှင့် ပွဲကျပ်ကစားရမည်ဖြစ်ရာ ယင်းပွဲရလဒ်မှာ ရတနာပုံအသင်း၏ ချန်ပီယံဖြစ်ခွင့်အပေါ် သက်ရောက်မှုရှိမည်ဖြစ်သည်။

## အာဇာနည်ခေါင်းဆောင်ကြီးဦးရာဇတ်၏သား ပြောပြသည့် အာဇာနည်နေ့နှင့် မိသားစုအကြောင်း

စာ - ၃

## ရန်ကုန်မြို့၌ အရှည်ဆုံး ဝိုင်ပုံသဏ္ဌာန် ခုံးကျော်တံတား လက်တက်ပွား ဇူလိုင် ၁၆ ရက်တွင် ယာဉ်များ စတင်ဖြတ်သန်းခွင့်ပြုမည်

စာ - ၇

